
www.burmeseclassic.com

# လရောင်ချို



အသက်လမ်း

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# လရောင်ချို

## အသက်ပေါမ်း

စာမူခွင့်ပြုချက်အမှတ် - ၃၃၇/၂၀၀၄ (၃)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၈၈/၂၀၀၄ (၄)

၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ၊

ပထမအကြိမ်

တန်ဖိုး - ၃၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဒေါ်ခင်ခင်စိန်(၀၁၈၁၉) ချစ်မင်းလျှံစာပေ

အမှတ်-၄၃/က၊ မလိခလမ်း၊ ၇-မိုင်၊

မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET

အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

BURMESE CLASSIC

### ပြည်သူ့သဘောထား

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး၊ ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com

# လရောင်ချို

# အသက်လမ်း

စီစဉ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com






သဘာဝတရားရဲ့ ဥပဒေသက
ဘယ်သူ့ကိုမှ ပြစ်ဒဏ်စီရင်ချက်ချလို့ မရဘူး
ပြုပြင်မှုလောကကြီးကသာ
ပြစ်ဒဏ်စီရင်ချက်ချလို့ရသူ
အစစ်အမှန်ဖြစ်တယ်။



www.burmeseclassic.com


www.burmeseclassic.com











www.burmeseclassic.com

သင်ယူလို့ရတဲ့ (သို့မဟုတ်) သင်ယူလို့မရတဲ့

လောကကြီးမှာ

☛ အခွင့်အရေးဆိုတဲ့ "ပယ်နယ်တီ" ဘောတွေပါတယ်

☛ ကံဆော့,ကံမ၊ နေ့နဲ့ညလို ဘဝတွေပါတယ်

☛ မျက်လှည့်ဆရာရဲ့ အုပ်ဆောင်း

"အပ်ချုပ်လောင်း" တွေပါတယ်

☛ မှဆိုးဗိုင်သင်ရင်း

သားရဲခံတွင်းထဲ "သက်ပျောက်" သက်ပြင်းလေး

မောက်ခွဲလိုက်ရတာမျိုးတွေပါတယ်။





ကဲ … … ခင်ဗျားတို့ ငြိမ်းချမ်းသလိုငြိမ်း

ဒီမှာ –

နောက်ဆုံး –

– – အဲ့ဒီငြိမ်းချမ်းတာတွေ အားလုံးပါတယ် …။

သစ္စာ

ကပ္ပတိန်

AUK


EXPRESS SUPER POWER SHIP.



www.burmeseclassic.com

www.burmeseclassic.com










အဲ့ဒီလူဟာ
နောင်တ ပက်သက်ကြီးပေါ်
အလံနက်ကြီးစိုက်ပြီး
ပင်လယ်ဓားပြ“အိုက်တင်”နဲ့ရပ်တယ်
သူ့စိတ်နဲ့ လုပ်ယူသမျှ
ကျူးလွန်ခြင်းနဲ့ နောင်တတွေသာ
နလန်ထူထခဲ့၊



www.burmeseclassic.com

www.burmeseclassic.com









နာရီလက်တံလို လမ်းမလျှောက်နိုင်သမျှ

လမ်းလျှောက်နေရမတဲ့လား ?

ရင်အမှိုင်းနဲ့

မုန်တိုင်းလို ထင်တိုင်းကြဲမိသမျှ

ဘဝနဲ့ မျှော်လင့်မှုတွေ … (သွားပြီ)။

အို … လောက … ဖြစ်ပျက်သမျှ

အိပ်မက်နဲ့ ပုံပြင်ဆန်တဲ့ဘဝ

အလှဆုံး စီရင်ချက်ကို ဖြတ်သာချလိုက်။

သဏ္ဍ

Master

AUK


SUPPER POWER MEN



www.burmeseclassic.com

www.burmeseclassic.com









"တကယ်ကို ပျော်စရာကောင်းမဲ့ ခရီးစဉ်ပါ"

'မေယ'တို့ တစ်ဖွဲ့လုံး ပုဂ္ဂလိကကုမ္ပဏီ တစ်ခုမှ ယာယီ ငှားရမ်းလုပ်ကိုင်နေသည့် ဆိပ်ခံတံတားပေါ် အတက်မှာ မိုးကိုအောင်က ပြောလိုက်ခြင်း ဖြစ်သည်။ ပင်လယ်ခရီးကို စိမ်နှင့် နှပ်ပြီးထွက်ချင်နေသည့် မိုးကိုအောင် အတွက် ကံကောင်းသည့် မနက်ဖြန်တွေ ဆိုက်ရောက်လာပြီ။ ခရီးဆောင်အိတ်ကိုယ်စီဆွဲပိုးပြီး ဆိပ်ခံအရောက် ဆင်းလာဖြစ်ကြ၏။

"သင်္ဘောက ဘယ်သင်္ဘောလဲ၊ ဟိုမှာ ကုန်တင်နေတဲ့ သင်္ဘောကြီးလား၊ ကွန်တိန်နာတွေကြားထဲ"

မိတီ ပြောနေသော စကားကို ဆုံးသွားသည်အထိ 'မေယ' မစောင့်။ မိုးကိုအောင် ကိုယ်စား စိတ်ထင်မြင်ရာ "ဆွဲသင်္ဘော"တစ်စင်းကို လက်ညှိုးလှမ်းထိုးပြလိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဟိုသင်္ဘောကြီးနဲ့ ဘယ်လိုဖြစ်နိုင်မှာလဲ 'မိတ်'ရယ်၊ ကိုယ့် အထင်တော့ အဲ့ဒီသင်္ဘောလောက် ဖြစ်လိမ့်မယ်နဲ့ တူတယ်"

မိုးကိုအောင်က ကျန်လူခုနစ်ယောက်ရှေ့မှာ စိတ်ညစ်သွားဟန် ခပ်များများ လုပ်ပြလိုက်ပြီး ...

"ငါတို့စီးသွားကြရမဲ့ သင်္ဘောက အဲ့ဒီ Tug boat လို့ခေါ်တဲ့ ဆွဲသင်္ဘောထက် တစ်ဆခွဲလောက် ကြီးတယ်၊ ဒီသင်္ဘောရဲ့ ပိုင်ရှင်ကိုယ်တိုင် သင်္ဘောဒီဇိုင်းအင်ဂျင်နီယာ၊ သူကိုယ်တိုင် ပုံစံအသစ်ထုတ်ပြီး အကောင်းဆုံးနဲ့ ခေတ်အမီဆုံးဖြစ်အောင် တည်ဆောက်ထားတာ၊ ဒီလိုသင်္ဘောမျိုး ကမ္ဘာပေါ်မှာ ဒီတစ်စင်းပဲ ရှိလိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီသင်္ဘောကို စိတ်ကြိုက်တည်ဆောက်ခဲ့တဲ့ အင်ဂျင်နီယာဟာ သင်္ဘောပြီးလုပြီးခင် ရေချခါနီးမှာပဲ သူတို့နိုင်ငံမှာ အမူးလွန် ကားမောင်းလို့ ကားမှောက်ပြီး သေသွားရရှာတယ်"

"အဲ့ဒီအင်ဂျင်နီယာက ဘယ်နိုင်ငံသားလဲ"





'ဇိနီ'က ကျောပိုးအိတ်ကိုချ၍ ကိုင်ဆွဲလိုက်ရင်း မေးလာခြင်းဖြစ်သည်။ မိုးကိုအောင်က ...

"ဂျာမနီနိုင်ငံသား၊ ဒီသင်္ဘောကို ဂျာမနီမှာ ဆွဲတာ၊ အဲဒီက သူဌေးကြီးတစ်ဦးက ပြန်ဝယ်ပြီး ဒီသင်္ဘောဟာ အလွန်မြန်တဲ့အတွက် အမြန်ရေယာဉ်လုပ်တယ်၊ အဆင်မပြေဘူး၊ ပင်လယ်ရောက်ရင် စက်ဖောက်ပြီ၊ ဘာမှအလုပ်မဖြစ်တာနဲ့ ပြန်ရောင်းလိုက်တာကို ယိုးဒယားက ငါးဖမ်းစက်လှေသူဌေးက ထပ်ပြီး ဝယ်ယူလက်ခံထားလိုက်တယ်၊ မှောင်ခိုပစ္စည်းတွေသယ်တိုင်း ခဏခဏ အမိခံရတယ်၊ အလွန်မြန်တဲ့သင်္ဘောက မပြေးတော့ဘူး၊ အဲ့ဒီ ယိုးဒယားကြီးလည်း ဒီစက်လှေပုံဆန်းကြီး သိပ်ခိုက်တယ်ဆိုပြီး မြန်မာငါးဖမ်းစက်လှေသူဌေးတစ်ယောက်ဆီကို လက်ဆင့်ကမ်းရောင်းလိုက်တယ်၊ မြန်မာသူဌေးဆီ ရောက်လာတော့ ဒီသင်္ဘောဟာ SUPER POWER SHIP ဖြစ်နေလို့ ငါးဖမ်းဖို့ မသင့်တော်လို့ အစိုးရရဲ့ သုတေသနဌာနတစ်ခုကို ငှားလိုက်တယ်၊ အဲ့ဒီအထိလည်း ဒီသင်္ဘောက ဘာမှမကောင်း



www.burmeseclassic.com

www.burmeseclassic.com



ပြန်ဘူး၊ သုံးနှစ်လောက်ကြာတော့ ပိုင်ရှင်ကပဲ ပြန်ယူပြီး ပုဂ္ဂလိကကုမ္ပဏီတစ်ခုကို ငှားလိုက်ပြန်ရော ...”

“သင်္ဘောဂျ ထုံးစံအတိုင်းပဲလား”

ဇီနိုရဲ့ အချစ်တော်မလေး “မေတြိ”က ဝင်ငေါ့ထောက်မေးလိုက်ခြင်း ဖြစ်သည်။ မိုးကိုအောင်က ခေါင်းညိတ်ပြပြီး...

“နောက်ဆုံးတော့ ငါးဖမ်းလုပ်ငန်းပိုင်ရှင်ဆီကိုပဲ ပြန်ရောက်လာတယ်၊ အဲ့ဒီသူဌေးကလည်း လူလတ်ပိုင်းလောက်ပဲ ရှိသေးတယ်၊ ဒီသင်္ဘောကို သူ့စိတ်ကြိုက် ပြန်ပြင်တယ်၊ ဆယ်နှစ်သက်တမ်းပဲ ရှိသေးတဲ့ ဒီသင်္ဘောဟာ သူဌေးအကိုင်ကောင်းလို့ ဉာဉ်ပြန်ကောင်းလာတယ်၊ သူဌေးကိုယ်တိုင် Captain (or) Master လုပ်မှ ချောချောမောမော ဖြစ်နေတယ်၊ ဒါကြောင့် သူဌေးက တော်တန်ရုံ ကြိုက်ဈေးပေးပြီး အငှားခေါ်တိုင်း မလိုက်ဘူး၊ သူကိုယ်တိုင်လည်း အားလပ်ချိန်၊ အာသီသရှိချိန်၊ သူသွားလိုရာအရပ်နဲ့ ဈေးခေါ်ငှားသူရဲ့ သွားလိုရာလမ်းကြောင်း တည့်တဲ့အချိန်မျိုးမှ ဒီသင်္ဘောကို အငှားခံတယ်၊ အဲ့ဒီလောက် ထည်ဝါမာန်တက်





နားလည်ရခက်တဲ့ သင်္ဘောအထူးအဆန်းနဲ့မှ တို့တစ်တွေ အားလုံး ခရီးထွက်ကြရမှာ၊ တို့ရဲ့မိတ်ဆွေသင်္ဘောကြီးကို မြင်ရင် လုံးဝကြိုက်ပြီး အတင်းလိုက်ချင်စိတ် ပေါက်သွားစေရမယ်”

“အညွှန်းကတော့ ငမွန်းပဲ၊ ဘယ်မှာလဲ အဲဒီသင်္ဘော၊ နာမည်က ဘာတဲ့လဲ”

ဆိပ်ခံဘောတံတားမှာရပ်ရင်း “ဒဗီနို”က ပြောလိုက်ခြင်း ဖြစ်သည်။ ခေယက လက်နှင့် ညနေရီနေရောင်ကို ကာကွယ်ရင်း ရန်ကုန်မြစ်အတွင်း လိုက်ကြည့်ပေးနေမိ၏။ ထိုစဉ်မှာပင် General cargo ship ခေါ် အထွေထွေ ကုန်စုံတင်သင်္ဘောကြီးအားမှ ပက်ထွက်လာသည့် သားနားသပ်ရပ်ခန့်ထည်သော Super Power Ship သင်္ဘောတစ်စင်းကို တွေ့လိုက်ရသည်။

လူရှစ်ယောက်စလုံး ...

ယောကျ်ားလေးယောက် ...

မိန်းကလေး လေးယောက်စလုံး သင်္ဘောကိုကြည့်၍ အံ့သြမှင်သက် ရင်သပ်ရှုမောသွားကြ၏။

www.burmeseclassic.com



"AUK ခေါ် 'ပင်လယ်ငှက်'ဆိုသည့် သင်္ဘောအမည်
၏ အောက်ဘက်နားမှာ စာလုံးအသေးဖြင့် ရေးထားသော ...

EXPRESS SUPER POWER SHIP

"ဒီသင်္ဘောနဲ့ ခရီးထွက်ရမှာလား"

'ဇိနိ'ကသင်္ဘောကို အကြည့်စွဲစိုက်ရင်း မိုးကိုအောင်
ကို ပခုံးဖက်ကာ မေးလိုက်၏။ မိုးကိုအောင်က သင်္ဘောပုံစံကို
ကြည့်ပြီး ဂုဏ်တွေ ဝိုက်ဆွေ ထုတ်ချင်ဟန်ဖြင့် လက်ပိုက်ထား
ရာမှ ခေါင်းညိတ်ပြလိုက်ရင်း ...

"ဟုတ်တယ် ... ဒီအထူးအမြန်ယာဉ်နဲ့ ငါတို့ရဲ့ အဏ္ဏဝါ
ခရီးကို စတင်ကြရမှာ"

သူတို့ရှစ်ယောက်စလုံး ဆိပ်ခံဘောတံတားပေါ်မှ
သင်္ဘောကိုကြည့်ပြီး တစ်ယောက်တစ်ပေါက် ပြောဆိုနေကြစဉ်
မှာပင် သင်္ဘောက ဆိုက်ကပ်လာ၏။ သင်္ဘောဦးမှာ သင်္ဘောသား
တစ်ယောက် ရပ်နေ၏။

အရပ်ရှည်ရှည် ပိန်ပိန်သွယ်သွယ်နှင့် လူမမာပုံပေါက်
နေသော သင်္ဘောသားက ဘောတံတားပေါ် ခုန်ဆင်းပြီး ဆိပ်ခံ...





...ဘော်မှာ ကြိုးချည်နေ၏။ စတီး(လ်)တန်းဖြင့် ပြုလုပ်ထားသော
...ကားအရှင်တစ်ခု အသင့်တပ်ဆင်ချခင်းထားသည့် နေရာအနီး
... လူသုံးယောက် ရပ်နေ၏။

သူတို့မှာ ရှိသမျှ အကောင်းဆုံး ဝတ်စုံတွေကို
...သသပ်ဆုံးဖြစ်အောင် ပြင်ဆင်ဝတ်စားထားသလို တောင့်တောင့်
... ရပ်နေကြ၏။ ခရီးဦးကြိုပြုသည့် ပုံစံမဝင်။ တပ်သားတွေ
...န်းစီနေသည့်အသွင်။

ထိုသုံးယောက်ထဲမှ အရပ်မြင့်မြင့်၊ ကိုယ်ထည်ထွား
...၊ မျက်နှာကောင်းကောင်းနှင့် အသားအရည် နီစပ်စပ်ရှိသည့်
...ဆိတ်မွေး ပါးမြိုင်းမွေး တိုတိုပါးပါးနှင့်လူမှာ သိန်းစွန်ရဲကဲ့
...စူးရှသော အကြည့်ဖြင့် သူတို့အဖွဲ့ကို လှမ်းကြည့်အကဲခတ်
...။ သည်လူပင် သင်္ဘောကို အုပ်ချုပ်သည့်သူ။ သည်သင်္ဘော
...ရှင် ကိုသက္က ဆိုသူ ဖြစ်ရမည်။

သည်လူ့ ဥပဓိရုပ်ကို အမွေးအမျှင်တွေက ဖုံးမထား
... လူခန့်လူသန့်အသွင် ပေါက်၏။ သည်လူ့ ကိုယ်လုံးကိုယ်
...ကလည်း ပင်လယ်နေလေနှင့် ကျင့်သားရထားသလို ကျစ်



www.burmeseclassic.com

www.burmeseclassic.com



သင်းပျံ့သွား၏။ ပင်လယ်နေလောင်ထားသော အသားအရည်တွေက နီစပ်လွှန်းနေသဖြင့် အနောက်တိုင်းသားရုပ်သွင် ဆင်ချင်ချင်။

"ခေယ"တို့ ရှစ်ယောက်အဖွဲ့မှာ ခေါင်းဆောင်လိုဖြစ်နေသော မိုးသူအောင်က စတင်တက်သွားပြီး ကပ္ပတိန်နှင့် နှုတ်ဆက်နေ၏။ မိုးသူအောင် နောက်မှ အဖွဲ့သားတွေ လိုက်တက်ကြစဉ် ...

"ဒါ... ဒီသင်္ဘောရဲ့ ကပ္ပတိန် ကိုသက္က၊ အားလုံး မှတ်ထားကြနော်၊ မှတ်ထားကြ၊ ကိုသက္ကကို အခုတော့ ကျွန်တော် အလွတ်သဘော မိတ်ဆက်ပေးမယ်၊ ညစာစားဝိုင်းကြမှ ထပ်ပြီးသေသေချာချာ မိတ်ဆက်ပေးမယ်၊ ဒီယောက်ျား လေး သုံးယောက်ပေါ့၊ သူက'ခေယ'၊ အလယ်က'ဒီဗီဒ်' နောက်တစ်ယောက်က 'ဇီနို'တဲ့၊ ဒီမိန်းကလေး လေးယောက် က 'မိတီ'၊ 'နီဇာ'၊ 'စန္ဒရာ'၊'မေတြီ' တဲ့"

ကပ္ပတိန် ခေါင်းညိတ်ပြုံးပြသလို နောက်တော်ပါ ပင်လယ်ဓားပြရုပ် ပေါက်နေသော သင်္ဘောသား သုံးယောက်





လည်း ပြုံးပြကြ၏။ (ကတုံးနှင့် သွားကျိုးရုပ်ပြောင်တစ်ကောင်က ပါသေး၏။)

မိုးကိုအောင်တို့ ရှစ်ယောက်အဖွဲ့က ဝတ်ကျေတန်းကျေ ပြန်လည်ပြုံးပြနေစဉ်မှာပင် ကပ္ပတိန်ကိုသက္ကက သူ့သင်္ဘောသားတွေနှင့် မိတ်ဆက်ပေး၏။

"သူက ကိုမုန်း၊ ဒီသင်္ဘောရဲ့ Radio Operator လို့ခေါ်တဲ့ ဆက်သွယ်ရေးမှူးပေါ့"

အရုပ်ခပ်ပုပု၊ ကိုယ်ထည်ကြီးလှီပြီး ဂနာမငြိမ်သော ပြောင်ချော်ချော် လူပြက်တစ်ယောက်နှင့်တူသူကို လက်ညှိုးထိုးပြ၏။ ကပ္ပတိန်ကိုသက္ကက ဆက်လက်ပြီး လူကောင်ထွားထွား၊ ဗိုက်ပူပူ၊ ထိပ်ပြောင်ပြောင်နှင့် ညိုမောင်းမောင်း လူကြီးဘက်လှည့်၍ ...

"သူက 'ကိုနတ်ကျား'တဲ့ 'နက်ကျား'လို့လည်း ခေါ်တယ်၊ သူက ဒီသင်္ဘောရဲ့ Chief Engineer အင်ဂျင်နီယာချုပ်ပေါ့၊ 2nd Engineer ဆိုလည်း သူပဲ၊ 3rd Engineer ဆိုလည်း သူပဲ၊ တကယ်အားကိုးရတဲ့ ပုဂ္ဂိုလ်ပေါ့၊ AUK ရဲ့ ဝိညာဉ်ကို သွပ်သွင်းပေးတဲ့ ကဝေကြီးဆိုလည်း ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုနက်ကျား ရယ်ပြပုံက မဲ့ပြီး ပြောင်ပြနေသည့်ထင်ရ၏။ သို့ငြား အားလုံးပြုံးပြ၊ ခေါင်းညိတ် အသိအမှတ်ပြုပြရ၏။

"ဒီတစ်ယောက်ရဲ့ နာမည်က ခင်ဗျားတို့ နာမည်တွေလို ခပ်ဆန်းဆန်းဗျ၊ ကိုလေဥတဲ့၊ လေဥပေါ့၊ သူ့ရဲ့တာဝန်က များတယ်၊ Quarter Master လို့ခေါ်တဲ့ တက်မကိုင်၊ နောက်ပြီး လျှစ်စစ်နဲ့ အအေးခန်း အင်ဂျင်နီယာ၊ စတိုမှူးစတဲ့ အလုပ်တွေက သူ့တာဝန်ပဲ"

ကတုံးနှင့် ရှေ့သွားနှစ်ချောင်း ကျိုးနေသည့် ရုပ်ပြောင်ဆန်ဆန်လူကို မိတ်ဆက်ပေးခြင်း ဖြစ်သည်။ အမည်ဆန်းသလို၊ သူ့ပုံကလည်း ဆန်း၏။ မိန်းကလေးတွေကိုလည်း ငမ်း၏။ လျှာဖြင့် နှုတ်ခမ်းကို မကြာခဏ သပ်တတ်သော အကျင့်ရှိပုံရသည်။ မိန်းကလေးတွေက လန့်ပြုံး၊ ကြောက်ပြုံး၊ ပြုံးပြရှာ၏။

သင်္ဘောဦးမှာ ကြိုးချည်ခဲ့သော အရပ်ရှည်ရှည်လူ ဖနား ရောက်လာသည်နှင့် ကပ္ပတိန်က မိတ်ဆက်ပေးလာပြန်ပြည်။





"သူက အုန်းလုံးတဲ့၊ သင်္ဘောသားအုန်းလုံး၊ ဆီလောင်း၊ ပိုက်လိုင်းပြင်၊ စားဖိုမှူး ... ပြီးတော့ ဒီသင်္ဘောရဲ့အထွေထွေထောက်ပံ့ရေးမှူးပေါ့"

အုန်းလုံးက ခပ်တည်တည်။ ထင်တစ်လုံး ဘဝင်တစ်လုံးနှင့် လူစိမ်းမှန်သမျှကို ခပ်စိမ်းစိမ်း ဆက်ဆံတတ်ပုံရသည်။ အုန်းလုံးလို သင်္ဘောသားတစ်ယောက်ရဲ့ အပြုအမူကို သူတို့တစ်စုလုံး ဂရုမစိုက်၊ အလေးမထားသလို နေလိုက်၏။

ကပ္ပတိန် ကိုသက္က ဆိုသူကပင် သင်္ဘောအလယ်ထပ်ရှိ အိပ်စင်အခန်းတွေမှာ သူတို့အဖွဲ့ကို နေရာချပေး၏။

ခေယနှင့် မီတီတို့ ကြင်ရာစုံတွဲက ပထမတန်းစား အိပ်စင် ကဲ့ဘင့်(န်)ခန်း တစ်ခန်း။

'ခေယ'တို့နှင့် မျက်နှာချင်းဆိုင် ကဲ့ဘင့်(န်)အခန်းမှာ 'ဒီဗီနို'နှင့် 'စန္ဒရာ'တို့ ကြင်စဦး ဇနီးမောင်နှံ။

ဒီဗီနိုတို့နှင့် ကပ်လျက် ကဲ့ဘင့်(န်)အိပ်စင်ခန်းမှာ 'မီနို'နှင့်'မေတြီ'တို့ မင်္ဂလာမောင်မယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဇိနို'နှင့် မေတြီတို့ရဲ့ ရှေ့မျက်နှာချင်းဆိုင် ကဲ့ဘင့်(န်)အခန်းမှာ "မိုးကိုအောင်"နှင့်"နီဇာ"တို့ ချစ်သူနှစ်ဦး။

ကပ္ပတိန်ကိုယ်တိုင် အထူးခရီးစဉ်အတွက် အထူးညှိသည်တော်တွေ အကြောင်းကို တီးခေါက်လေ့လာထားဟန်တူ၏။ ကိုအောင်က အဖွဲ့ခေါင်းဆောင်လို ဖြစ်နေပြီး ခရီးစဉ်အတွက် မိုးကိုအောင်က အစ,အဆုံး စီစဉ်ခဲ့သဖြင့် ကျန်သော 'ခေယ'တို့အဖွဲ့ သိသင့်သလောက် မသိ။

ကပ္ပတိန်က အိပ်ခန်းတိုင်းမှာ ရေချိုးခန်း၊ ရေနွေးစိမ်ဇလားနှင့် ရေအိမ်များပါ ပူးတွဲပါဝင်ကြောင်း။ အိပ်ခန်းကို အထက်တန်းကျကျဖြစ်အောင် ခေတ်မီမွမ်းမံမှုများနှင့် ပြင်ဆင်ဖန်တီးထားကြောင်း၊ ယနေ့ည ရာသီဥတုကောင်းလျှင် သင်္ဘောထွက်ဖြစ်မည်ဖြစ်ကြောင်း၊ အလွန်ပျော်စရာကောင်းသည့် ထူးဆန်းအံ့သြဖွယ်ရာတွေနှင့် ပြည့်နှက်နေသည့် အဏ္ဏဝါခရီးစဉ်ကို ဘဝတစ်သက်မှာ ဘယ်တော့မှ မမေ့အောင် ကြုံဆုံခံစားသွားရစေမည်ဟု ရဲရဲကြီး ကတိပေးကြောင်းတွေကို အတိုချုံး ပြောသွား၏။





သူတို့စုံတွဲလေးတွဲစလုံး ကိုယ့်အခန်းတွေထဲ ကိုယ်ဝင်ကာ ပစ္စည်းတွေကို နေရာချလိုက်၏။ မှန်ပြတင်းဝိုင်းတွေနှင့် ပြင်ပရှုမျှော်ခင်းကိုကြည့်၍ အားမရနိုင်သော ဇိနိုနှင့် မေတြီတို့စုံတွဲက ပန်းချီကားချပ်လိပ်တွေကို နံရံတွေမှာ ဖြန့်ဖြေကပ်နေ၏။

ရေဖိအားဒဏ် ခံနိုင်ရန် မှန်ပြတင်းတွေကို အဝိုင်းများများ တပ်ဆင်သော်လည်း၊ ကချို့နေရာတွေမှာ လေးထောင့်မှန်တွေ တပ်ဆင်ထားတာ တွေ့ရ၏။ အခန်းတစ်ခုလုံး မွေးပျံ့နေပြီး နှစ်ယောက်အိပ် မွလီစုပ်တပ်ထားသည့် ကုတင်ကြီးပေါ်မှာ ဒန်းလော့ပီလိုမွေ့ရာတွေ ခင်းထား၏။ နှစ်ဆယ့်လေးနာရီ ဖမ်းယူကြည့်ရှုနိုင်သော (ဆဲ့တဲလိုက်(ထ်)စလောင်းနှင့် ဆက်သွယ်ထားသည့်) နံရံကပ် T.V မြင်ကွင်းကျယ်ကြီး တပ်ဆင်ထား၏။ ရေခဲသေတ္တာ၊ ကော်ဖီအိုးနှင့် အပူပေးကိရိယာ တပ်ဆင်ထားသည့် ကွိုင်မီးပူတို့ကို တွေ့ရ၏။

ကလပ်ခွက်တွေ အမိုးမှာ တွဲလောင်းဆွဲထားသော အရက်ဘား အငယ်စားလေးတစ်ခု၊ အလှပြင်ခုံ၊ အဝတ်ထည့်သည့်



www.burmeseclassic.com

www.burmeseclassic.com



နံရံကပ်ဗီရို၊ စာရေးစားပွဲ။ ကျန်းမာရေးလေ့ကျင့်ခန်း ကိရိယာ အချို့နှင့် အတော်လေးပြည့်စုံအောင် အိပ်ခန်းကို ဖြည့်ဆည်းပေး ထားပြီး တစ်ခန်းလုံးကို ကော်ဇောခင်းထား၏။ အိပ်အပြင်အဆင် အသက်ဝင်စေရန် နံရံကပ်စက္ကူစတစ်ကာနှင့် ပန်းရွက်၊ ပန်းရိုးတံ၊ ပန်းပွင့်နှင့် အသီးအနှံတွေ နွယ်တက် အလှဆင်သလို အလှဆင် ထားလိုက်ပြန်သေးသည်။

မိုးကိုအောင်က နီတာကို မျက်ခုံးပင့်ပြလိုက်ပြီး ...

"ဘယ်လိုလဲ၊ နေပျော်ရဲ့လား"

"ရှင် ရေကြောင်းခရီးနဲ့ ကမ္ဘာဘယ်နပတ် ပတ်ချင်သလဲ၊ ပြော"

"လိုက်မယ်ပေါ့"

"မငြီးငွေ့မချင်း လိုက်မယ်"

အသံမထွက်သော ရယ်မောဟန်ကို မိုးကိုအောင် ပရုပ်ဆောင်သလို လုပ်ပြ၏။

တစ်ဖက်ခန်းက မွေ့ရာပေါ်မှာ နှစ်ကိုယ်ယှဉ်လှဲ အိပ်ပြီး ဇိမ်ခံနေသော ခေယနှင့် မိတီမှာ ...





"ကဲ ... ဒီခရီးစဉ်ဟာ ကိုယ်တို့နှစ်ယောက်ရဲ့ တကယ့် ဟန်းနီးမွန်း ခရီးစဉ်ပါဆိုတာ ယုံပြီလား"

"ဇိမ်ယစ်စရာတွေနဲ့ သွားရလို့ ဒီစကား ပြောတာလား၊ ဒီလောက်များ၊ အိမ်မှာလည်း ဒါတွေရှိတာပဲ၊ ဘာထူးခြား လို့လဲ"

"ထူးတာပေါ့ မိရယ်၊ ဒီဇိမ်ယစ်စရာတွေက အိမ်မှာလို အထိုင်ချနေတာ မဟုတ်ဘူး၊ သွားနေတာ၊ ကိုယ်တို့နဲ့အတူ သွားနေတာ၊ သွားနေရင်းနဲ့ ပင်လယ်သမုဒ္ဒရာရဲ့ လျှို့ဝှက် ဆန်းကြယ်မှုတွေကို တစိမ့်စိမ့် အရသာခံသွားရမှာ၊ ဒီဖီလင် က ငွေကုန်ကြေးကျ များသလောက် တကယ့်ကို ကုန်ရ ကျိုးနပ်တယ်၊ ကိုယ်ပြောတာ ဟုတ်လား မိတီ"

"မသိဘူး၊ မနေ့ကတည်းက ထုပ်ပိုးပြင်ဆင်ပြီး စိတ်မော လူမော ဖြစ်နေခဲ့ရလို့ အခု အိပ်ချင်လာပြီ၊ ခဏ နှပ်ဦး မယ်"

"နှပ်စေဗျာ၊ စိတ်ကြိုက်သာနှပ်"



www.burmeseclassic.com

www.burmeseclassic.com



'ခေယ'တို့ ကဲ့ဘင့်(န်)ခန်းရှေ့ရှိ မျက်နှာချင်းဆိုင် ကဲ့ဘင့်(န်)အခန်းထဲမှာရှိသော 'ဒီဗီနီ'က အပြေးလေ့ကျင့်စက်ပေါ် တက်ပြီး အစမ်းအပြေးကျင့်နေ၏။ စန္ဒရာက ရေချိုးခန်းထဲ အမြန်ဝင်ပြီး ကိုယ်လက်သန့်စင်ကာ အဝတ်နှင့် တစ်ကိုယ်လုံး ခြောက်သွေ့သွားအောင် ပွတ်နေ၏။ ပြီးလျှင် ဆိပ်ခံတံတားပေါ် လမ်းလျှောက်လာရစဉ် နေလောင်သလို ဖြစ်သွားသော သူမရဲ့ အသားအရည်ကို အသားအလှဆီဖြင့် ဖြည်းညင်းစွာ ပွတ်သပ်လိမ်းကျံနေ၏။

"ဒီခရီးစဉ်က တစ်လ၊ ဒါမှမဟုတ် နှစ်လလောက် ကြာချင်ကြာမှာ၊ မင်းဝယ်လာတဲ့ အသားအလှဆီတွေ လိုရမယ်ရ နှစ်လစာလောက် ပါလာရဲ့လား"

"တစ်လစာပဲ ပါတယ်၊ ချွေတာလိမ်းရင် ရပါတယ်၊ ပင်လယ်လေက ကြမ်းတယ်ဆို၊ ဒီသင်္ဘောပေါ်က လူတွေ အသားမှန်သမျှ နေခြောက်လှန်း ခံထားရတာ ကျနေတာပဲ၊ ကျွန်မ သူတို့လို အသားကြမ်းကြမ်းကြီး ဖြစ်သွားမှာ သိပ်ကြောက်တာပဲ"





'ဒီဗီနီ'က ချွေးစက်လက်ဖြင့် မောပန်းနေရာမှ ခပ်မှဲမှဲပြုံးပြီး အပြေးလေ့ကျင့်မှုကို ရပ်တန့်လိုက်၏။ ချွေးခြောက်အောင် ပဝါကြမ်းဖြင့် ပွတ်သုတ်ပြီး ရေခဲသေတ္တာ ဖွင့်လိုက်၏။ ရေခဲစိမ်အချိုရည်တစ်ဘူးကို ဆွဲဖောက်ပြီး အားရပါးရ မော့သောက်လိုက်သည်။ ပြီးမှ ...

"ရန်ကုန်မြစ်ရဲ့ ရေကျချိန်က မနက်မိုးလင်းပိုင်းဘက် ဖြစ်မယ်ထင်တယ်နော်"

"ကျွန်မ ဘယ်သိပါ့မလဲ၊ ကပ္ပတိန်ကို မေးကြည့်ပါလား"

"မင်း သိတာ မင်းကိုယ်မင်း လှဖို့ပဲ မဟုတ်လား"

"အဲဒါ ရှင့်အတွက် အရေးမကြီးဘူးလား"

အချိုရည်ဘူးကို လက်နှင့်ဖျစ်ညှစ်ပြီး အမှိုက်ပုံးထဲ လှမ်းပစ်ထည့်လိုက်ခြင်းဖြင့်သာ ဒီဗီနီ အဖြေပြန်ပေးလိုက်၏။ ရေချိုးခန်းထဲဝင်ပြီး ရေပန်းအောက်မှာ ခေါင်းထိုးခံလိုက်စဉ် ...

အေးမြမှုက လန်းဆတ်မှုနှင့်အတူ၊ တော်တော်ရှိ အတွေးတွေ ဝေးရာလွင့်ရှဲသွားစေနိုင်စွမ်း၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီစီနီတို့ ကဲဘင့်(န်)နှင့် ကပ်လျက် ကဲဘင့်(န်) အခန်းမှာ နက္ခတ်တာရာနှင့် သက်ဆိုင်သော စာအုပ်စာတမ်းတွေ နေရာချနေသည့် 'ဇီနီ'၏ အိတ်ဆောင်ကွန်ပျူတာတစ်လုံးနှင့် အလုပ်ရှုပ်နေသော မေတြီ။ ဇီနီက ...

"ကြယ်တံခွန်နဲ့ ဥက္ကာပျံအဖွဲ့တွေကို စာရင်းအသစ်တင်ပြီး ပရိုဂရမ် ရေးသွင်းပြီးပြီလား တြီ"

မေတြီက ကွန်ပျူတာ မော်နီတာကို ကြည့်ရင်း လက်ချောင်းတွေက ကီးဘုတ်ပေါ် ကစားနေရင်းမှ ...

"ပြီးပြီ ... အခု ဂြိုဟ်ဖြစ်ပေါ်မှု သီဝရီထဲကို အချက်အလက်တွေ ထပ်ဖြည့်နေတယ်လေ"

"အိုကေ ... ဒီအဏ္ဏဝါခရီးမှာ ကိုယ်တို့ ထပ်မံတွေ့ရှိတဲ့ ကြယ်တာရာတွေကို စာရင်းဇယား ကတ်တလောက်ထဲ ဖြည့်သွင်းနိုင်ရင် ကျေနပ်ပြီ၊ ကိုယ်တို့တွေရှိတဲ့ နီယာ အသစ်တွေနဲ့ အရင်က ဝေဝါးနေတဲ့ နက္ခတ္တဗေဒဆိုင်ရာ ဥပဒေသဟောင်းတွေကို ရှင်းလင်းဖော်ထုတ် ပြသပေးနိုင်ရင် ကိုယ်တို့နှစ်ယောက်ရဲ့ မဟာရည်ရွယ်ချက် လုံးဝအောင်မြင်ပြီ၊ ဘယ်လောက် ပျော်စရာကောင်းလိုက်မလဲ၊ နက္ခ





ဗေဒသမိုင်းမှာ ကိုယ်တို့နာမည် အရှိန်အဟုန်တွေ ကမ္ဘာကျော်မှန်တိုင်းပုံစံနဲ့ ထင်ရှားပြီး အသည်းမှတ်သွားကုန်ကြရ လိမ့်မယ် တြီ ... (ဇီနီရဲ့ ရှင်မြူးလိုက်လှဲသော ရယ်သံ)"

ထိုစဉ်မှာပင် သင်္ဘောသားအုန်းလုံး ဆိုသူက ကပ္ပတိန်က ခဏလာရန် ဖိတ်ခေါ်လိုက်ကြောင်း အမှာပါးလာ၏။

ဇီနီက မေတြီ အလုပ်မပျက် ဆက်လုပ်နေရန် ပြောပြီး သင်္ဘောသားနောက်မှ လိုက်ပါသွား၏။ ဝေးဝေးလံလံ မဟုတ်။ ဒုတိယထပ်မှာရှိသော ကဲဘင့်(န်)တစ်ခန်းကျော်မှ အခန်း တစ်ခုထဲ ဝင်သွားရခြင်းပင်။

အခန်းထဲမှာ ဇီနီ့ အရင် ရောက်နေကြသော မီးကိုအောင်တို့ စုံတွဲ၊ ဒီစီနီနှင့် ခေယ။ မှန်ပြတင်းကျယ်ကြီးမှာ ညနေညိုရီ၊ မှောင်နီနီကို တွေ့မြင်နေရသည်။ အခန်းထဲမှာ အလင်းအားကောင်းသော မီးရောင် ထွန်းလင်းထား၏။

မြင်ကွင်းကျယ်စက္ကူရမ်ကြီးကို လိုင်းပိုင်းလေးတွေနှင့် စိတ်ခွဲပြီး အဏ္ဏဝါရှခင်းရှုကွက် တစ်ခုထဲကိုသာ စက္ကူရမ်အားလုံးမှာ ပုံဖော်ပေးထား၏။ အခြားသော စက်ပစ္စည်းကိရိယာများကြား မှာ နက္ခတ္တဗေဒနှင့် သက်ဆိုင်ရာတွေ တွေ့ရ၍ ဇီနီ အံ့သြသွား၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီနီ ဝင်ထိုင်ဖြစ်သောအခါ သဘော်သားအုန်းလုံး ပြန်ထွက်သွား၏။ မိုးကိုအောင်က ...

"မေတြီ မမပါဘူးလား"

"အလုပ်များနေလို့ ကျန်ခဲ့တယ်၊ ဒီဗီနီကကော စန္ဒရာကို ခေါ်မလာဘူးလား"

"ရေချိုး အလှပြင်နေတာ ကြာပြီ၊ သူ ပြင်ပြီးရင် ရောက်လာချင် လာလိမ့်မယ်"

ခေယက ဘယ်သူမှ မမေးခင် ကြိုတင်၍ ...

"ကိုယ့်မချောကတော့ ဒီခရီးအတွက် စိတ်မောလူမော ဖြစ်ပြီး နပ်နေလေရဲ့၊ ဒီည ညစာစားပွဲတက်ဖို့ မပြောနဲ့ ရန်ကုန် မြို့ကြီးကိုတောင် နှုတ်ဆက်ဖို့ ထနိုင်ပါ့မလား မသိဘူး"

ထိုစဉ်မှာပင် အခန်းထဲကို ကပ္ပတိန်နှင့် ရေဒီယို အော်ပရေတာ ကိုမှန်း ဆိုသူတို့ ဝင်လာ၏။ ကပ္ပတိန်က သူတို့ ဝိုင်းထိုင်နေရာ စားပွဲမှာ ဝင်ထိုင်ပြီး ကိုမှန်းက အီလက်ထရွန်းနစ် ထိန်းချုပ်ခုံမှာ ဝင်ထိုင်လိုက်တာ တွေ့ရ၏။





"အခုလို မိတ်ဆွေခရီးသည်တို့ကို ခေါ်တွေ့ရတဲ့အကြောင်းက AUK နဲ့ ပတ်သက်တဲ့ ဖွဲ့စည်းပုံ အခြေအနေတွေကို ရှင်းလင်း တင်ပြချင်လို့ပါ၊ ဒီသင်္ဘောကို အပျော်စီးသက်သက်နဲ့ ငှားရမ်းခဲ့တာ မဟုတ်ပါဘူး၊ ဟော့ဒီ ကိုမိုးကိုအောင် ကိုယ်တိုင်က ဒီမိတ်ဆွေတွေထဲမှာ အဏ္ဏဝါရေအောက် လေ့လာရေးသမားတွေ ပါတယ်၊ နက္ခတ္တဗေဒ ပညာရှင်တွေ ပါတယ်၊ ဇီဝကမ္မပညာရှင်တွေ၊ အာကာသနဲ့ အဏ္ဏဝါ သုတေသနသမားတွေ ပါတယ်ဆိုလို့ AUK ရဲ့ လိုက်လျောညီထွေတဲ့ အကျိုးရှိစေမှုတွေ အသေးစိတ် ရှင်းပြပြီး မိတ်ဆွေတို့ အလိုရှိသလို အသုံးပြုကြဖို့ ရည်ရွယ်ချက်ကောင်းသူတွေကို စေတနာကောင်းနဲ့ အကူအညီ ပေးလိုစိတ် ပြင်းပြင်းပြပြနဲ့ ကျွန်ုပ်တို့ဘက်ကလည်း ငှားရမ်းဖြစ်ခဲ့တာပါလို့ ဆိုတာကို ကြိုတင်ပဏာမနဲ့ စကား မြွက်ကြားပါရစေ"

ကပ္ပတိန်ရဲ့ တည်ငြိမ်ရင့်ကျက်တဲ့ လေသံက ဝေးတန်ရုံအမိန့်ပြန်သည့် မာန်တွေ ထန်နေသလိုပင်။ သူတို့ငါးယောက်



www.burmeseclassic.com

www.burmeseclassic.com



လုံး ပုံဖြောကောင်းသူကို ဝိုင်းကြည့်နေသလို ကပ္ပတိန်ကို ဖြန်ကြည့်နေမိ၏။

"အခု စကားပြောနေတဲ့ ဒီအခန်းဟာ ဆိုရင် အဏ္ဏဝါသုတေသန၊ ဂြိုဟ်တုဆက်သွယ်ရေး၊ နက္ခတ္တဗေဒ စူးစမ်းရေး၊ စကြဝဠာဆိုင်ရာ လေ့လာရေးတွေ အတွက် အီလက်ထရောနစ် ထောက်ကူပစ္စည်းတွေနဲ့ စူးစမ်း လေ့လာတိုင်ပင်နှီးနှော သုတေသနပြုရာ နေရာတစ်ခုလည်း ဖြစ်တယ်"

ကပ္ပတိန်က သူ့ရဲ့ ပြောလက်စ စကားကိုရပ်ပြီး နားထောင်သူတွေကို အကြည့်ရှုရှုဖြင့် စေ့ငုကြည့်၏။


"AUK ရဲ့ ဖွဲ့စည်းပုံအရ ဆိုရင် ..."

ကပ္ပတိန်စကား အဆုံးမှာ လင်းနေသော မီးရောင်တွေ မီးစာလျှော့လိုက်သလို မှိန်ဖျော့သွား၏။ စက္ကူရမ်ထဲမှ အီလက်ထရွန် အစက်အပြောက်တွေ လင်းရှင်းပွက်ပွားနေရာမှ ပျောက်ထွက်သွားပြီး သင်္ဘောတစ်စင်းပုံ ပေါ်လာ၏။ ကွန်ပျူတာဖြင့် ကတ်တလောက်ဆွဲပြီး ရေးသွင်းထားသည့်ပုံတွေ။





AUK ရဲ့ ဘောတိုက်ပြင်ပဖွဲ့စည်းမှုပုံစံ။






www.burmeseclassic.com

www.burmeseclassic.com



"အခု တွေ့ရတာ ဘေးတိုက်ပြင်ပဖွဲ့စည်းပုံပါ၊ စုစုပေါင်း အခန်း(၁၈)ခန်း ပါပါတယ် ...

အပေါ်ဆုံးထပ်မှာ ရေယာဉ်ပဲ့ထိန်းမောင်းနှင်ရေး အခန်းကျယ်က တစ်ခန်း၊ ဘုရားခန်းနဲ့ 3D ရုပ်လုံးကြွ ရုပ်ရှင်ရုံ အခန်းကျယ်က တစ်ခန်း၊ အဏ္ဏဝါရေပြင်တိုင်းတာရေးသုတေသနခန်းနဲ့ ရေအောက်သုတေသနအခန်း တစ်ခန်း၊ စုစုပေါင်း အခန်းလေးခန်း ပါဝင်နေတယ်"


စက္ကူရမ်ပေါ်မှာ လေဆာမီးနီထိုး၍ ရှင်းပြနေ၏။

"ဒုတိယထပ်မှာတော့ အိပ်ခန်း(၆)ခန်း၊ အထွေထွေသုတေသနနဲ့ ဆွေးနွေးခန်းကျယ်ကြီးဖြစ်တဲ့ ဒီအခန်းကတစ်ခန်း၊ စုစုပေါင်း(၇)ခန်း ရှိတယ်၊ အောက်ထပ်မှာတော့ စားဖိုဆောင်ခန်း၊ ရေချိုးရေအိမ်ခန်းက(၂)ခန်း၊ ရိက္ခာသိုလှောင်ခန်းကျယ်ကြီးက နှစ်ခန်း၊ သုတေသနနဲ့ ဓာတ်ခွဲခန်းက (၂)ခန်း၊ အရေးပေါ် အထူးဆွေးနွေးတိုင်ပင်ခန်းကျယ်ကြီးက တစ်ခန်း၊ စုစုပေါင်း အခန်း(၇)ခန်း ပါတယ်၊ သင်္ဘောတစ်စီးလုံးမှာ အခန်းပေါင်း (၁၈)ခန်း ရှိတယ် ...





ဒီပုံကတော့ AUK ရဲ့ ဘေးတိုက် အတွင်းပိုင်း ဖွဲ့စည်းပုံ ပုံစံပေါ့"






www.burmeseclassic.com


www.burmeseclassic.com



"နောက်ထပ် ဒီပုံက AUK ရဲ့ ရှေ့ပိုင်းမြင်ကွင်းပြင်ပ ပုံစံ"

AUK (ဒေါ်)ပင်လယ်ရက် EXPRESS SUPER POWER SHIP၏
နောက်ပိုင်းမြင်ကွင်းနှင့်ပြင်ပဖွဲ့စည်းပုံနမူနာပုံ

ပုံ(ဂ)









"ဟော့ဒီ နောက်တစ်ပုံကတော့ AUK ရဲ့ နောက်ပိုင်းပြင်ပ မြင်ကွင်းပုံစံပေါ့"

AUK (ဒေါ်)ပင်လယ်ရက် EXPRESS SUPER POWER SHIP
၏
ရှေ့ပိုင်းမြင်ကွင်းပြင်ပဖွဲ့စည်းမှုနမူနာပုံ

ပုံ(ဃ)






www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ ကမ္ဘာပေါ်မှာ အကောင်းဆုံးဆိုတဲ့ သင်္ဘောတွေထက် မညံ့တဲ့ အရည်အချင်းမျိုး AUK မှာ အပြည့်ရှိတယ် ...

အမြန်ဆုံးရေယာဉ်တွေထက် ပိုမြန်တဲ့မိုင်နှုန်း တင်နိုင်တယ် ...

AUK မှာ ရေလမ်းကြောင်းလက္ခဏာမျိုးစုံပါတဲ့ အဏ္ဏဝါတိုင်းတာရေး ဂြိုဟ်တုက အဆင့်မြှင့်ပေးထားတဲ့ ရေပုံတွေ အပြည့်အစုံရှိနေတယ် ...

ရိုက္ခာနဲ့ ရေသိုလှောင်မှုအရ ခြောက်လစာလောက် မှုလုံအောင် တင်ဆောင်လာနိုင်တယ် ...

AUK ဟာ အပြည်ပြည်ဆိုင်ရာ ရေပိုင်နက်ကို ရောက်တာနဲ့ အင်ထာတိုက်သမုဒ္ဒရာ၊ ဂရင်းလန်း၊ ဟပ်ဒ





ဆင်ပင်လယ်အော်၊ အာတိတ်သမုဒ္ဒရာတွေကိုလည်း သွားလာနိုင်တယ်၊ ဘာမြူဒါတြိဂံရေပိုင်နက်ကိုလည်း အချိန်မရွေး ဖြတ်သန်းရဲတယ်၊ လေဆင်ရိုင်းနဲ့ နဂါးမုန်တိုင်းတွေကိုလည်း ဖြတ်ကျော်သွားရဲတယ်၊ တကယ်လို့ ဒီအန္တရာယ်တွေကို တွေ့စရာမလိုလို့ ရေပုံနဲ့ ဂြိုဟ်တုဆက်သွယ်ရေး အကူအညီနဲ့ ကွေ့ရှောင်သွားမယ်ဆိုလည်း သွားလို့ရတယ်၊ AUK ရဲ့ လိုက်လျောညီထွေတဲ့ အကျိုးရှိမှုတွေက မိတ်ဆွေတို့ကို နွေးထွေးလှိုက်လှဲစွာ ကြိုဆိုနေတယ်၊ နောက်ဆိုရင် AUK ကို ရုပ်ပြေးယာဉ် Hydrofoils အဆင့်ထိ တိုးမြှင့်ခေတ်မီသွားဖို့ ရည်ရွယ်ရင်းစွဲ ရှိထားပါတယ်၊ AUK ရဲ့ ပိုင်ရှင်တစ်ဦးအနေနဲ့၊ ကပ္ပတိန်အနေနဲ့ ငွေကုန်ကြေးကျတနင့်တပိုး ပေးထားတဲ့ ခရီးသည်မိတ်ဆွေတို့အတွက် ပြန်လည်ဝန်ဆောင်မှုပေးထားတဲ့ နေရာမှာ လိုအပ်တာရှိရင် အချိန်မရွေး ပြောကြပါ၊ ပင်လယ်ခရီး ဆိုတာ ..."

ကပ္ပတိန်ဖြစ်သူမှ ဆက်တိုက်ပြောချသွားသော စကားတွေက စိတ်ဝင်စားစရာတွေ ပါသလို၊ ပျင်းကြောဆန့်ပြီးသမ်းဝေ

www.burmeseclassic.com



ချင် စရာတွေလည်း ပါ၏။ ကပ္ပတိန်က ရှင်းလင်းတင်ပြပြီးသည်နှင့် ကဲ့ဘင့်(န်)အခန်းတွေနှင့် သိထားသင့်သည်များကို ကိုယ်တိုင်လိုက်ပြ၏။

Life Savin Apparatus အသက်ကယ်ကိရိယာတွေ ကိုလည်း ရှင်းလင်းပြ၏။ Fire Appliance မီးသတ်ကိရိယာနှင့် ပြမှုဆောင်ရွက်ရပုံတွေကိုလည်း လိုက်လံရှင်းလင်းပြောပြ၏။

သင်္ဘောထွက်ခွာရန်နှင့် ညစာစားသောက်ရေးတွေ ရှိနေသေးသဖြင့် ကပ္ပတိန်က ညွှန်ကြားချက်ပေးရန် သူတို့ကို နှုတ်ဆက်ထွက်ခွာသွား၏။ သူတို့လည်း သူတို့အခန်းအသီးသီး ဝင်ကာ ညစာစားပွဲတက်ဖို့ ကိုယ်လက်သန့်စင်ကြ၏။ မြန်မာဝတ်စုံများဖြင့်ပင် ရန်ကုန်ညကို နှုတ်ဆက်ပြီး ညစာစားပွဲကျင်းပကြဖို့ အားလုံး သဘောတူကြ၏။

ကမ်းမှထွက်ခွာမိန့်နှင့် အရေးကြီးသော စာရွက်စာတမ်းတွေမှာ သက်ဆိုင်ရာခွင့်ပြုမိန့်၊ တံဆိပ်နှင့် လက်မှတ်ထိုးစရာတွေ ရရှိထားပြီးပြီမို့ ရေကျချိန်နှင့် မျှော်မလိုက်တော့။





ရေတက်ချိန် ည(၆)နာရီခွဲတိတိမှာပင် ဆိပ်ခံမှ ထွက်ခွာဖို့ အကြောင်းကြားသည့် အမှာစကား ရောက်လာ၏။

သူတို့စုံတွဲ လေးတွဲစလုံး တက်ကြွလန်းဆန်းစွာဖြင့် သင်္ဘောတဲက်မခန်း ကုန်းပတ်စင်ရဲ့ အပေါ်ထပ်ဆီ တက်ခဲ့ကြ၏။

မိုးကိုအောင်တို့ စုံတွဲက သတ္တိကောင်းစွာဖြင့် Main Mast ပေါ်တက်၍ မြို့တော်ညကို နှုတ်ဆက်ကြ၏။

သင်္ဘောဥဩဆွဲသံနှင့်အတူ သင်္ဘောအနေအထား အချက်ပြမီးတွေ လင်းလာသည်။

သင်္ဘောနောက်မှ အချက်ပြမီးတွေ လင်းလာ၏။ သင်္ဘောခရီးထွက်ကြောင်းပြ လက်ဝဲဘက်မီးနီနှင့် လက်ယာဘက် မီးစိမ်းတွေ ထွန်းလင်းလာ၏။

ရန်ကုန်မြစ်ထဲမှာ သင်္ဘောခုတ်မောင်းစဉ် အဝေးမှာ လှမ်း၍ ဖူးမျှော်ကြည်ညိုရသော လေးဆူဓာတ်ပို့ မြတ်ရွှေတိဂုံစေတီတော်ကြီးအား ဦးခိုက်၍ မဝအောင်၊ ရှင်နှင့် စိတ်ထား၊ ခဝပ်တွားမိရသည်။



www.burmeseclassic.com

www.burmeseclassic.com



မမွှရှိန်ရောင်ဖြင့် မီးမောင်းတစ်ထောင်ထက် လင်းသော ဘုန်းတန်ခိုးတော် ရောင်စဥ်များဖြင့် အတိပြီးသည့် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဦးခိုက်ပူဇော် ကော်ရော်ရှိခိုးရသော အကျိုးကျေးဇူးသည်ကား လက်ငင်းစစ်စစ် ပေးစွမ်းနိုင်ပါပေ၏။

ရင်နှင့်စိတ်ဝမ်း ငြိမ်းချမ်းကြည်လင်ခြင်းတွေ ချက်ချင်း ဖြစ်ပေါ်လာမိကြကုန်သည်။

ညဘက် ကမ်းကူးနေကြသော သမ္ဘာန်ကလေးတွေ၊ အလင်းပြန် ရေလှိုင်းတွေကြား လွန့်လူးသွားလာနေကြ၏။ ရွှေမြို့တော်ကြီးရဲ့ ညရှုခင်းတွေက ခေတ်မီနိုင်ငံတော်ကြီး ဘဝကို အရှိန်အဟုန်ဖြင့် လှမ်းကြွသည့် အသွင်အားမာန်တွေ ပြိုးဝင်းလက်ပရောင်စဥ် ...။

ရွှေမြို့တော်ကြီးကို အားပါးတရ လက်ပြနှုတ်ဆက်နေဖြစ်ကြ၏။ တဖြည်းဖြည်းနှင့် ရွှေမြို့တော်ပုံရိပ်တွေနှင့် ဝေး၍ဝေး၍ သွားသောအခါ လူတိုင်း ကိုယ်စီရင်မှာ အလွမ်းမြူခြေသမ်းပြီး အဆွေးတိမ်စိုင်တွေ လွှမ်းလာသလို ဖြစ်ကုန်သည်။





AUK ရဲ့ အမြန်နှုန်းဖြင့် ရန်ကုန်မြစ်ဝကို သိပ်မကြာလိုက်သလို ရောက်ရှိလာခဲ့သည်။ ညစာကို သင်္ဘောနောက်ဘက် ဒုတိယထပ် လသာဆောင်မှာပင် တည်ခင်းပြင်ဆင်ထား၏။ ကပ္ပတိန်၏ ဖိတ်ကြားမှုနှင့်အတူ သူတို့တစ်ဖွဲ့လုံး လေသာဆောင်ရှိ စားပွဲမှာ နေရာအသီးသီး ယူဖြစ်၏။

မိုက်ကရိုဝေ့(ဗ်)မီးဖိုဖြင့် ပေါင်းထားသော ကြက်ဆင်ကြီးနှစ်ကောင်ကို အလယ်ဗဟိုမှာ တည်ခင်းထား၏။ အရန်ဟင်းပွဲများမှာ ဟင်းသီးဟင်းရွက် အစုံကြော်၊ ကော်ပြန့်ကြော်၊ စွပ်ပြုတ်ရည်၊ ပင်လယ်ဂဏန်းလက်မကြော်၊ ကျောက်ပွင့်သုပ်၊ ပြည်ကြီးငါးသုပ်၊ ဝက်ပေါင်ခြောက်ကြော်နှင့် အချိုတည်းရန် သစ်သီးဝလံမျိုးစုံ။ ဝိုင်ဖြူ၊ ဝိုင်နီ။

အနောက်တိုင်းဆန်ဆန် ခင်းကျင်းထားသော စားပွဲပုံစံကိုကြည့်၍ စန္ဒရာက ခပ်တိုးတိုး ပြောလာ၏။

“ပဲဟင်းနဲ့ ဘာလချောင်ကြော် မပါဘူး”

မိတိက ...



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါမျိုးတွေ မကြိုက်ပါဘူး၊ ရေတ်သီးစပ်စပ်နဲ့ ကြော်ထားတဲ့ ငါးခြောက်ကြော်ကလေးကို မန်ကျည်းရွက်ချဉ်ရည်ဟင်းလေးနဲ့ အပြတ်လွေးပစ်လိုက်ချင်တယ်"

ဇွမေတြီက ...

"မြို့ပြမှာ ညှော်ခံပွဲပုံစံ စားသောက်ပွဲတွေနဲ့ ဘူဖေးတွေကို စိတ်ပျက်လာလို့ ပင်လယ်ကို ထွက်လာခါမှ၊ ဒီစားသောက်ပွဲပုံစံနဲ့ ပြန်ကြုံနေရပြန်ပြီ၊ ဟင်း ... စိတ်ရှည် ... သည်းခံ ... နိဗ္ဗာန်တဲ့နော်"

ဇီနိုက ...

"မင်းတို့ မိန်းမတွေ တော်တော်ချေး(ဂျီး)များတယ်၊ သူတို့လည်း သူတို့နိုင်သလောက် အကောင်းဆုံးဖြစ်အောင် လုပ်ပေးနေတာပဲ၊ သိပ်ဝေဖန်မနေနဲ့၊ ကပ္ပတိန်ကြားသွားရင် မကောင်းဘူး"

စားဖိုမှူး အုန်းလုံး တစ်ယောက်တည်း အလုပ်ရှုပ်နေစဉ် ကပ္ပတိန်ကိုသက္က ရောက်ချလာ၏။ ကပ္ပတိန်ဝတ်စုံနှင့်။ ဦးထုပ်ကို စားဖိုမှူးဆီ ကမ်းပေးလိုက်သည်နှင့် နံရံချိတ်မှာ စားဖိုမှူးက ရွရွကလေး သွားချိတ်ပေးရရှာသည်။





"မင်္ဂလာအပေါင်းနဲ့ ခညောင်းတဲ့ ညပါပဲဗျာ၊ အားလုံး လွတ်လပ်စွာ စားသုံးကြပါ၊ ကျုပ်တို့အတွက် ညစာစားချိန် နာရီဝက်လောက် ရပါသေးတယ်"

နာရီဝက် အချိန်ပေးမှုစကားကို အားလုံး ခိုးလိုးခုလု ဖြစ်သွားကြ၏။ သို့ဗြား ကပ္ပတိန် ဆက်ပြောနေသော စကားကို နားထောင်နေလိုက်ပြီး စတင်စားသုံးလိုက်ကြရ၍ ခိုးလိုးခုလုဖြစ်မှုကြီးကို မေ့သွားကြ၏။

စားဖိုမှူးက ဝိုင်ရည်တွေကို ကလပ်ခွက်တွေထဲ လိုက်ဖြည့်ပေးနေ၏။ ကပ္ပတိန်နှင့် နီးကပ်စွာ ထိုင်နေရသော မိုးသူအောင်က ရေလမ်းကြောင်းနှင့် သက်ဆိုင်တာတချို့ကို မေးမြန်းနေ၏။ ပြီးလျှင် ကပ္ပတိန် အပါအဝင် လူကိုးယောက်စလုံး စားကောင်းကောင်းနှင့် စားလိုက်ကြသည်မှာ ဖိုင်ဘာပန်းကန်တွေ အထပ်လိုက် စီသွားသည် အထိပင်။ ကြက်ဆင်နှစ်ကောင်လည်း အရိုးပဒေသာ ကျသွား၏။ ဝိုင်ရည်ချိုပုလင်းတွေလည်း လေးငါးလုံး ပြောင်သလင်းခါသွား၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်လူတွေအဖို့ ကျန်သေးရဲ့လားဟု ဓိနိုက အားနာပြီး မေးရသည်အထိပင်။ ကပ္ပတိန်က ...

"အလျှံပါယ်ရှိတယ်၊ သူတို့စိတ်ကြိုက် အစားအစာကို သူတို့ သီးသန့်မှာကြားကြလိမ့်မယ်"

ညစာစားသောက်ပြီးစီးသည်နှင့် အပေါ်ထပ်ကိုတက်၍ လေညင်းခံကြ၏။ မိန်းကလေး လေးယောက် စုဖွဲ့ပြီး စကားကောင်းနေကြသလို၊ ကပ္ပတိန်နှင့် သူတို့လေးယောက်လည်း လေပေးဖြောင့်နေကြ၏။

"မကြာခင်မှာ ကျုပ်တို့သင်္ဘော ပင်လယ်ကိုရောက်ပြီ၊ အဲဒီအခါကျရင် မိတ်ဆွေတို့ လှိုင်းမူးကြလိမ့်မယ်၊ အကျင့်မရှိသေးလို့ ဖြစ်တာ ဘာမှ စိုးရိမ်စရာ မရှိဘူး၊ ကိုယ့်မိန်းကလေးကို ကိုယ်ထိန်းကြပေါ့"

မိုးကိုအောင်က ...

"ကျွန်တော်တို့ သုံးယောက်က ပင်လယ်ကို သွားကျင့်ရှိပြီးသားပါ၊ ခေယတို့ စုံတွဲနဲ့ ကျန်မိန်းကလေးတွေသာ စိုးရိမ်ရတာ၊ လှိုင်းမူးတဲ့ဒဏ်ကလည်း ခံရတာ မသက်သာဘူးနော်"





ကပ္ပတိန်က ပြန်လည်၍ ...

"AUK ကိုစီးလို့ လှိုင်းမူးရင် တစ်ရက်ပါပဲ၊ နောက်နေ့ ကျင့်သားရသွားလိမ့်မယ်၊ တခြားစက်လှေနဲ့ သင်္ဘောတွေဆိုရင်တော့ သုံးလေးရက်လောက် အအိပ်ပျက် အစားပျက် အပြင်းအထန်ကို မူးပြီးမှ ကျင့်သားရသွားကြတာ၊ AUK နဲ့ တခြားသင်္ဘောတွေ မတူရတဲ့ အကြောင်းက တခြားသင်္ဘောတွေက လှိုင်းတွေကို သင်္ဘောအလေးချိန်နဲ့ ထိုးခွဲပြီး သွားတယ်၊ လှိုင်းတံပိုး အနိမ့်အမြင့်အတိုင်း ကိုယ်ထည်အင့်အမော့ ဖြစ်နေရတယ်၊ AUK က အဲ့ဒီလို မဟုတ်ဘူး၊ မြန်နှုန်းမြင့် သူ့အရှိန်နဲ့ ပင်လယ်လှိုင်းတံပိုးတွေရဲ့ အပေါ်က ရှပ်ထိုးပြီး ပြေးနေတာ၊ အမြန်နှုန်းကြောင့် လှိုင်းလို နိမ့်မြင့်ဖြစ်ပြီး သင်္ဘောကိုယ်ထည် အင့်အမော့ လေးတောင်မှ ဖြစ်ချိန်သိပ်မရလိုက်ဘူး၊ လှိုင်းမူးသက်သာတယ်"

"ကပ္ပတိန် ပြောတဲ့ နာရီဝက်ဆိုတာ လှိုင်းမူးတော့မဲ့ အချိန်ကို တွက်ပြောတာ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ခေယက တွက်ခာအတွေးဖြင့် မေးလိုက်ခြင်းပင်။

ကပ္ပတိန်က ...

"မှန်တယ်" ဟု သံပြတ်ပြန်ဖြေ၏။

မကြာခင် နာရီဝက်ပြည့်တော့မည်မို့ သူတို့တစ်ဖွဲ့လုံး အောက်ဆင်းကာ အခန်းပြန်အောင်းကြ၏။

ကပ္ပတိန်က သူ့အဖွဲ့သားတွေ ထမင်းစားချိန်မှာ သူ တာဝန်ဝင်ယူပေးရမည်မို့ အားလုံးကို နှုတ်ဆက်ပြီး ရေယာဉ်မောင်းနှင်ခန်းထဲ ပြန်သွား၏။

မကြာမီမှာပင် သင်္ဘောသိမ့်ခနဲ သိမ့်ခနဲ ဖြစ်လာ၏။ ပင်လယ်လှိုင်း အရှိန်က အစွမ်းပြလေပြီ။ မရပ်မနား၊ လှိုင်းတိုးနေမှုကို စီးနင်းရင်း သိနေရ၏။ မိန်းကလေးတွေ အိပ်ရာပေါ် ပစ်လှဲကုန်၏။

သူတို့ယောက်ျားလေးတွေ ဘာမှမဖြစ်သလို တောင့်ခံနေကြသေး၏။ မရပ်မနား ရိပ်ခနဲ ရိပ်ခနဲ ဖြစ်ပေါ်လာသော ဒဏ်ကြောင့် ခေယ တစ်ယောက် အိပ်ရာပေါ်မှာ မှောက်သွား၏။





လေထဲလွှတ်သလို ဖြစ်သွားလိုက်၊ အိခနဲ ပြန်ကျသလို ဖြစ်သွားလိုက်နှင့် အခံရခက်သော ဝေဒနာကြောင့် လှဲနေရသော်လည်း မည်သူမှ အိပ်မပျော်ကြ။ ထထိုင်လိုက်ပြန်လျှင်လည်း တရိပ်ရိပ်မူးပြီး စားသောက်ထားသမျှတွေ အော့အန်ကုန်၏။

ထိုင်ရအခက်၊ ထရအခက်နှင့် ဘယ်လိုနေရမှန်းမသိအောင် မူးနေကြသည်။ သင်္ဘောအပြင် ထွက်ပြန်လျှင်လည်း ဆားနံ့နှင့်စီးသလို ဖြစ်နေသော လေရနံ့၊ သင်္ဘောဆားနံ့တွေနှင့် ပို၍မူးပြန်၏။

ရှူဆေးတောင့်တွေနှင့် ကယ်ကူသော်လည်း ခဏတာ။ မိုးကိုအောင်က တစ်ခန်းဝင် တစ်ခန်းထွက် လိုက်လံအားပေးရင်း အမူးအမော ပြေစေရန် ချိုချဉ်နှင့် လိမ္မော်သီး၊ ရှောက်ချိုသီးတွေ လိုက်ဝေပေးနေ၏။ မူးနေသောကြောင့် တစ်ယောက်နှင့်တစ်ယောက် စကားလေးလုံးကွဲအောင်ပင် မပြောနိုင်ကြတော့။ စားထားသော အစာတွေမှာ အဆီအနှစ်တွေ ပါနေ၍ ပိုမူးနေတော့သည်။ အဆီအနှစ်တွေ မစားရန်၊ အမှန်ဆို ကပ္ပတိန်က တား

www.burmeseclassic.com



သင့်သည်ဟု ခေယ ထင်သည်။ မိုးသူအောင်က နောက်နောင် ကျင့်သားအရ မြန်သွားစေရန် ကပ္ပတိန်က အမှုးကုန် မှူးခိုင်းလိုက်ခြင်း ဖြစ်မည်ဟု မှတ်ချက်သာ ပေးလာ၏။ ထိုညတစ်ညလုံး ...

ပင်လယ်လေညင်းခံပြီး ကောင်းကင်ရဲ့ နက္ခတ်စုံညီပွဲကို ကြည့်ရှုရန် အားခဲထားသော ဓိနိုတို့စုံတွဲလည်း အိပ်ရာထဲမှာ လဲပြိုကုန်ကြ၏။

ခံစားမှုထားသူတွေထဲမှာ ကျင့်သားအရဆုံးဖြစ်သည့် မိုးကိုအောင်ပင် ဟိုနားဒီနားမတ်မတ် မလတ်လျားနိုင်တော့။

ပင်လယ်ရဲ့ မိတ်ဆက်ဟန်က ...

သင်းလွန်းလှပါပေသည်။





နောက်တစ်နေ့ မိုးလင်းသည်နှင့် ယောကျ်ားတွေ ထထိုင်သွားလာနိုင်ကုန်ကြ၏။ မိန်းကလေး လေးယောက်စလုံးမှာ အခွေအလှဲမပျက်။ အခန်းထဲမှ မထွက်နိုင်ကြ။ ခေယတို့ လေးယောက် စားသောက်ခန်းထဲ ဖျော်ရည်ဆင်းသောက်သော်လည်း ခံတွင်းပျက်သလို ဖြစ်နေ ဘာမျှစားဝင်။ အခန်းထဲ နေခဲ့သူတွေအတွက် သစ်သီးစုံကို အရည်ညှစ်ထားသည့် ဖျော်ရည်တွေ ကိုယ်စီယူဆောင်ပေးဖို့ ဖြစ်၏။ (သစ်သီးစုံဖျော်ရည်ဘူးတွေ ရှိသော်လည်း သစ်သီးစစ်စစ် အရည်လောက် အာနိသင်ထက်မည် မထင်၍ မယူဆောင်ကြခြင်းပဲ ဖြစ်သည်။)

အခန်းထဲမှ မိန်းကလေးတွေအားလုံး ဖျော်ရည်ကို ကြိတ်မှိတ်သောက်သော်လည်း ပြန်အန်ကုန်၏။ ကော်ဖီပူပူနွေးနွေး ပြောင်းလဲပေးလည်း အနည်းငယ်သာ သောက်ဝင်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



နေ့လယ်ထမင်းစားချိန်မှာ နို့ထမင်း တစ်ဇွန်း နှစ်ဇွန်းနှင့် ငါးကြော် ပူပူနွေးနွေး တစ်ပိုင်းတစ်ဖဲ့လောက်သာ စားဝင်ကြ၏။ အချိန်တိုင်း အခန်းထဲမှာသာ ခွေယိုင်ပြီး ဝမ်းသွားသူတစ်ဦးလို အားလျော့အင်လျော့ လဲနေကြခြင်းဖြင့်သာ တစ်မိုးချုပ်ရပြန်လေသည်။

ကပ္ပတိန်က အချိန်အား ရသည်နှင့် အားပေးစကားလာပြော၏။ နောက်တစ်နေ့မနက် ရောက်သောအခါမှပင် သူတို့အဖွဲ့မှ ယောကျ်ားလေးတွေ အားလုံးကျင့်သားရပြီး ထူထူထောင်ထောင် ပြန်ကောင်းလာကြ၏။ မိန်းကလေးတွေမှာ ထ,ထိုင်သွားလာနိုင်ကြသော်လည်း အစားအသောက် မှန်သမျှကို ငြင်းပယ်နေဆဲ။

မိုးကိုအောင် အဆွယ်ကောင်း၍ သဘောၤပေါ်မှာ ဖဲကစားဖြစ်လျှင် ကစား၊ ဇွန်လွှတ်ချင်လွှတ်၊ ငါးမျှားချိတ်မျှားနှင့် အပန်းဖြေစရာတွေ ဝင်လာ၍ ခရီးစဉ်အတွက် ပြန်လည်တက်ကြွစိတ်တွေ ဝင်လာမိကြသည်။

ပင်လယ်အတွင်းသို့ ဝင်လာပြီးသည်နှင့် သူတို့စတင်တွေ့ကြုံစကလို လှိုင်းလေတွေ မပြင်းလွန်းတော့။ သင်္ဘောဦး





လည်း ငြိမ်သွားလေပြီ။ အခန်းအောင်းနေသည့် မိမိတို့ သက်ဆိုင်ရာ အမျိုးသမီးတွေကို ကုန်းပတ်ပေါ် ခေါ်တွဲပြီး လမ်းလျှောက်နိုင်းရပြန်သည်။

သုံးရက်မြောက် မနက်ခင်းကို ရောက်သောအခါမှ မိန်းကလေး လေးယောက်စလုံး လူကောင်းအသွင် ပြန်လည်အသက်ဝင် သွေးကြွလာကြ၏။ မိန်းကလေးတွေ သွေးကြွလာလျှင် မာန်ဝင်ရန်ထောင်စိတ်တွေပါ တွဲလျက်ပါလာကြလေရော့သလားထင်။

"ရှင့်ရဲ့ ပျော်စရာကောင်းတဲ့ ခရီးကလည်း ပျော်စရာကောင်းလိုက်တာ အားကြီးကြီး၊ ဟင့် ... မသေတာ ကံကောင်းတယ်၊ တော်ပြီ ... ဒီတစ်ကြိမ် မသိလို့ လိုက်မိတာ၊ နောက်ဆို ဒီလိုမိုက်မဲတဲ့ အလုပ်မျိုး စိတ်ကူးထဲတောင် မထည့်ဘူး"

မီတီ ဒေါက်နံရန်တွေ့နေ၍ ခေယ အမြန်ပြန်၍ချော့ရပြန်သည်။ မီတီ စိတ်ဆိုးလွန်သွားလျှင် ကွေ့ရာစွတ်လုပ်တတ်သည့်အကျင့် ရှိနေတာ ခေယ သိ၏။ မီတီနှင့် ခေယတို့ လက်ထပ်ပြီးစီးကြသည်မှာ တစ်လခန့်သာ ရှိသေး၏။ မီတီက



www.burmeseclassic.com

www.burmeseclassic.com



ဟန်းနီးမွန်း ထွက်ချင်သည်။ ပြည်တွင်းရော ပြည်ပပါရောက် ဖူးသည့်နေရာ စုံနေပြီမို့ ရေခဲတောင်ပဲ တက်ရမလို၊ ပင်လယ်ခရီးပဲထွက်ရမလို၊ လကမ္ဘာသို့သွားမည့် ယာဉ်လက်မှတ်ပဲ ကြိုတင်ပြီး ရင်ခုန်စောင့်စားရမလိုနှင့် လိုလိုတွေ ဖြစ်နေခဲ့ရာမှ ဘဝတူမိုးကိုအောင်တို့ ကြင်စဦးဇနီးမောင်နှံ အဆွယ်ကောင်း၍ ပင်လယ်ခရီးကို ပျားရည်ဆမ်း ထွက်ဖြစ်ခဲ့ကြခြင်းပင်။ ဒီဗီနို့တို့ စုံတွဲ နှင့် ဇီနိုတို့ စုံတွဲမှာ မိုကိုအောင်တို့ (စိတ်ကြိုက်ခရီးဖော်အဖြစ်) ရွေးချယ်ထားသော ကြင်စဦးဇနီးမောင်နှံများ ဖြစ်နေကြပြန်သည်။

ခေယတို့စုံတွဲနှင့် ဒီဗီနို၊ ဇီနိုတို့ စုံတွဲကို မိုးကိုအောင်တို့ စုံတွဲက ခရီးမထွက်ခင် တစ်ညအလိုမှာ ပါတီပွဲအသေးစားလေး ကျင်းပပြီး မိတ်ဆက်ရင်းနှီးစေခဲ့ခြင်းပဲ ဖြစ်သည်။

မိန်းကလေး အချင်းချင်းမှာ ရောကွဲသို့ပင် ပူလွယ်အေးလွယ်၏။ တစ်ယောက်နှင့် တစ်ယောက် ခင်မင်လွယ်သလို တစ်ယောက်နှင့် တစ်ယောက် စကားလေးတစ်ခွန်း မှားရုံလောက်နှင့်လည်း စိတ်ကောက်ချင် ကောက်သွားတတ်ပြန်၏။





ယောကျ်ားတွေမှာ ပူခဲ၊ အေးခဲသော ကုန်းမြေနှင့်တူ၏။ တစ်ယောက်နှင့် တစ်ယောက် တော်တန်ရုံလောက်နှင့် စိတ်မဆိုးကြ။ စိတ်ဆိုးကြပြီ ဆိုလျှင်လည်း ပြန်ခေါ်ဖို့ မလွယ်တော့။

ခေယလိုပင် ဒီဗီနိုနှင့် ဇီနိုမှာလည်း ပင်လယ်အတွေ့အကြုံ မရှိရှာသော ဇနီးအသစ်စက်စက်ကလေးတွေကို ချော့မော့နေကြ၏။

အပေါ်ဆုံးထပ်မှာရှိသော အသက်ကယ်လှေထဲမှာ တက်ထိုင်နေသည့် မေတြီကို ဇီနိုက နေကြာစေ့ ခွာကျွေးရင်း ပင်လယ်ရှုခင်းတွေပြကာ စိတ်ရှည်လက်ရှည် ချော့မော့နေ၏။

"ရှင့် ရှုခင်းကလည်း ဘယ်ကြည့်ကြည့် ရေတွေပဲ တွေ့နေရတာ၊ နေရောင်ကလည်း ပြင်းစပ်နေတာပဲ၊ ကျွန်မတော့ ကြာကြာနေနိုင်မယ် မထင်ဘူး"

"အဏ္ဏဝါ ရေပြင်ပေါ်ကနေ နက္ခတ်တာရာတွေ လေ့လာချင်တယ်လို့ တြီပဲ ပြောခဲ့ပြီးတော့၊ ညရောက်ရင် ကိုယ်တို့ တပ်ဆင်ထားတဲ့ မှန်ပြောင်းကြီးနဲ့ ကိုယ်တို့ အပျင်းပြေပါပြီ၊ ကိုယ်တို့ရဲ့ မဟာရည်ရွယ်ချက်ကြီးတွေ ပြန်ဆွေးနွေးပြီး အားမွေးလိုက်စမ်းပါ တြီရယ်"



www.burmeseclassic.com

www.burmeseclassic.com



"မွေးပါတယ်၊ မွေးနေလို့ ဒီလောက် နေပေးနေတာပေါ့၊ နို့မို့ဆို သင်္ဘောကို နောက်ပြန်လှည့်ခိုင်းလိုက်ပြီ"

"တြီလေးရယ် ... မင်း ပျင်းနေရင် ရုပ်ရှင်ကြည့်မလား၊ ကပ္ပတိန်ဆီမှာ ရုံသော့တောင်းလိုက်မယ်၊ ကိုယ့်ဘာသာ ကြိုက်တဲ့ကား ထိုးကြည့်လို့ ရတယ်၊ ဒါမှမဟုတ် ဂြိုဟ်တု ကနေတစ်ဆင့် ကမ္ဘာပေါ်မှာရှိတဲ့ ရုံကြီးတွေမှာ ရုံတင်နေတဲ့ ကြိုက်ရာဇာတ်ကားကိုရွေး၊ သူ့ပြချိန်မှာကြည့်၊ အဲဒါ မကြည့်ချင်ရင်လည်း ဂြိုဟ်တုသတင်းနဲ့ အားကစားပွဲတွေ အကြောင်း သွားကြည့်ကြမယ်လေ"

"အဲ့ဒီလို ကြည့်ရမှာကြီးက ပျင်းစရာကောင်းနေတာရှင့်"

မတြီ ပြန်ပြောလိုက်သော စကားကြောင့် ဇီနီ လှေဝမ်းထဲကို တောင့်တောင့်ကြီး လဲကျသွား၏။ စိတ်ပျက်လက်ပျက် မှေ့သွားဟန်ကို တမင် လုပ်ပြလိုက်မှပဲ တြီက ဇီနီ ပုံစံကြီးကို ကြည့်ပြီး အားပါးတရ ထ,ရယ်၏။

သင်္ဘောတတိယထပ်မှာ နေစာလှုံနေသော စန္ဒရာကို အသားလှဆီ(နေလောင်ဒဏ်စသည့်အဆီ) လိမ်းပေးနေသော ဒီဗီနီက ...





"ပင်လယ်လေက အခုကျတော့ ထင်သလောက်လည်း မကြမ်းတော့ဘူးနော်၊ ကြည့်ပါဦး၊ ရေတွေရဲ့အရောင်က လည်း လှနေတယ်"

"ရှင်နဲ့ မိုးကိုအောင် ရှုးနမ်းနေတဲ့ အထဲကို ကျွန်မပါ ပါအောင် ဆွဲထည့်နေတာလား၊ လာလုပ်မနေနဲ့၊ ကျွန်မ ကတော့ ကြာကြာဒဏ်ခံနိုင်မှာ မဟုတ်ဘူး၊ ရှင်ချော့လည်း ပျော့သွားမယ် ထင်မနေနဲ့၊ အစကတည်းကိုက ကျွန်မည့် တာပါ၊ ရှင်လိုလူကို အိမ်ထောင်ဖက်အဖြစ် ရွေးလိုက်မိတာ မှားတယ်၊ အသွင်မတူဘူး၊ ရှင်က ကျွန်မကို ရေငုပ်ဝတ်စုံတစ်စုံလောက်တောင် အသိအမှတ်ပြု တန်ဖိုးမထားချင်ဘူး မဟုတ်လား"

"ဒီလိုလည်း မဟုတ်သေးပါဘူး စန္ဒရာရယ်"

"တော်ပါ၊ ဒီအဏ္ဏဝါတိုင်းတာရေးပညာရှင် ဆိုတဲ့ မိုးကို အောင်ရဲ့ အလုပ်က ဘာအဓိပ္ပာယ်ရှိသလဲ"

"ရှိတာပေါ့၊ ကမ္ဘာပေါ်မှာ ရေမျက်နှာပြင်နဲ့ ရေရဲ့နေရာယူမှုဟာ ၇၁ ရာခိုင်နှုန်းရှိတယ်၊ ရေထုကြွေးဘစ်မိုင်ပေါင်း ၃၀၃ ရှိတယ်၊ ပျှမ်းမျှ ပေ ၁၂၄၅၀ အထိ နက်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



အကျယ်စတုရန်းမိုင်ပေါင်း ၁၄၀ ရှိတယ်၊ အလ္လာဝါဖြစ်စဉ်နဲ့ အပြောင်းအလဲ အသိပညာတွေကို ရက်,လ,နှစ်အလိုက် မှတ်တမ်း ရေးဆွဲထားနိုင်တယ်၊ သုတေသနလုပ်ငန်းရဲ့ အကျိုးသက်ရောက်မှု ...”

“တော်ပြီ ... တော်ပြီ၊ ယောက်ျားဖြစ်ပြီး မိန်းမတစ်ယောက်ကို ဒီလောက် နားညည်းအောင် ပြောနိုင်တဲ့ ရှင့်အရည်အချင်းကို ကျွန်မ သဘောပေါက်သွားပြီ၊ နေပါစေတော့၊ မရှင်းပါနဲ့တော့၊ နေရောင်လည်း ပြင်းလာပြီ၊ အခန်းထဲမှာ ရေစိမ်ချိုးပြီးတာနဲ့ ကျွန်မ အနားယူလိုက်တော့မယ်၊ နေ့လယ်စာကို အခန်းထဲသာ ပို့ခိုင်းလိုက်တော့၊ ပြီးရင် ရေအောက်ဓိဝအခြေခံပစ္စည်းတွေ ရှာဖို့ ကြိုက်တဲ့အချိန် ရှင် ရေငုပ်သွားနိုင်ပြီ၊ ဟုတ်လား၊ ခွင့်ပြုလိုက်တယ်နော်”

စန္ဒရာက အဝတ်ပိုင်းဖြင့် ဘီကီနီပေါ်မှာ ပတ်ချည်လိုက်ပြီး နေကာမျက်မှန်ကို နဖူးထက်တင်ကာ နားငြီးသွားဟန်ဖြင့် နားကလော်သလို လုပ်ပြပြီး အောက်ထပ်ကို ဆင်းသွား၏။ ကြင်စဦးဇနီးဖြစ်သူရဲ့ သလုံးသားကို ဖွဖွလေး ဆုပ်နယ်လိမ်းပေး





ခဲ့သည့် သူ့လက်ဖဝါးမှ အလှဆီတွေကို သူ စိတ်ပျက်လက်ပျက် ငွတ်သပ်ကြည့်ရင်း ကျန်နေရစ်ခဲ့၏။

သင်္ဘောအောက်ထပ် ပွဲပိုင်းမှာ ငါးမျှားနေသော မိုးကိုအောင်နှင့် နိုဇာတို့ ရှိရာကို ကပ္ပတိန် ရောက်လာပြီး နှုတ်ဆက်၏။

“မိတ်ဆွေတို့ ကံကောင်း ထောက်မ,ပြီး ငါးမန်း တစ်ကောင်လောက် မိချင်မိနိုင်မှာပါ၊ ဝေလငါးဆိုရင် ငါးမျှားကြိုးတွေက ကောင်းကောင်း တောင့်ခံနိုင်ပါတယ်”

ကပ္ပတိန်ဝတ်စုံ ဝတ်မထားသော ကိုသက္ကရဲ့ ကိုယ်ပေါ်မှာ တီရှပ်တစ်ထည်နှင့် Blue Nice ကိုယ်ကျပ်ဘောင်းဘီ ဝတ်ထားတာ တွေ့ရ၏။ လက်ထဲမှာ ဝိုင်အရက်ဖြူပုလင်းနှင့် ကလပ်ခွက်သုံးလုံး၊ သူတို့နှင့် စကားပြောရန် ကြိုတင်ရည်ရွယ်ရောက်လာသည့် ပုံစံ။

“ကဲ ... ကမ္ဘာကျော် ဂျာမန်ဝိုင် Rhineland ကို မြည်းစမ်းသောက်ကြည့်ကြပါလား”

မိုးကိုအောင်ထံကို ဝိုင်အရက်ဖြူ ငှဲ့ထည့်ထားသော ကလပ်ခွက် ထိုးပေးလာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပဲ ကပ္ပတိန်၊ ကျွန်တော့်ရဲ့ ဇနီးကတော့ ဝိုင်မကြိုက်တတ်လို့ ခွင့်လွှတ်ပါ"

"အိုး ... နီး ... ဝိုင်က မပြင်းပါဘူး"

နီဇာက ပခုံးနှစ်ဖက် တွန့်ပြပြီး ...

"ကျွန်မ မသုံးဆောင်နိုင်တာ နားလည်ပေးပါ"

"ကောင်းပါပြီ မနီဇာ၊ ဘယ်လိုလဲ ... ငါးမျှားရတာ စိတ်အပန်းပြေမှု ရရဲ့လား"

"ရပါတယ်၊ အခုထက်ထိတော့ တစ်ကောင်မှ မမိသေးဘူး"

လွှတ်လပ်ပေါ့ပါးစွာ ရယ်မောဖြစ်ကြ၏။ မိုးကိုအောင်က ...

"ကပ္ပတိန် သင်္ဘောပေါ်မှာ ဝိုင်ပုလင်းတွေ တော်တော်ပါလာပုံရတယ်"

"အကောက်ခွန် လွှတ်လောက်ရုံ၊ ကိုယ်သောက်တဲ့ အတိုင်းအတာလောက်ပါဗျာ၊ ပြင်သစ်ဝိုင်တွေကိုလည်း တစ်ခါတလေ သောက်တာပါပဲ၊ ကမ္ဘာကျော် ဝိုင်တွေဖြစ်တဲ့ ဘာဂန်ဒီတို့ ဘောဒိုးတို့ ဘိုဂျိုလေးတို့လည်း ပါပါတယ်၊ မိတ်ဆွေ နှစ်သက်ရင် ယူသောက်ပါ၊ အားမနာနဲ့နော်"





"ကျေးဇူး ကပ္ပတိန်၊ ကျွန်တော်က ဝိုင်ထက် ထမင်းစားပြီးရင် Cognac အစာချေအရက် ဘရန်ဒီလောက်ပဲ အသောက်များတတ်တာပါ"

"အီတလီအမြီးအရက် Campari ကိုရော မကြိုက်ဘူးလား"

"အဲ့ဒါတော့ မသောက်ဖူးဘူး"

"ဒီည သောက်ရမှာပေါ့၊ ငါးကင်နဲ့ တွဲမလား၊ ဝက်ပေါင်ခြောက်နဲ့ တွဲမလား၊ စားဖိုမှူးကို မှာထားလိုက်မယ်လေ"

မိုးကိုအောင်က နီဇာ့ကို အခွင့်တောင်းသလို ကြည့်၏။ နီဇာက ကပ္ပတိန် မမြင်အောင် မျက်နှာထားတစ်ခြမ်း ရှုံ့မဲ့ပြ၏။ မျက်နှာတစ်ခြမ်းမှာမူ ပြုံးပြုံးလေး။

ထိုစဉ်မှာပင် နီဇာ့ရဲ့ ငါးမျှားကြိုး တင်းသွား၏။

"ဟော ... ငါးမိပြီ"

ကပ္ပတိန်က ငါးမျှားကြိုးကို အမြန်ရစ်လှည့်ပြီး ငါးကို ဆွဲတင်၏။ မိုးကိုအောင်နှင့် နီဇာမှာ ရေထဲမှ ဘွားခနဲပေါ်လာမည့် ငါးကို စိတ်ဝင်တစား စောင့်ကြည့်နေကြ၏။ ရွှေငါးပုံစံ ငါးကြီးတစ်ကောင် ပါလာ၏။ ငါး၏အပြားလိုက် ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ထည်ကိုက လူကြီးတစ်မွေ့ခန့် ရှိ၏။ ငါးမျှားချိတ်မှာ ဖျပ်ဖျပ်လူး နေတာကို ကြည့်ပြီး နိဇာက မျက်နှာလွှဲကာ ...

"ပြန်လွှတ်လိုက်ပါရှင်၊ သနားပါတယ်"

ကပ္ပတိန်က နိရာ့ စကားကို အလေးမထားဟန်ဖြင့် ငါးကြီးကို ဆွဲတင်နေ၏။ သဘော်ပေါ် ရောက်သည်နှင့် ထွန့်ထွန့်လူး ခုန်နေသော ငါးကြီးကြောင့် နိရာ လန့်ပြီး အထဲဝင်ပြေး၏။ မိုးကိုအောင်လည်း ဆိုဖာရှည်ပေါ် ခြေထောက် အမြန်မ,တင်ထား ရ၏။

ကပ္ပတိန်က အေးအေးဆေးဆေးပင် ငါးကြီးကို လက်နှစ်ဖက်နှင့် ဆုပ်ဖမ်းပြီး ငါးမျှားချိတ်မှ ဖြုတ်နေ၏။ မိုးကိုအောင်က မဝံ့မရဲဖြင့် ...

"ဒီငါးကြီးကို ခင်ဗျား ဘာလုပ်မှာလဲ"

"စားမှာပေါ့၊ ဒီညအတွက် သိပ်လိုက်ဖက်တဲ့ အမြည်းရပြီလေ၊ ပင်လယ်ငါးကင်ရဲ့ အရသာကိုသိရင် ခင်ဗျားရဲ့လေဒီလည်း နောက်တစ်ခါ ဒီလိုမျိုး မိပါစေလို့ ဆုတောင်းလာရစေ့မယ်" (ပြောပြီး ကပ္ပတိန် ရယ်၏။)





ပါးစပ် ဟစိဟစိ ဖြစ်နေသော ငါးကြီးကိုကြည့်၍ မိုးကိုအောင် ခေါင်းခါယမ်းပြ၏။ ကပ္ပတိန်က ငါးညှီနံ့ လူးသွားသော လက်နှင့် အင်္ကျီတွေကို နမ်းကြည့်နေ၏။

"ပင်လယ်ကပေးတဲ့ လက်ဆောင်ပေါ့ဗျာ၊ ကျုပ်တို့ခရီးစဉ်ကို ပင်လယ်က လိုလိုလားလား ဖိတ်ခေါ်နေတာ သေချာပါပြီ"

ကပ္ပတိန်၏ မျက်နှာပေါ်မှ အရောင်တချို့ကို မိုးကိုအောင် မြင်တွေ့လိုက်ရ၍ ရင်နှင့်ကျောထဲ စိမ့်ကာ ကြက်သီးမွေးညင်း ထ,သွားမိ၏။ ဒေါသရဲ့အရောင် (သို့မဟုတ်) ရက်စက်ခြင်းရဲ့အရောင်။



www.burmeseclassic.com

www.burmeseclassic.com



အပေါ်ဆုံးထပ်ရှိ သဘော်ာမောင်းနှင်ခန်းထဲကို ဒီဗီနို နှင့် စန္ဒရာတို့ ဝင်ရောက်လာကြသည်။ သဘော်ာကို တက်မကိုင်မောင်းနေသော ကိုလေဥနှင့် သဘော်ာကို ကပ္ပတိန်အစား ယာယီတာဝန်ယူ မောင်းနှင်ပေးသော ရေကြောင်းပြ ကိုမုန်းတို့က လှည့်ကြည့်ကြ၏။

နေလုံးက ပင်လယ်ဆီ ငုပ်လျှိုးကာနီးမို့ မှောင်ရီသမ်းနေလေပြီ။ ညဘက်မောင်းနှင်မှုမှာ အန္တရာယ်များ၍ ဂရုစိုက်ရ၏။

“မိတ်ဆွေတို့ ဘာအလိုရှိလို့လဲ”

တာဝန်ခံ ကိုမုန်းက မှန်ပြောင်းတစ်လက်နှင့် ပင်လယ်ကို ရှုစားရင်း မေးလာ၏။ ကပ္ပတိန်ပုံစံဖမ်းပြီး ဂိုက်ထုတ်လိုက်ဟန် ပေါ်လွင်လွန်းသည်။ ဒီဗီနိုက ...





“သဘော်ာမောင်းနှင်ခန်းကို ဒီက ကျွန်တော့်အမျိုးသမီးက မမြင်ဘူးလို့၊ မြင်ဖူးအောင်ဆိုပြီး လိုက်ပြတာပါ၊ အခွင့်ရှိရင် ကြည့်ရှုလေ့လာပါရစေ”

ကိုမုန်းနှင့် ကိုလေဥတို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြ၏။ ဘယ်လိုအကြံအစည်နှင့် ဘယ်လိုဆက်သွယ်ချက်တွေ ရှိထားကြမှန်း မသိ။ စိတ်ထင်လွဲမှား၍သာ ဖြစ်မှာပါဟု ဒီဗီနို ဖြေတွေး တွေးစဉ် တက်မဘီးကိုင်သော ကိုလေဥက ...

“ကြည့်ပါ ... ကြည့်ပါ၊ မိန်းကလေးက ဒီဘက်ကိုလာ၊ မောင်ရင်က ကိုမုန်းနဲ့ အိလက်ထရွန်းနစ်ပိုင်း ဆိုင်ရာကို ကြည့်ရှုပေါ့၊ လာ ... မိန်းကလေး ... လာ ... လာ”

ကိုလေဥက ငမ်းကြောထပုံ ကြမ်း၏။ ဒု–သ–န–သာ ဆိုတာပင် နားလည်ထားပုံမရ။ ကိုမုန်းက သူ့လက်ကို ဆွဲခေါ်သွား၏။

ကိုလေဥက သူ့အနား ကပ်လာသော စန္ဒရာရဲ့ ကျောပြင်ကို လက်နှင့်အသာ ဖွဖွကိုင်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဒါက လေရဲ့အလေးချိန်တိုင်းတာတဲ့ ဗာရိုမီတာလို့ ခေါ်တယ်၊ ရာသီဥတု အပြောင်းအလဲကို ခန့်မှန်းနိုင်တယ်၊ ဒီပြွန်က မုန်တိုင်းပြွန်၊ အဲ့ဒီပြွန်ထဲမှာ ထည့်ထားတဲ့ အစိုင်အခဲကလေးတွေ ပျက်စီးတာကို ကြည့်ပြီး လေမုန်တိုင်း လာ,မလာကို သိနိုင်တယ်လေ၊ ခေတ်ဟောင်းမောင်းနှင်ထောက်ကူ ကိရိယာတွေပေါ့၊ ဟိုဟာကကျတော့ ကာရိုနိုမီတာလို့ ခေါ်တယ်၊ လောင်ဂျီကျူ့ကို တိုင်းတာနိုင်တယ်၊ ဒီဘက်က ဆက္ကဆတင့်လို့ ခေါ်တဲ့ ခြောက်မြှောင့်အိမ်မြှောင်ပေါ့၊ သူက လတ္တီကျူ့ကို တိုင်းလို့ရတယ်၊ ဟောဒီဘက်က ဟာက မာနိုမီတာ၊ ရေတိမ်ရေနက်တိုင်း ကိရိယာ၊ ဪ … ဒီမှာ … ဒီမှာ … လာကြည့်၊ ဒီ နေ့ပြွန်နဲ့ ညဥ့်ပြွန်တွေက မိုးကုပ်စက်ဝိုင်းကို ကြည့်ပြီး တိုင်းတာတဲ့ ကိရိယာတွေလေ"

ကိုမုန်း ရှင်းပြနေသော အီလက်ထရွန်းနစ်ထောက်ကူပစ္စည်းတွေကို ဒီဗီနို စိတ်မရောက်နိုင်။ ပခုံးကလေးကိုင်လိုက်၊ ကျောကလေးသပ်လိုက်နှင့် "ဘူး"ကျနေသော ကိုလေဥကိုသာ





စိတ်ထဲမှ လည်ပင်းညှစ်နေမိ၏။ သဘော်တက်မဘီးကြီး ဂျည့်ပစ်လိုက်ရ ကောင်းမလား။ ကိုမုန်း ဆိုသည့် မုန်းစရာငတိကြီးကို စိဟ်ရှိလက်ရှိ လက်သီးစာ ကျွေးပစ်လိုက်ရမလား။ ထိုသို့ရှိစဉ်မှာပင် အခန်းထဲကို ကပ္ပတိန် ဝင်လာ၏။ တက်မကိုင်ခန်းထဲမှာ မဖိတ်ကြားပါဘဲနှင့် လူပိုရောက်လာတာကို ကြိုက်ပုံမရသော ကပ္ပတိန်က မျက်စိမျက်နှာပျက်ပြီး အားလုံးကို ဝေ့ခနဲကြည့်၏။ ပြီးမှ မျက်နှာကို ချက်ချင်း ပြန်ပြင်ပြုံးလိုက်ပြီး …

"ဒီခရီးသည်စုံတွဲက ဒီရောက်နေကြတာကိုး၊ ဘာလဲ … အပျင်းပြေအောင် အခန်းစုံ လျှောက်ကြည့်နေတာလား၊ အင်း … ဟုတ်တာပေါ့လေ၊ မိုးလင်းကနေ မိုးချုပ်အထိ ပင်လယ်ကြီးကိုပဲ ကြည့်နေရတာ ပျင်းစရာကောင်းကြမှာပေါ့၊ အလေ့အကျင့် မရှိသေးလို့ပါ၊ ကျုပ်တို့လို ပင်လယ်တစ္ဆေတွေကျတော့ ပင်လယ်ကို ကြည့်ရတာ အမြင်အာရုံရှင်းလွန်းလို့ ကြည့်လိုက်တိုင်းကို စက္ခုရသာ အပြည့်ရှိနေကြပြန်ရော"



www.burmeseclassic.com

www.burmeseclassic.com



ဒီဗီနိုတို့ နှစ်ယောက်စလုံး ကပ္ပတိန့်စကားအပေါ်မှာ ချော်လဲရောထိုင်သလို ပြုံးပြီး နှုတ်ဆိတ်နေကြ၏။ ကိုမုန်းနှင့် ကိုလေဥမှာ ကြောင်ကိုမြင်သော ကြွက်တွေပမာ ငြိမ်ကုပ်ပြီး ကိုယ့်အလုပ်ကိုယ် ဖိလုပ်နေကြ၏။

"ကဲ ... ဒီက မိတ်ဆွေ သိချင်တာရှိရင် မေးလေ၊ AUK ရဲ့ အင်ဂျင်စက် မြင်းကောင်ရေအားနဲ့ တစ်နာရီကို ပင်လယ်ရေမိုင် ဘယ်လောက်နှုန်းအထိ ပြေးနိုင်သလဲဆိုတာကို သိချင်သလား၊ အခု AUK ရောက်နေတဲ့ နေရာဟာ လောင်ဒီတွတ် ဘယ်နှဒီဂရီနဲ့ ဘယ်နှလက်မ၊ လတ္တီတွတ် ဘယ်နှဒီဂရီနဲ့ ဘယ်နှလက်မမှာ ရှိနေသလဲ ဆိုတာကို သိချင်တာလား၊ သုတေသနသမားတွေပီပီ အားမနာစတမ်း မေးမြန်းစမ်းပါ"

ပြုံးပြီး တင်းမာနေသော မျက်နှာထားနှင့် လေသံကြောင့် ဒီဗီနို ခေါင်းကုတ် စဉ်းစား အကျပ်တွေ့နေစဉ် စန္ဒရာက မိန်းမဉာဏ်ကူ၍ ...





"ယူနီကွန်းလို့ ခေါ်တဲ့ ပင်လယ်ရေမြင်း သတ္တဝါကြီးတွေကို ရှင်တို့ တွေ့ဖူးကြသလားဆိုတာ မေးကြည့်ချင်တယ်"

"အခု မေးလိုက်ပြီပေါ့"

"ဟုတ်"

"မြင်ဖူးတယ်၊ ဆယ်နှစ်လောက်တော့ ကြာပြီ၊ အာတိတ်သမုဒ္ဒရာမှာ မြင်ဖူးခဲ့တာပေါ့၊ ဘာလဲ ... အမိတို့စုံတွဲက အဲ့ဒီ ရေမအကောင်ကြီးကို ဖမ်းယူချင်လို့လား၊ အဲ့ဒီ အကောင်ကြီးကို ဝက်သားတုတ်ထိုးလို လုပ်ရောင်းစားရင် လေးငါးနှစ်လောက် စားရလိမ့်မယ် ထင်တယ်"

ကပ္ပတိန် အသောဖောက်လိုက်သော်လည်း မည်သူမှ မရယ်ရဲကြ။ ပြုံး၍ပင် မပြုဖြစ်နိုင်။ ကပ္ပတိန် သွားခွင့်ပြုမှပင် ဒီဗီနိုနှင့် စန္ဒရာ ဒုတိယထပ်ကို ပြန်ဆင်းလာရင်း သက်ပြင်းမောကြီးတွေ မှုတ်ထုတ်ပစ်နိုင်ကြ၏။

ကိုယ့်အခန်းကိုယ် ဝင်မည်ပြင်ပြီးမှ အခန်းထဲမှ ထွက်လာသော ခေယတို့ စုံတွဲကိုတွေ့၍ သူတို့အခန်းထဲကို ဖိတ်ခေါ်လိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ချက်နှာတွေ မကောင်းကြပါလား"

ခေယက စတင်မေး၏။ ဒီဗီနိုက ကပ္ပတိန်အကြောင်းကို ပြောပြလိုက်သည်။

"ဟုတ်မယ် မထင်ပါဘူး၊ သူ နေတတ်သလို နေထိုင်ပြောဆိုတာ ဖြစ်ပါလိမ့်မယ်"

စန္ဒရာက ဝင်၍ ...

"ရှင်က ကပ္ပတိန်နဲ့ သေသေချာချာ နီးနီးစပ်စပ် ဆက်ဆံဖူးလို့လား"

ခေယက မိတီကို လှမ်းကြည့်ပြီး ဒီဗီနိုတို့စုံတွဲ စိတ်ကြောင်သွားသည် အထင်နှင့် ဟားချင်ချင် ပြုံးပြ၏။ မိတီက စန္ဒရာ စကားကို အလေးအနက် ထားဟန်ဖြင့် စဉ်းစားနေ၏။ ခေယက ...

"ကဲပါ ... ထင်သလို အတိုင်းသာ ထားလိုက်၊ ညစာစားပွဲ တက်ရဦးမယ်၊ ကိုယ်လက်သန့်စင်ပြီး အဝတ်အစား လဲကြလေ"





"ကိုယ်တော့ ကပ္ပတိန်နဲ့ ရင်ဆိုင်ရမှာ အလိုလို ကျောချမ်းနေတယ်"

"အန္တေးထည် လေးထပ်လောက် ဝတ်လာခဲ့မေ့ါဗျာ၊ ကျောလုံသွားရင်မချမ်းတော့ပါဘူး"

"ခေယက ကိုယ့်စကားကို ပေါ့ရွှတ်ပစ်နေတာကိုး၊ အေးလေ ... မကြာခင် ခေယ ကိုယ်တိုင်လည်း နားလည်လာမှာပါ"

"စိတ်တော့ မရှိပါနဲ့ ဒီဗီနို၊ လောကမှာ ဒီလိုလူထူးလူဆန်းတွေလည်း ရှိတတ်ပါတယ်၊ ဒါကို ခေါင်းထဲထည့်ထားရင် ကိုယ့်ဘာသာပဲ စိတ်ပင်ပန်းတယ်၊ လွှတ်ထားလိုက်စမ်းပါ၊ ပျော်ဖို့ရွှင်ဖို့ ကိုယ်ဝါသနာပါတဲ့ သုတေသနလုပ်ငန်းတွေ လုပ်ဖို့လာရင် အဲဒီအကြောင်းပဲ တွေးနေလိုက်၊ ခေါင်းရှင်းမှ စိတ်ရှင်းတယ်၊ စိတ်ရှင်းမှ လူပျော်တယ်"

ဒီဗီနိုက ဘားကောင်တာဆီ သွားပြီး ရက်(ဒ်)လေဘယ် သုံးပက်ကို တစ်ကျိုက်တည်း မော့ချလိုက်၏။ ပန်းဆီနံ့ ပြင်းပြင်းကြောင့် ပြန်အန်မထွက်အောင် မနည်းကြိတ်မှိတ်မျိုလိုက်

www.burmeseclassic.com

www.burmeseclassic.com



ရ၏။ ခေယက ပန်းသီးတစ်လုံးကို လှမ်းပစ်ပေးလိုက်၍ ဒီဗီနီ ဖမ်းယူပြီး ခံတွင်းရှင်းအောင် တစ်ကိုက် ကိုက်ဝါးလိုက်၏။

နောက်တစ်ခွက် ထပ်ငှဲ့ပြီး ခေယထံ လှမ်းပေး၏။ ခေယက ခေါင်းခါငြင်းဆန်၏။

"ဘာဖြစ်လို့လဲ"

"အဲ့ဒီ အရက်နံ့က ကျွန်တော့် နှာခေါင်းထဲမှာ ပိုးဟပ်ချေးစော် နံတယ်၊ သောက်လို့မရဘူး"

စန္ဒရာက လှမ်း၍ ...

"ရှင်တို့ကလည်း ဒါတွေပဲ ဦးစားပေးနေ၊ ဘုရားမကြိုက်၊ တရားမကြိုက်တဲ့ အလုပ်ကို နည်းနည်းပါးပါး ရှောင်ကြဉ်ကြပါဦးလား၊ ဘယ်ခရီးကိုသွားသွား ဘုရားတရားနဲ့သွားမှ အန္တရာယ်ကင်းတယ်ဆိုတာ နားလည်ရဲ့သားနဲ့ ကျွန်မတော့ ပြန်လှည့်ချင်နေပြီ"

စန္ဒရာပြောတာ မှန်နေ၍ ဒီဗီနီ အရက်ပုလင်းကို အလုမိနီယံ အမှိုက်ပုံးထဲ သွန်ပစ်လိုက်၏။

မိတီက စန္ဒရာ့ကို ...





"ဒီလိုပြန်လှည့်ရင် ဘာမှ အကျိုးမရှိတော့ဘူးပေါ့၊ ဘာမှ တွေးမပူစမ်းပါနဲ့ စန္ဒရာရယ်၊ ကိုယ်တို့အဖွဲ့က လူရစ်ယောက်တောင် ရှိပါတယ်၊ ဘာမှ ဆိုးဆိုးဝါးဝါး ဖြစ်မသွားနိုင်ပါဘူး"

ဒီဗီနီက ဝင်၍ ...

"မဖြစ်ခင်က ကြိုသတိထားသင့်တယ်၊ မိုးကိုအောင်ကို ကြိုပြောပြီး ကိုယ့်လူအချင်းချင်း ကျိတ်ပြီးစည်းလုံးထားကြရင် မကောင်းဘူးလား၊ အားလုံး သတိထားနိုင်လေ ကောင်းလေပဲ၊ ဒီသင်္ဘောပိုင်ရှင်နဲ့ သူ့လူတွေက သူတို့ပြောသလို ပင်လယ်တစ္ဆေတွေ၊ အဏ္ဏဝါလူကြမ်းတွေ၊ ဒီအချိန်မှာ ကိုယ်တို့ရစ်ယောက်စလုံးရဲ့ အသက်ဟာ သူတို့လက်ထဲ ရောက်နေပြီ၊ ဘယ်သူမှ လာကယ်နိုင်တဲ့ ကမ်းမမြင်လမ်းမမြင် ပင်လယ်ကြီးထဲကို ရောက်နေကြပြီ၊ လျှော့မတွက်တာ ကောင်းပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးမှာ ခေယရဲ့ အပြောင်အပြက်၊ အနောက် အရှုတ် စကားတွေကြောင့် လေးယောက်စလုံး ပြုံးရယ်ဖြစ်ကြပြီး အလေးအနက် အကြောင်းအရာကြီးကို ပေါ့ပေါ့လေးပင် သဘော ထားဖြစ်လိုက်ကြ၏။

ညစာစားပွဲ ရောက်သောအခါ တီနှင့် နီစာတို့ စား ဖိုမှူးအကူ ဝင်လုပ်ပြီး ချက်ပြုတ်ကျော်လှော်ပေးထားသည့် ဟင်း လျာတွေဖြင့် စားမြိန်ဝိုင်း ဖြစ်၍သွား၏။

ပင်လယ်ဂဏန်းပေါင်းနှင့် ကင်းမွန်သုပ်က စား၍ အကောင်းဆုံး ဖြစ်နေ၏။ ထမင်းစားပြီးသည်နှင့် နိုင်ငံတကာ သတင်းတွေ ထိုင်ကြည့်ဖြစ်ကာ တစ်ယောက်တစ်ပေါက် ဝေဖန် ပြောဆိုဖြစ်ကြ၏။ ကပ္ပတိန်မှာ ထမင်းစားဝိုင်းမှာ ခပ်မြန်မြန်စား သောက်ပြီး မောင်းနှင်ရေးခန်းကို သွက်သွက်ပြန်သွားရ၏။ ဟာရီ ကိန်းမုန်တိုင်းသတင်းရ၍ မုန်တိုင်းကို ကွေ့ရှောင်မောင်းနှင်ရန် အတွက် အလုပ်များမည့်အကြောင်း အသိပေးသွား၏။





ဘာမှစိုးရိမ်စရာ မရှိပါ။ AUK က မုန်တိုင်းကို လွှတ်အောင်မောင်းနှင်နိုင်သည့် စက်အားရှိကြောင်း ကပ္ပတိန်ကိုယ် တိုင် အားပေးစကား ပြောကြားသွား၍ သူတို့အားလုံး စိုးရိမ်ကြောင့် ကြမ့်ရွာ နေထိုင်ဖြစ်ကြ၏။ ညပါတီသဘောမျိုးဖြင့် မိုးကိုအောင် အခန်းထဲမှာ အော်ဟစ်ဆူညံ ကခုန်ဖြစ်ကြ၏။ တစ်ယောက်နှင့် တစ်ယောက် စိတ်မဆိုးစတမ်း နောက်ပြောင်ပျော်ပါးသည့်ပွဲက ညဆယ်နာရီထိုးတိမှာ ပြီးဆုံးသွား၏။ ကပ္ပတိန်က ဖိတ်ကြားခိုင်း ထိုက်၍ ညလယ်စာ သဘောမျိုး ငါးကင်နှင့် အဖျော်ယမကာ စားသောက်ရန်အတွက် သင်္ဘောအပေါ်ဆုံးထပ်ပေါ် တစ်ဖွဲ့လုံး တက်ဖြစ်ကြပြန်၏။ အပေါ်ဆုံးထပ်မှာ ခေါက်သိမ်းနိုင်သော ပွဲကုလားထိုင်တွေ ခင်းကျင်းထား၏။ သံပြားအဝိုင်းကို အောက် ထားပြီး မီးပုံဖို၍ ငါးကင်ကြီးကို လှည့်ပတ်ကင်နေသော အုန်းလုံး တွေ့ရ၏။ ငါးကင်ကြီးမှာ မည်သည့်ရသာရှည် သုတ်လိမ်း သည် မသိ။ မွှေးရနံ့ တထောင်းထောင်း ထနေ၍ စားချင်စိတ် တော တံတွေးတွေ ကျိတ်ပြီး မျိုနေကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



ငါ;ကင်ကျက်သည်နှင့် တစ်ယောက်တစ်ဖွဲ့ ဝိုင်းတွယ်လိုက်ကြသည်မှာ ခဏနှင့် ငါးရိုးပြိုင်းပြိုင်း ကျသွားရ၏။

ဇီနိုနှင့် မေတြိက သင်္ဘောမှာ ပါလာသည့် နက္ခတ်မှန်ပြောင်းကြီးဖြင့် ကြယ်တာရာတွေကို လေ့လာနေ၏။

ဒီဗီနိုနှင့် စန္ဒရာက အဝေးကြည့်မှန်ပြောင်စင်ပေါ် တက်ကြည့်နေသည့် သင်္ဘောသား အုန်းလုံး၏ တာဝန်ကို ခဏဝင်ယူ ပြီး အပေါ်တက်ကြည့်နေ၏။ (ကပ္ပတိန်နှင့် မျက်နှာချင်းဆိုင်ရမည့် အရေးကို ရှောင်လွှဲလိုက်ခြင်း ဖြစ်သည်။)

မိုးကိုအောင်နှင့် နီဇာက သုတေသနခန်းထဲ ခဏဆင်းသွားကြ၏။ ခေယနှင့် မိတိက ကပ္ပတိန်နှင့် စကား ကောင်းနေကြ၏။ ထိုစဉ်မှာပင် သင်္ဘောအင်ဂျင်နီယာ ကိုနတ်ကျား ရောက်ရှိလာပြီး ကပ္ပတိန်ကို အရိုအသေပြုလျက် ...

"ကပ္ပတိန် ... အကူအရန် ရေယက်ပန်ကာမှာ တစ်စုံတစ်ခု ငြိနေသလိုပဲ၊ ကျုပ် ရေအောက်ထဲ ဆင်းငုပ်ပြီး ကြည့်ချင် တယ် ကပ္ပတိန်"





"တစ်ယောက်တည်းနဲ့ ဖြစ်ပါ့မလား၊ နေ့ခင်းနေ့လယ်ဘက် သင်္ဘောကျောက်ချတော့မှ ကြည့်ရင် ကောင်းလိမ့်မယ်၊ ညဘက် စက်ရပ် ကျောက်ချပြီး ကြည့်လို့မကောင်းဘူး"

"ကျုပ်တို့ ကြိုတင်ပြင်ဆင်ထားရင် ကောင်းမယ်ထင်တယ်၊ ပစ္စိဖိတ်သမုဒ္ဒရာထဲမှာ ပင်လယ်ဓားပြရေယာဉ်တွေရဲ့ အမြန်နှုန်းက လွတ်အောင်ဆိုရင် အဲဒီရေယက်ပန်ကာဒလက်တွေက အလွန်အသုံးဝင်တယ်လေ"

အနားယူနေချိန်မှာ အနှောင့်အယှက် ထပ်ဝင်လာ၍ ကပ္ပတိန် ဒေါ်ဖောင်းသွား၏။ ဝုန်းခနဲ ထိုင်ရာမှထပြီး တက်မ ခွဲထိုင်ခန်းကို တဒုန်းဒုန်း ဆင်းချသွား၏။

ခဏအကြာမှာ သင်္ဘောစက်သံ ရပ်သွား၏။ ရေထဲမှာ လှိုင်းနှင့်လူးသလို ဖြစ်လာ၏။ သင်္ဘောကျောက်ကြိုးချသံ ကြားရ၏။ ခဏအကြာမှာ ရေငုပ်ဝတ်စုံဖြင့် ရေအောက်သုံး ဓာတ်မီးကိုင်ပြီး ကိုနတ်ကြား နောက်ပက်လက်လှန်ချ၍ ရေထဲ ဆင်းသွားတာ တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ခေယနှင့် မိတီ ကြည့်နေစဉ်မှာပင် ရေအောက်မှ ခတ်မီးရောင်ကို မြင်လိုက်ရသည်။

သင်္ဘောရေအောက်ပိုင်းကို ခတ်မီးရောင် ဝင်သွားတာကို နောက်ဆုံး တွေ့လိုက်ရ၏။ သူ့အလုပ် သူလုပ်နေသည် သဘောဖြင့် ကိုယ့်ဘာသာ စကားဆက်ပြောနေဖြစ်ကြ၏။

နာရီဝက်ခန့် ကြာသောအခါ သင်္ဘောအချက်ပေး ဥသြဆွဲသံ ကြားလိုက်ရ၏။ ပင်လယ်ကို ထွက်လာစဉ်ကတည်းက ခပ်ဝေးဝေးမှ ကုန်တင်သင်္ဘောကြီးတွေ ဖြတ်သန်းသွားတာကို သုံးလေးခါသာ ပျပျကလေး မြင်တွေ့ခဲ့ကြရဖူး၏။ အခြားသင်္ဘော တစ်စင်းမှ ဥသြသံအမှတ်နှင့် ပင်လယ်ကို အားလုံး အကြည့်ဖြန့် ရှာကြည့်မိကြသည်။ အရိပ်အယောင်မျှ မတွေ့။

အောက်ထပ်မှ ဆူညံဆူညံ အသံတွေ ကြားရမှ သင်္ဘောပေါ်မှာ ပြဿနာတစ်ခုခု ဖြစ်ပြီဆိုတာကို သိလိုက်ရသည်။





အားလုံး အောက်ထပ်ကို ဆင်းလာခဲ့ကြသည်။ သော်သား အုန်းလုံး၏ အသံနက်ကြီး ရူးရူးဝါးဝါး ထွက်ပေါ်လာ၏။

"သွေးတွေ ... သွေးတွေ တွေ့တယ် ကပ္ပတိန်"

သင်္ဘောနောက်ပိုင်းကို ရောက်သွားသောအခါ ထိတ်လန့်တုန်လှုပ်နေသော အုန်းလုံးကို တွေ့လိုက်ရသည်။ ကပ္ပတိန်နှင့် ကိုမှန်းတို့ ရေအောက်ဘက်ကို ငုံ့ကြည့်နေကြ၏။ သူတို့အားလုံး ရေအောက်ဘက်ကို ငုံ့ကြည့်လိုက်သောအခါ ...

ကိုမှန်း ထိုးထားသည့် မီးရောင်ကြောင့် ပင်လယ်ရေနှင့် ရောနှီးနေသော လူသွေးကွက်ကို တွေ့လိုက်ရ၏။ ကိုမှန်းက ...

"ရေအောက်မှာ ကိုနတ်ကျား အန္တရာယ် တွေ့နေပြီနဲ့တူတယ် ကပ္ပတိန်"

အားလုံး တုန်လှုပ်ချောက်ချားစိတ် ဝင်နေသလောက် ကပ္ပတိန်ကိုသက္ကရဲ့ အမူအရာနှင့် မျက်နှာအနေအထားမှာ အေးဆေးတက် နိုင်လွန်းလှ၏။



www.burmeseclassic.com

www.burmeseclassic.com



"ငမန်း ကိုက်ဆွဲခံရပြီလား မသိဘူး"

ကပ္ပတိန်က ဖြစ်ရိုးဖြစ်စဉ် တစ်ခုပမာ သုံးသပ်ချက်ကို ခပ်တိုးတိုးချ၏။ ပြီးမှ ခေါင်းခါယမ်းပြီး ...

"ဒီနေရာ ငါးမန်း မပေါ်ပါဘူး"

"လိုက်ဆင်းကြည့်မလား"

ကိုမုန်းက ရဲဘော်ရဲဘက်စိတ်ဖြင့် သွေးပူကာ ဗျာယာခတ်နေ၏။ ကပ္ပတိန်က ရေကသိုဏ်းရှုသလို ရှုလိုက်ရင်း...

"ခင်ဗျား ဆင်းမှာလား ကိုမုန်း"

"ဆင်းမယ်"

ရေငုပ်ခြင်း၌ ဝါသနာထုံသော ဒီဗီနီက ...

"ကျွန်တော်လည်း ရေငုပ်ကျင်လည်ပါတယ်၊ ကိုမုန်းနဲ့ အဖော်လိုက်ပေးမယ်"

စန္ဒရာက ဒီဗီနီကို ဆွဲဆိတ်ပြီး တားမြစ်၏။ ဒီဗီနီက ဂရုမစိုက်။ကပ္ပတိန့် အမူအရာက စိတ်ရှည်ချင်စရာ တစ်စက်မှမရှိ။ ဆွဲကိုင်လှုပ်ယမ်း မေးချင်လောက်အောင် သွေးအေးလွန်းနေ၏။





"ကောင်းပြီလေ ... ရေငုပ်ဝတ်စုံတွေ ရှိတယ်၊ မှိန်းသေနတ်တွေ ယူသွား၊ မှိန်းသေနတ်ပေါ်မှာ ရေအောက်မီးတပ်၊ ကိုနတ်ကျားကို ကယ်လို့ရရင် ကယ်၊ ကယ်လို့မရရင် မကယ်နဲ့"

ကပ္ပတိန် စကားအဆုံးမှာ ကိုမုန်း အတွင်းစကြံ ခန်းထဲ ပြေးဝင်သွား၏။ ကိုမုန်း နောက်မှ ဒီဗီနီ ပြေးလိုက်သွား၏။ စန္ဒရာ လှမ်းအော်တားမြစ်သော်လည်း မရ။ မိတီက စန္ဒရာကို ဖက်ထွေးပြီး နှစ်သိမ့်နေ၏။

"ကျွန်တော်လည်း လိုက်ဆင်းငုပ်ရင် ကောင်းမယ်ထင်တယ် ကပ္ပတိန်"

ဖိုးကိုအောင်ရဲ့ စကားကြောင့် ကပ္ပတိန် မျက်မှောင်ကြုတ်သွား၏။

"ဘာလုပ်မှာလဲ၊ သူတို့နှစ်ယောက်နဲ့တင် လုံလောက်ပါတယ်၊ လူတစ်ယောက်ရဲ့ အသက်က ဘယ်လောက်များ အဖိုးတန်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



လူအားလုံးရဲ့ အံ့အားသင့်နေသော မျက်နှာတွေ
အရသာခံကြည့်သလို ကြည့်ပြီး ကပ္ပတိန် ထွက်သွား၏။

စန္ဒရာက တောင့်တောင့်ကြီး ရပ်နေသော မိုး
အောင်ကို ဆွဲကိုင်လှုပ်ရင်း ...

"ရှင် ဟုံးလာတဲ့ ကပ္ပတိန်ကလည်း သွေးဆာနေ
ဝံပုလွေလိုပါပဲလား၊ ရှင့် သူငယ်ချင်းကို ရေအောက်
လိုက်မသွားဖို့ ရှင် မတားနိုင်တော့ဘူးလား၊ ရှင်တို့
ရှင်တို့ကရော ပါးစပ်ဟောင်းလောင်းကြီးတွေနဲ့ ဒီ
ရပ်ကြည့်နေကြတော့မှာလား"

ခေယနှင့် ဓိနိကို လက်ညှိုးထိုးပြီး ဆက်တိုက်
ပြော ပြောသွားသည့် စန္ဒရာ။ မေတ္တိနှင့် မိတိက စန္ဒရာ
အသာဆွဲခေါ်၍ လေသံတိုးတိုးဖြင့် ဝိုင်းဝန်းဖျောင်းဖျနေကြ
နိရာက ...

"ကျွန်မတော့ အန္တရာယ်ရနံ့ကို ရနေပြီ"

ခေယက ...





"မင်းတို့ မိန်းကလေးတွေကလည်း အသည်းကြောက်ကြောင်
တယ်၊ ဘာမှလဲ ဟုတ်လာသေးတာ မဟုတ်ဘူး၊ ဘာရယ်
လို့ ဂဃနဏသိအောင် အသာစောင့်ကြည့်ကြပါဦး"

"ရှင်က စောင့်ကြည့်ချင်ရအောင် ဒါ ရုပ်ရှင်ဇာတ်ကား
မဟုတ်ဘူး၊ ကျွန်မတို့ လက်တွေ့ရင်ဆိုင်နေရတဲ့ဘဝ၊
သေရေးရှင်ရေးဘဝရှင့်"

"ဟုတ်ပါတယ် နိရာရယ်၊ ကိုယ်တို့ရှိနေတာပဲ၊ ဖြစ်လာ
ရင် မင်းတို့ရှေ့က အသေခံကာကွယ်သွားမယ်၊ ပူပန်နေ
တဲ့စိတ်တွေ ခဏလွှင့်ပစ်လိုက်စမ်းပါ"

မိုးကိုအောင်က ကြားဝင်၍ ...

"ငွေကြေးတွေ သောက်သောက်လဲ အကုန်ခံပြီး အသေ
အချာ ပြင်ဆင်လာရတဲ့ ခရီးကို ဘယ်လိုနည်းနဲ့မှ အပျက်
အစီး မခံနိုင်ဘူး၊ ခေယ ပြောသလို ကိုယ်တို့ရှိတယ်
နိရာ၊ ကပ္ပတိန်ရဲ့ အပြောအဆို ရိုင်းပျလာတာကို ကပ္ပတိန်
စိတ်အေးလက်အေး ရှိတဲ့အခါကျမှ ကိုယ် ထပ်ဆွေးနွေး
လိုက်ပါဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင် ရေငုပ်ဝတ်စုံ၊ အောက်ဆီဂျင်ဘူးတွေနှင့် ထွက်လာသော ကိုမုန်းနှင့် ဒီဗီနီတို့ကို တွေ့လိုက်ရသည်။

ဇီနီက ဒီဗီနီရဲ့ ခြေယက်ပြားကို ကူညီတပ်ဆင်ပေးနေ၏။ ခေယက မှိန်းသေနတ်ထိပ်မှာ ရေအောက်မီးဆင်ပေး၏။ မိုးကိုအောင်က ကိုမုန်းကို ကူညီတပ်ဆင်ပေးနေ၏။

ပြီးလျှင် သင်္ဘောနောက်တန်းကို နောက်ပြန်လိုင်ပြီး ရေထဲကို နောက်လှန် ကျွမ်းထိုးချပြီး နှစ်ယောက်စလုံး ဆင်းသွားကြ၏။

ရေထဲမှာ မီးရောင်နှစ်ခု ရှုပ်ထွေးသွား၏။ ကပ္ပတိန် ပေါ်မလာ။ မိုးကိုအောင်က ...

"ကိုယ် ... ကပ္ပတိန်နဲ့ သွားတွေ့လိုက်ဦးမယ်"

ခေယက ...

"ဒီအချိန်ကြီး ဖြစ်ပါ့မလား"

"ဒီသင်္ဘောပေါ်မှာ ဖြစ်ပျက်သမျှ အားလုံး သူ့မှာ တာဝန်ရှိတယ်၊ သူဘာမှ နောက်ထပ် မကွပ်ကဲပေးတာကို ထောက်ပြဝေဖန်ရမယ်"





ဇီနီက ...

"သူ့တာဝန် သူသိပါတယ်ဗျာ၊ သွားပြောနေရင် သူ့အမုန်း ခံနေရဦးမယ်၊ ထားလိုက်ပါ၊ ကပ္ပတိန်ကို သတိထားပြီး ဆက်ဆံဖို့ အားလုံးကို မှာထားရလိမ့်မယ်"

"ဘာတွေများ သတိထားရမှာလဲ"

ဇီနီ့ စကားအဆုံးမှာ ဖြတ်ဝင်လာသော ကပ္ပတိန်ရဲ့ စကားသံ။ သူတို့ရဲ့ အပေါ်ထပ် နားခိုဆောင်မှာ ကပ္ပတိန်ရောက်နေခြင်းပင်။

သို့ဆိုလျှင် သူတို့ပြောဆိုသမျှ ကပ္ပတိန် မုချကြားသိသွားပါလိမ့်မည်။ သို့ငြား ကပ္ပတိန်က ဘာမျှသိမထားသော အမူအရာဖြင့် သူတို့အောက်ထပ်ကို ဆင်းချလာ၏။

"ကဲ ... ဇီနီ ... ဆိုပါဦး"

ကပ္ပတိန်က သူ့မေးခွန်းရဲ့ အဖြေကို မရမက တောင်းနေ၏။ မိုးကိုအောင်က ...



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ဘယ်ရောက်နေတာလဲ ကိုသက္က၊ ဒီအချိန်မှာ ဒီနေရာမှာ ခင်ဗျား ရှိနေသင့်တယ်"

"မိုးကိုအောင် ... မိုးကိုအောင် ... မင်းက ကျုပ်ကို အမိန့်ပေးနေတာလား၊ ဒီနေရာမှာ အမိန့်အာဏာမရှိဘူး၊ တိုင်းပြည်အုပ်ချုပ် မင်းလုပ်တဲ့သူတွေ မရှိဘူး၊ ဒီရေပိုင်နက်ဟာ အပြည်ပြည်ဆိုင်ရာ ရေပိုက်နက်၊ တစ်နည်းအားဖြင့် ဘယ်သူမှ မူသေမူပိုင် ယူကိုင်ထားတာကို လက်မခံနိုင်တဲ့ ရေပြင်ပိုင်နက်"

"ကျုပ် ... ခင်ဗျားကို ခရီးသည်တစ်ယောက် အဒနေနဲ့ ပြောနေတာ ကိုသက္က"

"မင်း ပြောတဲ့ လေသံက ခရီးသည် လေသံမှ မဆန်ဘဲ"

"ခင်ဗျားရဲ့ မထုံတက်တေး အမူအရာတွေကြောင့် ကျုပ်စိတ်တိုပြီး အဲ့ဒီလေသံနဲ့ ပြောလိုက်မိတယ်"

"ဟုတ်ပြီ ... တော်ပြီ၊ ဆက်ပြောရင် ခင်ဗျား ကျုပ်ကို တောင်းပန်နေရလိမ့်မယ် မိုးကိုအောင်"





ခေယက မိုးကိုအောင်ကို လက်ကုတ်လိုက်၍ မိုးကိုအောင် အသာနှုတ်ဆိတ်သွား၏။ ကပ္ပတိန်က ရေအောက်ကိုငုံ့ကြည့်လိုက်ပြီး ...

"နောက်ထပ် နှစ်ယောက်ကို လွှတ်လိုက်မိတာ မှားပြီထင်တယ်"

ဇီနိုက ...

"ခင်ဗျားမှာ အကြင်နာတရားရော ရှိရဲ့လား ကပ္ပတိန်၊ လူတစ်ယောက်ရဲ့ အသက်ဆိုတာ ကယ်ကောင်းပါတယ်"

ကပ္ပတိန်ရဲ့ အကြည့်က ဇီနို့ အပေါ်မှာ စူးရှသွား၏။ ခေယက ...

"လူတစ်ယောက်ရဲ့အသက် ဘယ်လောက်အရေးကြီးတယ်ဆိုတာ သိချင်ရင် ကပ္ပတိန်ကိုယ်တိုင် ကိုနတ်ကျွားနေရာရောက်နေမှ သိလိမ့်မယ်"

"သိပ်သိတာပေါ့၊ အကြင်နာတရားလည်း သိပ်ရှိတာပေါ့၊ ကျုပ်က ခေါင်းနဲ့တွက်ပြီးမှ သိတာရှိတာ၊ ကိုနတ်ကျွား



www.burmeseclassic.com

www.burmeseclassic.com



ရေအောက်က ပြန်ပေါ်မလာဘူး၊ နောက်ထပ် လူသုံးယောက် ထပ်လိုက်သွားရင် ကိုနတ်ကျားလို ပြန်ပေါ်မလာတော့ရင် ဘယ့်နှယ့်လုပ်မလဲ၊ လူတစ်ယောက် အသက်ထက် နောက်ထပ် လူသုံးယောက်အသက်က ပိုအရေးကြီးတယ်၊ ဒါကြောင့် လူတစ်ယောက်အသက်က ဘယ်လောက်အရေးကြီးလို့လဲ လို့ ကျုပ် ပြောလိုက်တာပေါ့"

ချက်ကျကျ ပြောချလိုက်သော ကပ္ပတိန် စကားကြောင့် သူတို့အဖွဲ့ ငြိမ်သက်သွား၏။ မငြိမ်သူက စန္ဒရာ ...

"ဘုရား ကယ်တော်မူပါ၊ ကျွန်မရဲ့ ခင်ပွန်း ပြန်ပေါ်မလာနိုင်တော့ဘူးလားဟင်၊ ပေါ်မလာနိုင်တော့ဘူးလား"

"အဲ့ဒါကတော့ ဘုရားပဲ သိမှာပဲ"

ကပ္ပတိန်ရဲ့ အပြောအဆိုတွေအပေါ် မလိုလား၊ မနှစ်သက်သည့် စိတ်တွေ သူတို့ရင်ထဲ ဖျဉ်းခနဲ ထွက်ပေါ်လာ၏။

လှိုင်းသံကြားမှ အနီးကပ် 'ဗွမ်း'ခနဲ ရေပေါ်ပွက်တက်သံ ကြားရ၍ သူတို့အားလုံး ရေအောက်ကို ငုံ့ကြည့်လိုက်၏။





ကိုမုန်းနှင့် ဒီဗီနီကို တွေ့ရ၏။ ရေငုပ်မှန်တွေကို နဖူးပေါ်တင်ပြီး AUK ပေါ် တက်လာကြ၏။

"ဘာတွေ့လဲ၊ ကိုနတ်ကျားရော ... ကိုနတ်ကျားကို မတွေ့ခဲ့ကြဖူးလား"

ရေငုပ်ကိရိယာတွေ ဝိုင်ကူဖြုတ်ပေးရင်း တစ်ယောက်တစ်ပေါက် အလောသုံးဆယ် မေးနေကြချိန်မှာ ကပ္ပတိန်ထွက်သွားတာကို သတိမထားမိလိုက်ကြ။ ဒီဗီနီက ...

"မတွေ့ဘူး၊ သင်္ဘောရေအောက်မှာလည်း မရှိဘူး၊ အနီးအနား ပတ်ရှာကြည့်သေးတယ်၊ လုံးလုံးကို မတွေ့တော့တာ"

ကိုမုန်းက ...

"ငမန်း ဆွဲသွားတာ ဖြစ်လိမ့်မယ်"

သင်္ဘောစက်ခန်းမှာ ယာယီ တာဝန်ယူနေသော သင်္ဘောသား အုန်းလုံး ပျာတီပျာယာ ရောက်ချလာပြီး ...

"အကောင်ကိုက်လို့ ပါသွားပြီလား၊ ကောင်းတယ်၊ ကောင်းတယ်၊ ဟား ဟား ဟား"



www.burmeseclassic.com

အစောပိုင်းက ကြောက်လန့်တကြား အော်ဟစ်ခဲ့ပြီး ယခုအမှု ဝမ်းသာအားရ လေသံဖြင့် ဆောင့်ကြွားကြွား လုပ်ပြနေသော သဘော်သားအုန်းလုံးကို ကိုမုန်းက လက်သီးဖြင့် ထိုးချလိုက်၏။

"ခွပ်"ခနဲ ပြည်သံနှင့်အတူ နောက်ယိုင်ရုံ ယိုင်သွားသော သဘော်သား အုန်းလုံးက ကိုမုန်းကို ပြူးကြောင်ကြည့်နေ၏။

"သွား ... ကိုယ့်အလုပ် ကိုယ်လုပ်"

ကိုမုန်းက ဟိန်းဟောက်သလို ပြောလိုက်သောအခါ အမိုးကျိုးသွားသူပမာ (ပါးကိုလက်နှင့်ပွတ်၍) အုန်းလုံး ထွက်ခွာသွား၏။

"အုန်းလုံး ဆိုတဲ့ကောင်က ဖြစ်နိုင်မယ်ဆိုရင် ကပ္ပတိန်ရာထူးကိုတောင် လိုချင်နေတဲ့ကောင်၊ အလကား ရူးကြောင်ကြောင်ကောင်"

ကိုမုန်းက သူ့ဘာသာသူ ပြောသလိုနှင့် သူတို့အဖွဲ့ကို အဖက်မလုပ်ဟန် ဖမ်းကာ အထဲဝင်သွား၏။





"ကပ္ပတိန် ဘယ်ရောက်နေလဲ၊ ဘယ်ရောက်သွားပြီလဲ"

ဓိနိုက အော်ပြောရင်း ကပ္ပတိန် အပေါ်ထပ်မှာ ရှိ၊ မရှိ အပြင်ကို ခေါင်းထွက်၍ မော့ကြည့်၏။

"မရှိဘူး"

"ဘာသဘောလဲကွ"

"ထားလိုက်ပါကွာ၊ သူတို့လူ သူတို့အရေးပဲ ကိုယ့်ဘာသာနေသာသလို နေလိုက်ကြရအောင်"

"ဘယ်ဖြစ်မလဲ ရှင့်၊ သူတို့ပုံစံတွေက စိတ်မှန့်ရဲ့လား မသိဘူး၊ အကုန်လုံး အထူးအဆန်းတွေချည့်ပဲ"

"ပင်လယ်မှာ အနေများတော့ လူကြမ်းစိတ်ကြမ်းကြီးတွေဖြစ်ပြီး လူမှုဆက်ဆံရေး ညံ့ဖျင်းသွားတာ ဖြစ်မှာပေါ့၊ ခွင့်လွှတ်လိုက်ပါ"

"အို ... သူတို့ကသာ ကျွန်မတို့ကို ခွင့်လွှတ်ဖို့ ဆုတောင်းရတော့မှာ"

မိုးကိုအောင်က အားလုံးကို အသံငြိမ်ခိုင်းလိုက်ပြီ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီသဘော်မှာ ထူးထူးဆန်းဆန်း အဖြစ်တွေကတော့ စ, နေပြီ၊ သတိဝိရိယနဲ့နေကြ၊ ကိုယ့်အခန်း ကိုယ်ပြန်နေ၊ သူတို့ စိတ်အနှောင့်အယှက်ဖြစ်အောင် ဘာမှမပြောကြနဲ့၊ မလုပ်မိကြစေနဲ့၊ သူတို့လိုပုံစံမျိုး နေထိုင်ပြီး သူတို့ကို ပြန်အကဲခတ် လေ့လာစောင့်ကြည့်ကြမယ်၊ မကောင်းဘူးလား"

"ကောင်းတယ်"

"ဟုတ်တယ်၊ အဲ့ဒီလို လုပ်သင့်တယ်"

"ကိုနတ်ကြား ပျောက်သွားတာ ဘယ်လိုလုပ်မလဲ၊ တကယ် ငမန်းဆွဲသွားတာလား၊ တစ်ယောက်ယောက်က လုပ်ကြံလိုက်တာလား၊ ငမန်းဆွဲသွားတယ်လို့တော့ မထင်ဘူး၊ ရေမှုဆိုးပဲ၊ မှုဆိုး မှုဆိုးချင်း အထာသိနေလို့ အဆွဲမခံရအောင် ကိုနတ်ကျား ရှောင်တတ်မှာပါ၊ ကျွန်တော့်အထင်တော့ တစ်ဦးတစ်ယောက်ရဲ့ ပယောဂနဲ့ ကိုနတ်ကျား သေသွားတာ ဖြစ်နိုင်တယ်"





"ဟုတ်နိုင်တယ်၊ ဒီနေရာက ကမ်းမမြင် လမ်းမမြင်မို့ ရေငုပ်ပြီး ကူးပြေးတာလည်း မဖြစ်နိုင်ဘူး"

"ဖြစ်နိုင်တာ တွက်လိုက်ရင် ကျွန်မတို့အတွက် အန္တရာယ်ဟာ လက်တစ်ကမ်းမှာပဲ ရှိနေတာပေါ့နော်"

"မကြောက်ပါနဲ့၊ တို့တစ်ဖွဲ့လုံး ကျောချင်းကပ်ပြီး စည်းလုံးထားရင် ကျားနဲ့နဂါးတောင် စွပ်ပြုတ်လုပ် သောက်ပစ်လို့ရတယ်"

သူတို့ တစ်ဖွဲ့လုံး အားပေးစကားဖြင့် အားမွေးနေကြစဉ် ခပ်ဝေးဝေးမှ လျှပ်ရောင်လက်စီးသွားတာ ဝင်းခနဲ မြင်လိုက်ရ၏။

"မုန်တိုင်း"



www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့သားတွေ ဝိုင်းဝန်းပြောဆိုမှုအရ မိုးကိုအောင်နှင့် ခေယတို့ ရဲဆေးတင်ပြီး ကပ္ပတိန်ရှိရာ သင်္ဘောမောင်းနှင်ခန်းသို့ လျှောက်လာခဲ့ကြသည်။

ဇီနိုနှင့် ဒီဗီနိုတို့က မိန်းကလေးတွေကို စောင့်ရှောက်ဖို့ ကျန်နေရစ်ခဲ့၏။ သင်္ဘောမောင်းနှင်ခန်းထဲမှာ အလုပ်များနေသော ကပ္ပတိန်ကို တွေ့ရ၏။

ရေပုံတွေကြည့်လိုက် TV စက္ကရမ်မှာ ပေါ်နေသော ဂြိုဟ်တုမှ ပေးပို့နေသည့် မုန်တိုင်း အခြေအနေ၊ ပြင်းအားကိုကြည့်လိုက် လုပ်နေ၏။

ရေဒီယိုအော်ပရေတာကိုမုန်းက အနီးအပါးမှ သတင်းသွယ်ချက်တွေကို လက်ခံရယူလိုက်၊ ပေးပို့လိုက်နှင့်။





တက်မကိုင် ကိုလေဥရဲ့ မျက်နှာပေါ်မှာ စိုးရိမ်ရေးတော်လက္ခဏာကို တွေ့ရ၏။

"ဒီမုန်တိုင်းက ကျွန်တော်တို့ သင်္ဘော လွတ်နိုင်ပါ့မလား ကပ္ပတိန်"

မိုးကိုအောင်က အရဲစွန့်ပြီး မေးလိုက်ခြင်းဖြစ်သည်။ ကပ္ပတိန်က မိုးကိုအောင်ကို ရှုတည်တည်နှင့် ပြန်ကြည့်လိုက်ပြီး ...

"ကျုပ်တွေ့ဖူးသမျှထဲမှာ ဒီမုန်တိုင်းက အားအကောင်းဆုံးပဲ၊ AUK နဲ့ တစ်ခါမှ အားမစမ်းဖူးဘူး၊ မုန်တိုင်းရဲ့အရှိန်က ပြင်းတယ်၊ အလျင်က မြန်တယ်"

သူတို့ ပြောနေကြစဉ် မုန်တိုင်းရဲ့ အဖျားခတ်ချက်အစ ဝင်လာ၏။ လှိုင်းလေ ငြိမ်နေရာမှ လှိုင်းလုံးကြီးတွေ မို့အောက်ကြွလာ၏။ ကပ္ပတိန်က အပေါ်မှာချိတ်ထားသော စကားပြောခွက်ဖြင့် စက်ခန်းယာယီတာဝန်ယူနေသည့် သင်္ဘောသားအခန်းလုံးကို အမိန့်ပေးနေ၏။

"AUK ကို နောက်ပြန်လှည့်မယ်၊ မုန်တိုင်းရဲ့ ဦးတည့်အမှတ် အမှန်မရှိဘူး၊ အနောက်စူးစူးကို AUK ကျော့သည့်



www.burmeseclassic.com

www.burmeseclassic.com



ပြီးတာနဲ့ ဖင်မရေယက်ပန်ကာအင်ဂျင်ကို အရှိန်ရအောင် တင်မယ်၊ အရှိန်ရတာနဲ့ အကူရေယက်ပန်ကာတွေ မိုင်ကုန် တင်မောင်းမယ်"

ကပ္ပတိန်က တက်မကိုင်ဘက် လှည့်ပြီး ...

"ရှေ့က ရေမိုင် ငါးမိုင်မှာ ကျွန်းလို့ယူဆနိုင်တဲ့ အရာတစ်ခု ရေဒါမှာ လာပေါ်နေတယ်၊ သတိထား၊ AUK ရဲ့အရှိန်ကို ထိန်းသိမ်းမောင်းနှင်ဖို့ ငါကိုယ်တိုင် ဒုတိယထပ် ထိန်းချုပ်ခန်းကနေ ကွပ်ကဲညွှန်ကြားမယ်၊ ဒီမှာ ... မိုးကိုအောင်မင်းတို့အထဲမှာ ကွန်ပျူတာ ကျွမ်းကျင်တဲ့ ပညာရှင်တစ်ယောက်ယောက်များ ပါသလား"

"ပါတယ် ကပ္ပတိန်၊ အလိုရှိလို့လား"

"လိုတယ် ... အီလက်ထရွန်းနစ် အခန်းကို အမြန်ဆုံး လွှတ်လိုက်ပါ"

ကပ္ပတိန် အေးတိအေးစက်ကြီး လုပ်ပြမနေနိုင်တော့ အားလုံး ဝီခေါ်သွားနိုင်သည့် မုန်တိုင်းက ဒုန်းစိုင်းပြီး လာနေပြီ။ သူတို့နှစ်ယောက်လည်း အခန်းထဲ ပြန်ပြေးဝင် မကြာ





အပါခေါ်ရ၏။ ကျန်လူတွေ လန့်ဖျပ်ကုန်၍ အကျိုးအကြောင်းကို ဘက်သုတ်ရိုက် ရှင်းပြရသေး၏။

လှိုင်းလုံး၊ လေပြင်းတွေကြားမှာ AUK ကို ပြန်ဦးလှည့်ပြီး အရှိန်ယူ မောင်းနှင်နေရ၏။ သင်္ဘောတစ်စင်းလုံး လှိုင်းရှိန်ကြောင့် ယိမ်းထိုးလှုပ်ခါနေသဖြင့် ထိုင်နေရသည်ပင် မလွယ်တော့။ အနီးရှိ တစ်စုံတစ်ရာကို မြဲမြဲဆွဲ ကိုင်ဆွဲထားကြရ၏။

မိန်းကလေးသုံးယောက်စလုံး ဘုရားတ,ပြီးအန္တရာယ်ကင်းတရားစာတွေ ရွတ်ဖတ်သရဇ္ဈာယ်ကြလေသည်။ တောင်တန်းအမျှ ကြီးမားလုံးလိပ်လာနေသော ပင်လယ်လှိုင်း တံတိုင်းကြီးကို မြင်ရုံမျှနှင့် မူးမေ့လဲကျသွားမတတ် ဖြစ်ကုန်ကြရတော့၏။ ဦးမိပြီး စူးရှဆူညံလာသော သေမင်းရဲ့အော်သံ၊ ခေါ်သံ။

AUK ရှေ့က ပြေးနေသည်ကို နောက်မှ လှိုင်းတံတိုင်းကြီးက အတင်းလိုက်နေ၏။

"ဒီအတိုင်းဆို သင်္ဘောတစ်စင်းလုံး လှိုင်းထဲလိပ်ပါသွားတော့မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကမ်းခြေကုန်းမြေ တွေ့နေရပြီတဲ့"

"ထင်တယ် ... ကမ်းစပ်ကို ရေလှိုင်းကပ်သလို ဒီလှိုင်းကြီး တွေလည်း ပြေးကပ်လာနေတာ"

သူတို့ ထင်ကြေးတွေ အဆုံးမှာ ကပ္ပတိန်ရဲ့ အသံ စပီကာမှ ထွက်ပေါ်လာ၏။

"ရှေ့မှာ သန္တာကျောက်တန်းလို ပုံစံနဲ့ ကုန်းမြေကြီးခံနေ တယ်၊ AUK ကွေ့ပတ်ပြေးလို့ မလွတ်တော့ဘူး၊ အမြန် ပြန်လှည့်ပြီး ဒီလှိုင်းလုံးကို ရင်ဆိုင်မယ်၊ သင်္ဘောဦးနဲ့ လှိုင်းထဲကို ခွဲဖောက်ဝင်မယ်၊ အားလုံး အသင့်ပြင်ထားကြ ခရီးသည်တွေကို လက်မြဲမြဲ ကိုင်စွဲထားခိုင်း၊ ဖြစ်နိုင်ရင် အမာထည်တန်းတွေမှာ လက်တွေကို ကြိုးနဲ့ပူးချည်ထား ခိုင်း"

AVK ကို အရှိန်နှင့် ကွေ့ပတ်လှည့်ယူလိုက်၏။ ရှေ့တည့်တည့်မှ ဘွားဘွားကြီး ပြေးဝင်လာသော လှိုင်းတောင် တန်းကြီး။ ပင်လယ်တစ်ခုလုံး မဟာရောမရေသတ္တဝါအသွင် အသက်ဝင်ပြီး AVK ထံ ပြေးဝင်ရန်မူမည့်ဟန်။





တော်လဲသံထက်ပို၍ ပြင်းထန်ဆူညံသော ကြောက် လန့်ဖွယ်ရာ အသံကြီးဖြင့် AVK ကို ဝါးမျိုဖို့ ပြေးဝင်လာနေသ လို ဝုန်းဝုန်းဝေါဝေါ အော်လာနေ၏။

"အားလုံး အသင့်၊ သင်္ဘောဦးတည့်ပြီ၊ တက်မဘီးကို မလည်သွားအောင် မြဲမြဲဆုပ်ကိုင်၊ ကြောက်စိတ်ဖျောက်၊ လှိုင်းခေါင်းကို ဖောက်မယ်၊ တစ် ... နှစ် ... သုံး"

ကပ္ပတိန်အော်သံ အဆုံးမှာ ထန်းပင်သုံးပြန်လောက် မြင့်သော လှိုင်းရိုင်းရင်အုံထဲကို ဓားသွားလို ထိုးဝင်သွားသည့် AUK ။ ရေထုပွတ်တိုက်အားကြောင့် သင်္ဘောတစ်စင်းလုံး တဝုန်း ဝုန်း အသံဟိန်းညံသွားသည်။

တစ်စက္ကန့်အတွင်းမှာပင် လှိုင်းတံပိုးကြီးရဲ့ နောက် ကျောကို AUK ရောက်သွား၏။

AUK တစ်စင်းလုံး လှိုင်းပေါ် လိပ်တက်လိုက်ပါ မသွား၍သာ တော်တော့၏။ လှိုင်းတံပိုးကြီးက ကုန်းမြေတန်း ရှိရာကို ဆက်လက်ပြေးဝင်သွားလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



AUK တစ်စင်းလုံး လှိုင်းတံပိုးနောက်ကွယ် ပင်လယ်ရေပြင်ကျယ်မှာ မှန်တိုင်းအနည်းငယ်ခန့်သာ ရှိတော့၏။ မှန်တိုင်းအရှိန်ကြောင့် လွင့်လာသော ရေထုလှိုင်းတံပိုးကြီးကို ဖောက်ထွက်နိုင်၍ သူတို့ အသက်ဆက်ရှင်နိုင်ခြင်း ဖြစ်သည်။ မဖောက်ထွက်နိုင်ခဲ့ပါက ရေထုပင့်သယ်သွားရာ လိုက်ပါသွားပြီး ကုန်းမြေကျောက်ဆောင်တန်းနှင့် ကိုင်ရိုက်ခံလိုက်ရသလို ဖြစ်ကာ AUK တစ်စင်းလုံး စိစိညက်ညက် ကြေမွသွားမည်မှာ အမှန်။

ယခုမှပင် အားလုံး ဟင်းချနိုင်ကြ၏။ ကံသီ၍သာ အသက်ဘေးက လွတ်ခဲ့ကြရခြင်း ဖြစ်သလို ရေကြောင်းအတွေ့အကြုံ ရင့်ကျက်သော ကပ္ပတိန်ရဲ့ ညွှန်ကြားချက်နည်းလမ်းမှန်များကြောင့်လည်း လွတ်မြောက်ခွင့် ရခဲ့ကြခြင်း ဖြစ်နေ၏။

ရှန်ပိန်ပုလင်းတွေဖောက်ပြီး ကပ္ပတိန်ကို ဝိုင်းဝန်းဂုဏ်ပြုဖြစ်ကြ၏။ ကပ္ပတိန်က လူစိမ်းလူရိုင်းကြီး တစ်ယောက်လို သူတို့ဂုဏ်ပြုမှုကို စိမ်းဆတ်ဆတ်ကြီး လက်ခံရယူ၏။

အဏ္ဏဝါခရီးလမ်းရဲ့ ကြမ်းတမ်းရိုင်းရင့်ပုံကို ကိုယ်တွေ့ကြုံရသော မိန်းကလေးသုံးယောက်က လာလမ်းကို ပြန်လှည့်ဖို့ အရေးဆိုကြ၏။





အန္တရာယ်ကို နဖူးတွေ့ ဒူးတွေ့ ရင်ဆိုင်ရသော အခါ ယောကျ်ားသားများပင် တုန်လှုပ်စိတ်တွေ ဝင်လာပြီး စိတ်ဓာတ်တွေ ပြိုကွဲချင်လာ၏။

ဒီဗီနီနှင့် ခေယ တို့က ခရီးစဉ်ပြောင်းပြီး ပြန်လှည့်ချင်နေကြသည်။ မိုးကိုအောင်နှင့် ဖီနိက ပြန်မလှည့်ချင်သေး။ အချင်းချင်း ညှိနှိုင်းတိုင်ပင်ရင်းမှ တစ်ယောက်တစ်ခွန်း စကားများကြ၏။ ဒီဗီနီတို့ဘက်မှ မိန်းကလေးသုံးယောက် မဲပါလာ၍ အလေးသာသွား၏။ မေကြီက နှုတ်ဆိတ်နေ၏။ မိုးကိုအောင်တို့ဘက်မှ ကပ္ပတိန် ဝင်လာသောအခါ ...

"ခင်ဗျားတို့ အခုထိ AUK ကို မယုံကြည်ကြသေးဘူးလား၊ နောက်ထပ် ဘယ်လိုအန္တရာယ်မျိုးကိုမဆို AUK က ရင်ဆိုင်အောင်မြင်နိုင်တယ်"

စန္ဒရာက ဝင်၍ ...

"ကပ္ပတိန်က ကျွန်မတို့အပေါ် ဆက်ဆံရေး ပြောင်းလဲနေတာကို ကျွန်မတို့ မလိုလားဘူး၊ ကျွန်မတို့အပေါ် မကျေနပ်စရာ စိတ်ခုစရာရှိရင် မောင်နှမတွေလို ပွင့်ပွင့်လင်းလင်း တိုင်ပင်ဆွေးနွေးနိုင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ အထင်မှားနေတာပဲ၊ ကိုယ့်ကိစ္စနဲ့ကိုယ် တင်းမာခက်ထန်သလို ဖြစ်နေတဲ့အခါ၊ ဘယ်သူ့အပေါ်မှာမဆို အဲ့ဒီလို ဆက်ဆံမိသွားတာပါ၊ ကျုပ်က ကျုပ်ရဲ့သဘော်သားတွေကို အဲ့ဒီလို ဆက်ဆံသင့်တဲ့အခါ ဆက်ဆံရတယ်၊ သူတို့အရိုးအသေ တန်သွားအောင် ပျော့ပျောင်းနေလို့ မရဘူး၊ သူတို့ကို ဖိအားပေး ဆက်ဆံပြီး ခင်ဗျားတို့ကို ဖူးဖူးမှုတ် ဆက်ဆံနေရင် သူတို့ကြာရင် ဘယ်လက်ခံနိုင်တော့မလဲ၊ တော်လှန်ကြမှာပေါ့၊ ကျုပ်က ဦးစီးပိုပိ ကျောသားရင်သား မခွဲခြားဘဲ တသမတ်တည်းပုံစံ ဆက်ဆံမှ သူတို့လည်း နားလည်လက်ခံမှာပေါ့၊ ခင်ဗျားတို့ ဒီပင်လယ်ခရီးကို ထွက်လာတာ ပျော်ဖို့ လေ့လာဖို့ သုတေသနပြုဖို့ မဟုတ်လား၊ အဲ့ဒီအရေးတွေမှာ အန္တရာယ်မရှိနိုင်တာမျိုးဆို ကျုပ်ဘာမှ ဝင်မစွက်ဖက်ပါဘူး၊ ခင်ဗျားတို့စိတ်ကြိုက် လွတ်လပ်စွာ နေထိုင်နိုင်တယ်၊ ပင်လယ်ကို ရောက်တာနဲ့ ကျုပ်မျက်နှာဟာ အန္တရာယ်အပေါင်းကို စိန်ခေါ်ရင်ဆိုင်ယှဉ်ပြိုင်နိုင်တဲ့ စစ်သူကြီးတစ်ယောက်လို ခက်ထန်တင်းမာနေကြရတာ ဓမ္မတာလို ဖြစ်နေပြီ၊ ဒီအပေါ်မှာ ခင်ဗျားတို့ နားလည်ပေးပါ"

အားလုံး ငြိမ်ကျသွား၏။

ကပ္ပတိန်က ...

"ခင်ဗျားတို့ထဲမှာ အင်ဂျင်စက်ပိုင်းဆိုင်ရာ တတ်ကျွမ်းနားလည်တဲ့လူ ပါသလား"

ခေယက လက်မဖြင့် သူ့ကိုယ်သူ ထိုးပြရင်း ...

"ကျွန်တော် ပါတယ်"

"AUK ကို ကူညီပါ၊ အင်ဂျင်ပိုင်းဆိုင်ရာမှာ အုန်းလုံးကို အမြဲထားသုံးလို့ မဖြစ်နိုင်ဘူး၊ အခုတောင် အုန်းလုံးကို မျှော်စင်ပေါ် တက်ကြည့်ခိုင်းထားရတယ်၊ ဒီနေ့ကစ,ပြီး သဘော်အင်ဂျင်နဲ့ ပတ်သက်တာတွေ ခင်ဗျားကို ကျုပ်ကိုယ်တိုင် သုံးလေးရက်လောက် အသားကျသွားအောင် သင်ပြပေးမယ်"

"ဟာ ... ကျွန်တော် စက်ခန်းထဲမှာ အမြဲအောင်းနေရတော့မှာလား"







www.burmeseclassic.com

www.burmeseclassic.com



"အုန်းလုံးနဲ့ လဲပေးသင့်အခါ လဲပေးမယ်၊ ကျုပ်လည်း လူစေ့ တာဝန်ပေးပြီး AUK ကို မောင်းနှင်လာခဲ့ကာပဲ၊ မလိုလား မထင်မှတ်တဲ့ ပြဿနာတစ်ရပ်ကြောင့် စက်အင်ဂျင်နီယာ ကိစ္စချောသွားရတယ်၊ ဒီခရီးစဉ်မှာ တစ်ပေ့တည်းစီးသူတွေပီပီ လိုအပ်ရင် ကူညီဖို့ ခင်ဗျားတို့အားလုံး အသင့်ပြင်ထားစေချင်တယ်၊ အဲဒါ ခင်ဗျားတို့ပြောတဲ့ မိသားစုစိတ်ဓာတ်ပေါ့၊ ဟုတ်တယ် မဟုတ်လား မစန္ဒရာ"

ကိုယ့်စကားဖြင့်ကိုယ် ပြန်ပိတ်၍ စန္ဒရာ နှုတ်ဆိတ်ငြိမ်သက်စွာ ပြန်ကြည့်နေ၏။ ထိုစဉ်မှာပင် အချက်ပေးခေါင်းလောင်းသံ၊ ဘဲ(လ်)တီးသံတွေ ဆူညံသွား၏။ ကပ္ပတိန်နှင့် သူတို့အားလုံး သင်္ဘောအပေါ်ဆုံးထပ်ကို ရောက်သွားစဉ်၊ ကင်းမျှော်စင်ပေါ်မှ မှန်ပြောင်းတစ်လက်နှင့် လိုက်ကြည့်နေသော သင်္ဘောသား အုန်းလုံးကို တွေ့လိုက်ရသည်။

"ဘာဖြစ်တာလဲ"

ကပ္ပတိန်က အုန်းလုံး ၫွှန်ပြမည် စိုက်ကြည့်ရာ ပင်လယ်ဘက်ကို လိုက်ကြည့်ရင်း လှမ်းအော်မေးလိုက်၏။





"ရှေ့မိုးကုတ်စက်ဝိုင်းမှာ သင်္ဘောတစ်စီး တွေ့တယ် ကပ္ပတိန်၊ သိပ်မသက်သာဘူး၊ ကျွန်တော်တို့ သင်္ဘောကို တွေ့သွားပုံရတယ်၊ သူတို့သွားနေတဲ့လမ်းကြောင်းကို ပြောင်းပြီး တည့်တည့်ခုတ်မောင်းလာနေတယ်"

ကပ္ပတိန် စဉ်းစားသွား၏။ ခေယက ပြူးပြူးပျာပျာဖြင့် ...

"ပင်လယ်ဓားပြ ... ပင်လယ်ဓားပြတွေလား မသိဘူး"

စန္ဒရာက ကြောက်လန့်တကြားဖြင့် ဒီဗီနီရဲ့ ရင်ဘတ်မှာ ကပ်နေသည့် ရှပ်အင်္ကျီစကို ကုတ်ဆွဲရင်း ...

"ပင်လယ်ဓားပြတွေ လာနေပြီ၊ ကျွန်မတို့ ဘယ်လိုလုပ်ကြမလဲဟင်၊ ဘယ်လိုလုပ်ကြမလဲ"

မေတြီက ကြားဖြတ်ဝင်ပြီး ...

"ပင်လယ်ဓားပြတိုက်ရင် သင်္ဘောပေါ်မှာ ပါလာတဲ့လူမှန်သမျှ တစ်ယောက်မကျန် သတ်ပစ်ခံရတတ်တယ်၊ သိပ်ပြီး ရိုင်းစိုင်းယုတ်မာတဲ့ ဓားပြတွေ၊ သူတို့လက်က မလွတ်ရင် ကျွန်မတို့ အဖြစ်ကတော့ ... အမယ်လေး... မတွေးရဲစရာပဲ"



www.burmeseclassic.com

www.burmeseclassic.com



မိုးကိုအောင်က ...

"ဒီခေတ်ကြီးမှာ ပင်လယ်ဓားပြ ရှိသေးလို့လား၊ အဓိပ္ပာယ်မရှိတာ၊ ဘာမဆို တွေးမကြောက်ကြစမ်းပါနဲ့၊ ခေယမင်းစ,တဲ့ပြဿနာ မင်း ပြန်ထိန်း"

မီနီက ငြိမ်ပြီး နားထောင်နေသော ကပ္ပတိန်သက္က ကို ...

"ပင်လယ်ဓားပြ တကယ်ရှိလား ကပ္ပတိန်"

"ရှိတယ် ... ကျုပ်ကိုယ်တိုင် ရင်ဆိုင်ခုခံဖူးတယ်၊ AUK ရဲ့ ပြေးနှုန်းမြန်လို့ ဒီကောင်တွေလက်က လွတ်ခဲ့တာ၊ ဒါပေမဲ့ အခု ကျုပ်တို့ရောက်နေတဲ့ တောင်ပိုင်းသမုဒ္ဒရာထဲမှာတော့ မဟုတ်ဘူး၊ ပစ္စိဖိတ်သမုဒ္ဒရာထဲမှာ"

"ဒါဆို အခုလာနေတဲ့ သင်္ဘောက ပင်လယ်ဓားပြတွေ မဖြစ်နိုင်ဘူးလား"

"ကျုပ် အတွေ့အကြုံအရ မဖြစ်နိုင်ဘူးလို့ ထင်တယ်၊ အခုခေတ် ပင်လယ်ဓားပြတွေက ဖိလစ်ပိုင်ကျွန်းစုတွေ





နားလောက်မှာ အနေများကြတယ်၊ အရင်လို သင်္ဘောကြီးတွေနဲ့ အတိုက်နည်းတယ်၊ စက်အားကောင်းတဲ့ မော်တော်ဘုတ်တွေနဲ့ လက်နက်မျိုးစုံကိုင်ပြီး လိုက်ပစ်ထားပြီး သင်္ဘောပေါ် တက်တိုက်တတ်ကြတယ်၊ သူတို့ဓားပြတိုက်ပြီးရင်လည်း ကျွန်းစုကျွန်းများတွေထဲ ကွေ့ပတ်ပြေးဝင်ပြီး ကိုယ်ယောင်ဖျောက်သွားကြတာချည့်ပဲ၊ စစ်သင်္ဘောတွေ လိုက်လို့မရအောင် ကျွန်းနဲ့ ကျောက်ဆောင်တွေ အလွန်ပေါတဲ့ ဖိလစ်ပိုင်ကျွန်းစုလို နေရာမျိုးမှာ ဒီကောင်တွေ ခိုအောင်းတတ်ကြတာ များတယ်"

"ဒီတောင်ပိုင်းသမုဒ္ဒရာထဲမှာ တစ်ခါမှ အတိုက်မခံဖူးဘူးလား ကပ္ပတိန်"

ကပ္ပတိန် ခေါင်းယမ်းခါပြ၏။ လည်ပင်းမှာ ချိတ်ထားသော မှန်ပြောင်းဖြင့် ဦးတည်လာနေသော သင်္ဘောကို လှမ်းကြည့်၏။ ပျပျကလေး မြင်နေရရာမှ သင်္ဘောကို ခန့်မှန်းပြောနိုင်သော အနေအထားသို့ ရောက်ရှိလာလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"စက်လှေအကြီးစား အရွယ်လောက်ပဲ၊ စက်အား တော်တော်ကောင်းပုံရတယ်"

ကပ္ပတိန်က ဆက်သွယ်ရေးစကားပြောစက်ကို ခါးမှဖြုတ်ပြီး သင်္ဘောမောင်းနှင်ခန်းဆီ စကားလှမ်းပြော၏။

"ရေဒီယိုအော်ပရေတာ ကြားလား ကြားလား၊ ကပ္ပတိန်စကားပြောနေတယ်"

"ကြားတယ် ကပ္ပတိန်၊ ကြားတယ်"

"အခုလာနေတဲ့သင်္ဘော ရေဒါမှာ တွေ့ပြီလား"

"တွေ့ပြီကပ္ပတိန်"

"ဆက်သွယ်ရေးဂြိုဟ်တုက တစ်ဆင့် သင်္ဘောရဲ့ပုံစံကို စက္ကရမ်မှာတင်ပြီး ပုံကြမ်းတွေ ခွဲထုတ်ဆန်းစစ်ကြည့်ပါ၊ ကြားလား"

"ကြားတယ် ကပ္ပတိန်၊ အခုပဲ စ,လုပ်လိုက်မယ်"

ကပ္ပတိန်က ဆက်လက်ပြီး သင်္ဘောတက်မကိုင်ကို ညွှန်ကြားချက်တွေ ထုတ်ပေးနေ၏။





"ကပ္ပတိန် သစ်သားကိုယ်ထည်နဲ့ စက်လှေကြီး ရွက်တွေဆင်ထားတဲ့၊ စက်အား လေတိုက်နှုန်းအားနဲ့ အပြင်းလာနေတယ်"

သင်္ဘောသား အုန်းလုံးက မျှော်စင်ပေါ်မှ ငယ်သံပါအောင် အော်နေ၏။ ကပ္ပတိန်က ...

"သူတို့ရဲ့အလံကို ကြည့်စမ်း၊ ဘာအလံလဲ"

အုန်းလုံးက မှန်ပြောင်းဖြင့် ရှေ့ရှုစူးမှာ လာနေသော စက်လှေကို လှမ်းကြည့်၏။

"မသဲကွဲဘူး ကပ္ပတိန်"

အမြင်စူးရှသော ကပ္ပတိန် မီးမောင်းပေါ်တက်ပြီး မှန်ပြောင်းဖြင့် အသေအချာကြည့်၏။ မည်သည့်နိုင်ငံက အလံတပ်ဆင်ထားသည် မသိရသော်လည်း သင်္ဘောထိပ်ပိုင်းမှာ အလံတလွင့်လွင့်နှင့် လွင့်လာ၏။

လေစုန်အတိုင်း လာနေ၍ အလံတော်က ရှေ့ဘက်ကို လွင့်နေ၏။ သူတို့သင်္ဘောပေါ်မှ မြန်မာနိုင်ငံတော်အလံမှာလည်း လေတိုက်နှုန်းကြောင့် နောက်သို့လွင့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့ဗြား အဏ္ဏဝါတန္တွေကြီးဖြစ်သော ကပ္ပတိန်က လက်တစ်ဖက်ဖြင့် မှန်ပြောင်း အကြည့်မပျက်ဘဲ စကားပြောစက်ကို ဖြုတ်ယူပြီး ရေဒီယိုအော်ပရေတာထံ လှမ်းညွှန်ကြားနေပြန်၏။

"အလံတော်ပုံရိပ် အစိတ်အပိုင်းကို ပုံကြီးချဲ့ယူ၊ နိုင်ငံတကာအလံတွေရဲ့ ပုံစံနဲ့ တိုက်စစ်ကြည့်"

ရေဒီယိုအော်ပရေတာထံမှ တုံ့ပြန်လာသံမှာ ...

"နိုင်ငံတကာအလံ၌ အနက်ရောင်ပေါ် အဖြူစင်းဖြေထားသည့်အလံမျိုး မရှိ။ အလံအတုတပ်သဘော်"

မသင်္ကာဖွယ်ရာ လှုပ်ရှားမှုတွေ တွေ့ရကြောင်းတွေ အဖြေပေးလာ၏။ ကပ္ပတိန်က ချက်ချင်းပင် သင်္ဘောပဲ့ကိုင်နှင့် ဆက်သွယ်ပြောကြားလိုက်၏။

"AUK ကို အနောက်မြောက်စူးစူးအတိုင်း ပြန်လှည့်မယ်၊ အသင့်ပြင်ဆင်ထား၊ ထပ်ဆင့်ညွှန်ကြားချက်တွေကို စက်ခန်းထဲကနေ ငါ ထပ်ပေးမယ်၊ ကြားလား"





စကားပြောစက် ပိတ်ပြီးသည်နှင့် ကပ္ပတိန်က ခေယကို ခေါ်၍ ...

"ခင်ဗျား ကျုပ်နဲ့ စက်ခန်းထဲလိုက်ခဲ့၊ မိန်းမတွေ ကိုယ့်အခန်းထဲမှာ ကိုယ်ပြန်နေကြ၊ ကျန်တဲ့လူတွေ စတိုခန်းဖွင့်ပြီး အထဲက ငှက်ပစ်သေနတ်တွေ ယူကိုင်၊ အုန်းလုံးလိုက်ထုတ်ပေးလိမ့်မယ်၊ တစ်ယောက်က သင်္ဘောနောက်ဘက် အပန်းဖြေ လေသာခန်းမှာစောင့်၊ ကျန်တဲ့နှစ်ယောက်က သင်္ဘောရဲ့ ဒုတိယထပ် ဘေးတစ်ဖက်တစ်ချက်မှာစောင့်၊ အကာအကွယ်အဖြစ် သစ်သားစည်ကြီးတွေ လှိမ့်ယူပြီး ချထား၊ သူတို့စ,ပစ်မှ ကိုယ့်ဘက်က ပြန်ပစ်မယ်၊ ဟော့ ... အုန်းလုံး၊ သူတို့ကို ငါမှာပြီးပြီ၊ စတိုခန်းထဲက လက်နက်တွေ ထုတ်ပေးလိုက်တော့"

သင်္ဘောမျှော်စင်ပေါ်မှ ပင်လယ်ဓားပြတစ်ယောက်ရှိကြီးနှင့် တွဲခိုဆင်းလာသော အုန်းလုံးက ခေါင်းဆတ်ပြ၏။



www.burmeseclassic.com

www.burmeseclassic.com



ကပ္ပတိန်နှင့် ခေယတို့ စက်ခန်းထဲ ဆင်းချသွားသောအခါ စစ်ရေးပြင်ဆင်သူတွေလို သူတို့အားလုံး ပျာယာခတ်ကုန်၏။

မိန်းကလေးတွေက ကသောကမျောဖြင့် အခန်းတစ်ခန်းထဲ စုဖွဲ့ဝင်ထိုင် ပုကွေးနေကုန်ကြသည်။

စတိုခန်းထဲမှ လက်နက်ထုတ်အပြီးမှာ AUK ရဲ့ စက်ရှိန်မြှင့်သံကြီးကို ကြားလိုက်ရ၏။ မိုးကိုအောင်က ...

"ငါ အပန်းဖြေ လေသာဆောင်မှာ စောင့်မယ်၊ ဇီနီက သင်္ဘောရဲ့ ညာဘက်ခြမ်းမှာ နေရာယူ၊ ဒီဗီနီက ဘယ်ခြမ်းမှာနေ၊ အုန်းလုံးကတော့ ..."

"ကျုပ်က မှျော်စင်ပေါ်က လှမ်းဆော်ရမှာ၊ ခဏနေဦး ဒီနှစ်ယောက်အတွက် ကာဗာလုပ်လို့ရမဲ့ စည်နှစ်လုံးကို သွားလိမ့်လိုက်ဦးမယ်"

"ဟုတ်ပြီ၊ မြန်မြန်လုပ်ကြ၊ မြန်မြန်"





မိုးကုတ်စက်ဝိုင်းအတိုင်း ရေပြင်ထဲကို ရေဒါလှိုင်းသဏ္ဌာန် ငုပ်လျှိုးနေသည့် နေမင်းက အလင်းတို့ကို ရုပ်သိမ်းစပြုနေလေပြီ။

AUK အရှိန်အားကောင်းကောင်းနှင့် မိုင်ကုန်တင်ခုတ်မောင်းရာနောက်ကို စက်အားကောင်း၊ လေအားကောင်းပြီး အရှိန်ရနေသည့် အလံနက်စင်းကြားတပ် စက်လှေကြီး အတင်းခဲလိုက်နေ၏။ ကိုက်(၁၀၀)အကွာအဝေးရောက်နေသည်မို့ စက်လှေပေါ်မှ သင်္ဘောသားတွေကိုပင် တွေ့နေရလေပြီ။ စက်လှေကုန်းပတ်ပေါ်က နှစ်ပေါက် ပွင့်လာ၏။ သင်္ဘောဦးမှာ တပ်ဆင်ထားသည့် အမြောက်နှစ်လက်။

ပင်လယ်ဓားပြအလံ ပြောင်းလဲကြိုးဆွဲတပ်ဆင်လိုက်သည်နှင့် အော်ဟာစ်ဆူညံ မာန်ဖီသွေးလှုံ့ဆော်သံတွေကို ကြားလိုက်ရသည်။

စက်လှေပေါ်မှာ တပ်ထားသော စပီကာဖြင့် ဘာသာသုံးလေးမျိုး အော်ဟာစ်ကာ ရုပ်မိန့်ပေးနေ၏။ AUK ထံမှ တုံ့ပြန်



www.burmeseclassic.com

www.burmeseclassic.com



သံမကြားရသောအခါ အင်္ဂလိပ်ဘာသာဖြင့် ကျိန်ဆဲကြိမ်းဝါးသံကြီးကို ကြားလိုက်ရသည်။

အော်ပြောသံ တိတ်သွားသည်နှင့် အမြောက်သံ အုန်းခနဲ အုန်းခနဲ နှစ်ဆင့်ဆက်တိုက် ကြားလိုက်ရသည်။

နှစ်လုံးစလုံး AUK ရဲ့ နောက်မြီးရေထဲမှာ ကျရောက်ပေါက်ကွဲသွား၏။ ရေပန်းတွေ ပွင့်ထွက်ပန်းတက်ပြီး AUK နောက်မြီးထဲ ရေစင်ဝင်သဖြင့် မိုးကိုအောင် တစ်ကိုယ်လုံး ရွှဲရွှဲစိုသွားရ၏။

AUK ရဲ့ စက်ရှိန်အား ပိုမြန်လာ၏။ လက်နက်ငယ်များဖြင့် ပစ်ခတ်သံတွေ ဆူညံသွားပြီး AUK ရဲ့ နောက်ပိုင်းကို လာမှန်၏။ သံလက်တန်းကို ကျည်ဆန်ထိမှန် ချော်ထွက်သွားသံ "ချွမ်း"ခနဲ အသံက နားထဲအပ်ထိုးသလို စူးရှလှ၏။

သင်္ဘောမျှော်စင်ပေါ်မှ အုန်းလုံးက ပြန်ပစ်၏။ မိုးကိုအောင်တို့လည်း လိုက်ပစ်ကြသည်။ ထိရောက်မှု မရှိလှ။ ငှက်ပစ်သေနက်တွေမို့ စပရင်ကန်အား ပျော့သည့် လက်နက်ချင်းမို့။ အမြောက်သံ ပေါ်လာပြန်၏။





AUK တစ်စင်းလုံး သိမ့်ခနဲ ခါထွက်သွားပြီး ရေလှိုင်းပေါ်မှာ ရှုပ်ပြေးယာဉ်လို လူးထွက်သွား၏။ အမြောက်ဆန်နှစ်လုံးက AUK ရဲ့ တစ်ဖက်တစ်ချက်စီ ညှပ်ပြီး ရုပ်ထိပေါက်ကွဲသွားခြင်းပင်။ သံမဏိကိုယ်ထည်ထု အထူစားမို့ AUK ကိုယ်ထည် ပေါက်ထွက်မသွား။ မျှော်စင်ပေါ်မှ အုန်းလုံးရဲ့ ဆဲဆိုကြိမ်းဝါးသံကြီးနှင့် သေနတ်ဆင့်ကဲပစ်သံတွေ ထွက်ပေါ်လာ၏။ AUK ရဲ့ စက်ရှိန် တစ်ဆင့်ထပ်မြင့်သွား၏။

နောက်က ပင်လယ်ဓားပြစက်လှေ တရိပ်ရိပ် ကျန်နေခဲ့၏။ AUK က ရေလှိုင်းတွေပေါ်မှာ ရေလွှာလျှောစီးသလို ရှုပ်ပြေးနေ၏။ သင်္ဘောဘေးဘက်မှာ လိုက်နေသော ဇီနီနှင့် ဒီဇီနီတို့ လွင့်ခါကျမသွားအောင် သင်္ဘောလက်တန်းတွေကို မြဲမြဲဆုပ်ကိုင်လိုက်ရ၏။ သေနတ်နှင့် စည်ပိုင်းတွေ ပင်လယ်ထဲ လွင့်ကျကုန်၏။

အပြတ်အသတ် ကျန်နေရစ်ခဲ့သော ပင်လယ်ဓားပြစက်လှေကို သင်္ဘောမျှော်စင်ပေါ်မှ အုန်းလုံးက မဖွယ်မရာတွေ လုပ်ပြပြီး အော်ဟစ်ဆဲဆိုနေ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်နာရီ ရေမိုင်နှုန်း ဘယ်မျှရှိမည် မသိရသော်လည်း စပိဒ်ဘုတ်ယက် ပိုမြန်နေတာဖြင့် သေချာ၏။

နေဝင်မိုးချုပ်သွားသည်အထိ အချက်ပြမီးတွေ ထွန်းပြီး AUK ဆက်လက်ပြေးနေဆဲပင်။ ပြေးနှုန်းမလျော့တမ်း တင်ထားရာမှ မီးမောင်းတွေသုံးပြီး ရေလမ်းကြောင်းထဲမှ လျှပ်တစ်ပြက် အန္တရာယ်တွေကို ထိုးရှာချိန်မှာ AUK ရဲ့အရှိန်ကို လျှော့ချလာ၏။

ပင်လယ်ဓားပြသင်္ဘောနှင့် ရေမိုင်ပေါင်းများစွာ ဝေးကွာလာခဲ့လေပြီ။ ညလေရူးတွေ ဝေ့သက်၍ မျှော်စင်ပေါ်မှ အုန်းလုံးပင် ငှက်ဖျားတက်သလိုဖြစ်ကာ ရေမွှေးစိမ်ကန်ဆီ ပြေးရတော့၏။

ခေယကို စက်ခန်းထဲမှာ ထားခဲ့သော ကပ္ပတိန်က ...

"ညရှစ်နာရီထိုးပြီ၊ ဒီနေ့ တစ်နေ့လုံး ပြဿဒါးနေ့၊ ကံမကောင်းတဲ့နေ့ပဲ၊ တစ်ချိန်လုံးလိုလို အန္တရာယ်တွေနဲ့





ကစားပြီး အသက်လုနေရတယ်၊ နေ့လယ်စာ မစားဖြစ်ကြပေမဲ့ ညစာတော့ စားမှဖြစ်မယ်"

"အုန်းလုံးတစ်ယောက် စားဖို့ဆောင် ဝင်နိုင်တော့မယ် မထင်ဘူး ကပ္ပတိန်၊ ကျွန်တော်တို့ရဲ့ မိန်းကလေးတွေ ဝင်ခိုင်းလိုက်ရင် ကောင်းမယ်ထင်တယ်"

"ခင်ဗျားရဲ့အကြံ ကောင်းတယ်၊ ကဲ ... အသက်လုပွဲမှာ အားလိပ်ချိန်လေးရတုန်း ကိုယ်လက်သန့်စင်ထားကြရအောင်"

စက်ဆီတွေ ပေကျံနေသောလက်ဖြင့် ကပ္ပတိန်က နှာခေါင်းပွတ်ရင်း သူ့အခန်းရှိရာ ထွက်သွား၏။

အရေးမပါသော ငှက်ပစ်သေနတ်တွေ ပစ်ချပြီး သူတို့လည်း ကိုယ့်အခန်းကိုယ် ပြန်ကြ၏။

မိုးကိုအောင် အခန်းထဲမှာ သတ္တိရှိရှိ စောင်ခြုံပုန်းအောင်း စောင့်နေကြသော မချောတွေကို ချော့မော့ရသေး၏။

အန္တရာယ်ရှင်းလင်းသွားပြီ ဆိုသော်လည်း ...



www.burmeseclassic.com

www.burmeseclassic.com



မေတြိကလွဲလျှင် ကျန်သော မိန်းကလေးတွေ အကြောက်မပြေသေးကြ။ (မေတြိက ရယ်ရွယ်ချက်ကြီး ရှိနေ၍ ကြောက်သင့်တာကို ကြောက်ဖို့မေ့နေတာသာ ဖြစ်လိမ့်မည်။ နို့မို့ကတော့ဖြင့် မိန်းမပီပီ ရောနှောကြောက်လန့်မှာ သေချာ၏။)

အားလုံးထဲမှာ အကဲဆုံး စန္ဒရာက စပွရင်မွေ့ရာပါသော သံခုတင်အောက်မှာ ဖားလိုပြားနေရှာ၏။

ခုတင်ဆိုဖာပေါ်မှာ ပိန်သလောက် ကိုယ်အလေးချိန်စီးသော မချောသုံးယောက်က မွေ့ရာကပ်စောင် ကြားထဲ (ဘိုးဘိုးအိမ်လုပ်ပြီး) ဝင်ကွေးနေကြ၏။ နှစ်ယောက်အိပ်ခုတင်နိမ့်အောက် ရောက်နေရှာသူ စန္ဒရာ တစ်ယောက် တုံးပိဖားလို ပြားနေရှာခြင်းပင်။ တုံးပိဖားလို ပြားနေရာမှ ဒီဗီနို နှိပ်နယ်ပေးလိုက်၍ ပြန်လည် အသက်ရှူလာပြီး ဖောင်းကားလာ၏။

ငိုအားထက် ရယ်အားသန်ရသော အဖြစ်ကြောင့် အချင်းချင်း လက်ညှိုးထိုး ဝိုင်းဟားကာ စိတ်ညစ်ခြင်း၊ ကြောက်





လန့်ခြင်း၊ ငိုကြွေးခြင်းတွေကို ရယ်ခြင်းဖြင့် ဖျော့ပြီး ပေါ့စေလိုက်ရတော့သည်။

"ပင်လယ်ဓားပြတွေ တကယ် ဟုတ်တယ် မဟုတ်လား"

"ဟုတ်တယ် ... ခေတ်မီပင်လယ်ဓားပြတွေ၊ ဟိုတုန်းက ဒီဗိုင်းတွေနဲ့ မဟုတ်တော့ဘူး၊ ဒါတွေထားပါ၊ ပင်လယ်ဓားပြ ဆိုတော့လည်း ဘာအရေးလဲ၊ ဒီကောင်တွေ တောင်ပိုင်းသမုဒ္ဒရာထဲမှာ ကျန်ခဲ့ပြီ၊ ရာဇဝင်ထဲမှာ ကျန်ခဲ့ပြီ၊ မကြာခင် ကိုယ်တို့ အတ္တလန်တိတ်သမုဒ္ဒရာထဲကို ရောက်သွားတော့မှာ၊ ဘာမှကို စိုးရိမ်စရာ မရှိတော့ဘူး၊ အန္တရာယ်ကုန်လောက်ပြီ"

"ရှင်ပြောလိုက်ရင် ဒီလိုချည်းပဲ၊ ပြီးတော့မှ အန္တရာယ်တွေ ဆက်တိုက်ပေါ်လာတော့တာပဲ"

ဗီနိုက ဝင်၍ စားဖိုဆောင်ဝင်ကြဖို့ လော်ဆော်၏။ မချောလေးယောက်စလုံး ယခုမှ ရဲရင့်သွားဟန်ဖြင့် အခန်းထဲမှ ထွက်ဖို့အပြင် (စားဖိုဆောင်ရှိရာ သွားဖို့အပြင်) ...



www.burmeseclassic.com

www.burmeseclassic.com



ဇီနိုက ရုတ်တရက် ထ,ပြီး အလန့်တကြားလေသံဖြင့် ...

"ပင်လယ်စားပြ"

မိန်းကလေးတွေ လန့်ဖျပ်ကုန်ပြန်၏။ စန္ဒရာက ဒိုဗီနီထံ ပြေးကပ်၏။ မီတီက မေတြီထံ ပူးကပ်၏။ နီဇာက ဇီနို ထံ ပြေးကပ်ပြီး ...

"ဘယ်မှာလဲဟင်၊ ဘယ်မှာလဲ၊ နောက်ထပ်လာပြန်ပြီ လား"

"မလာပါဘူး၊ ပင်လယ်က မကျယ်ဘူးလား"

ဇီနိုက နီဇာ့ကို အကြံနှင့် မေး၏။ နီဇာက နား မလည်ဟန်ဖြင့် မျက်တောင်လေး ပုတ်ခတ်ပြီး ...

"ကျယ်တယ်"

"စားပြက မတိုက်ဘူးလား"

"တိုက်တယ်"

"ကျယ်ရယ် တိုက်ရယ် ပေါင်းတော့"





"ကျယ်တိုက်"

နီဇာက အလိုက်သင့် ထောက်ပြေးလိုက်ခြင်းပင်။

ဇီနိုက ...

"ကျယ်တိုက်၊ ကြိုက်တယ်၊ ဘယ်သူ့ကိုလဲ သိလား"

"ဘယ်သူ့ကိုလဲ"

"မင်းကို ... မင်းကို"

"ရွတ်"

ဇီနိုက နီဇာ့ကို အားရပါးရ ပွေ့ဖက်ချီမပြီး ပြဇာတ် မင်းသား အိုက်တင်ဖြင့် အခန်းထဲမှ ဆိုက်ဂိုက်ကျကျ ထွက်သွား၏။

ကျန်လူတွေ ကြည့်ကောင်းကောင်းနှင့် ငိုင်ကြည့်နေ ရာမှ ပြုံးနိုင်လာကြ၏။ ဒိုဗီနီကလည်း အားကျမခံ စန္ဒာရာကို ...

"ပင်လယ်စားပြ"

"ဘာဖြစ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပင်လယ်က မကျယ်ဘူးလား"

"ကျယ်တော့ ဘာဖြစ်လဲ"

"ဒားပြက မတိုက်ဘူးလား"

"တိုက်တော့ ဘာဖြစ်လဲ"

"ကျယ်တိုက်တော့ ကြိုက်တယ်၊ မင်းကို ... မင်းကို"

ပြောပြီး စန္ဒရာ့ကို မွေ့ဖန်ဟန်အပြင် စန္ဒရာက အတင်းတားပြီး ...

"ရှင့်ကို ပြန်မေးဦးမယ်၊ ဂျိုကာလူဆိုးဆိုတာ သိလား"

"မသိဘူး"

"ဂျိုကာက မရယ်ရဘူးလား"

"ရယ်ရတယ်လေ"

"လူဆိုးက မမိုက်ဘူးလား"

"မိုက်တယ်"

"ရယ်မိုက်တော့ ရိုက်မယ် ရှင့်ကို ဟောဒီလို"





စန္ဒရာက ဒီဗိနို့ကျောကုန်းကို ဖျောလိုအထင်နှင့် ပိတ်ထုချ၏။

ဒီဗိနို 'အု'ခနဲ အသံထွက်စဉ် ...

"ဟောဒီလို ... ဒီလို"

စန္ဒရာက ဒီဗိနို့ကို လက်ဝါး လက်သီး လက်စောင်းတွေနှင့် မိရာစွတ်ရိုက်နေ၍ ဒီဗိနို အခန်းထဲမှ အော်ပြေးသွားရတော့၏။ မိတီနှင့် မေကြီက သဘောကျပြီး ဟက်ဟက်ပက်ပက် ရယ်နေစဉ် စန္ဒရာက ...

"ရှင်တို့ကတော့ ရယ်တာမိုက်လို့ ရယ်မိုက်အဖြစ်ခံချင်တာနဲ့ မျောက်ဖင်နီကြီးတွေလို ရယ်နေကြတာလား"

ဆတ်ခနဲ အရယ်တိတ်ပြီး မိတီနှင့် မေကြီမှာ အာလာလက်ကုတ် လစ်ထွက်သွားကြ၏။ ထိုအခါမှ ခပ်ဖိန့်ဖိန့် ဟောက်စားလုပ်လိုက်ရ၍ မာန်တစ်ခွဲသားနှင့် မိုးမမြင်လေမမြင် အခန်းအပြင်ကို ရင်ကော့ထွက်လိုက်သော စန္ဒရာနှင့်



www.burmeseclassic.com

www.burmeseclassic.com



စန္ဒရာ မရှိတော့ဘူးထင်၍ ကိုယ်လက်သန့်စင်ရန် အခန်းထဲကို သွားခဲ့ ပြန်ဝင်လာသော ဒီဗီနီတို့ ...

ဆိုင်ရိုက်သလို ဒိုင်းခနဲ တိုက်မိကြ၍ ကြယ်မြင် လမြင် ညသခင်မှာ ရင်ထုငိုခန်း ဝင်လိုက်ကြရရှာတော့သည်။





သင်္ဘောသား အုန်းလုံး၏ အစီရင်ခံချက်ကြောင့် ညစာ ...ွဲ ပျက်ရမလို ဖြစ်သွား၏။

AUK ရဲ့ ဘေးကိုယ်ထည်နှစ်ဖက် ရုပ်ထိပြီး မိုင်းစ ...်သည့် အပေါက်တွေ ဖြစ်,မဖြစ်၊ ရေဝင်မဝင်ကို အတွင်းအပြင် ...ပြန်စစ်ဆေးရမည့်အကြောင်းပင်။

ကပ္ပတိန်ကိုယ်တိုင် သင်္ဘောရေအောက်ထဲ ရေငုပ် ...်ဆေးဖို့ ပြင်ဆင်သောအခါ ဒီဗီနီပါ အဖော်လိုက်ပေးဖို့ ပြင် ...င်ရတော့သည်။ သင်္ဘောရေအတွင်းပိုင်းကို အုန်းလုံးနှင့် မိုးကို ...ောင်တို့ ဝင်ရောက်စစ်ဆေးကြ၏။

စက်ခန်းမှာ ဆီလောင်းနေသော ခေယကိုပါ ခေါ်ပြီး ...တ်စစ်ကြည့်၏။ ဆီသိုလှောင်အကန့်တွေ ကြားထဲမှ ကျဉ်းကျဉ်း



www.burmeseclassic.com

www.burmeseclassic.com



ချောက်ချက် ဝင်ပြီး စစ်ဆေးကြည့်၏။ အက်ရာမတွေ့။ တီးခေါက်ကြည့်သော်လည်း ပုံမှန်။

မှိန်းသေနတ်ကိုယ်စီဖြင့် ရေအောက်ငုပ်ကြည့်နေကြချိန်မှာ AUK ကို စက်ရပ်ထား၏။

ကပ္ပတိန်နှင့် ဒီဗီနီတို့ ဘေးရန်ကင်းရှင်းစွာ ပြန်တက်လာနိုင်သောအခါမှ အားလုံး သက်ပြင်းချဖြစ်၏။

"အားလုံး OK တယ်၊ ဘာမှ မဖြစ်ဘူး"

ဒီဗီနီက လှမ်းပြောလိုက်ခြင်းပင်။ ကပ္ပတိန်က အောက်ဆီဂျင်ဘူးတွေ ဖြုတ်ချလိုက်ရင်း အတွင်းပိုင်း အခြေအနေကို မေးနေ၏။ စိတ်ချရသည်ဆိုတော့မှ ကပ္ပတိန် ဟင်းချပြီး ရေငန်တွေကို သန့်စင်ရန် ရေချိုးစိမ်ကန်ရှိရာ ထွက်ခွာသွား၏။

စန္ဒရာက ဒီဗီနီကို အခန်းထဲရှိ ရေပန်းအောက်ကို ခေါ်လာပြီး ရေငန်တွေ ကူညီသန့်စင်ပေး၏။

မိုးကိုအောင်က ကပ္ပတိန်အခန်းကို သွားခေါက်ပြီး ညစာစားပွဲ အသင့်ပြင်ဆင်ပြီးကြောင်း အသိပေးလိုက်၏။ ကပ္ပတိန်က အခန်းထဲ ဝင်လာဖို့ ဖိတ်ခေါ်လိုက်၏။ ရေချိုးစိမ်ကန်ထဲမှာ





ခေတ္တ အနားယူနေသည်မို့ မိုးကိုအောင်ကို လွတ်လွတ်လပ်လပ် ခဏစောင့်နေရန် လှမ်းအော်မှာ၏။

ကပ္ပတိန် အခန်းထဲမှာ စာအုပ်တွေ၊ ပင်လယ်ရေပုံတွေ၊ ကမ္ဘာမြေပုံတွေနှင့် ရှုပ်ပွနေ၏။ ခရီးဆောင်ကွန်ပျူတာ၊ ရေဒီယိုတစ်လုံး၊ ရုပ်မြင်သံကြားစက်တစ်လုံး၊ ရေခဲသေတ္တာ၊ အရက်ဘားကောင်တာတွေကို တွေ့ရ၏။ ဖရိုဖရဲ ဖြစ်နေသော မွေ့ရာပေါ်မှာ ဖတ်လက်စစာအုပ်တွေ ပြန့်ကြဲနေ၏။

စာအုပ်တစ်အုပ်ကို ကောက်ယူဖတ်ကြည့်လိုက်သောအခါ ...

မဟာဂန္ဓာရီခရီးစဉ်နှင့် သက်ဆိုင်သောစာအုပ် ဖြစ်နေ၏။

မဟိဒ္ဓိဂန္ဓာရီ အကြောင်း၊ နိမိတ္တမဟာဂန္ဓာရီအကြောင်း၊ ဈာနမဟာဂန္ဓာရီအကြောင်း၊ အဘိညာဉ်မဟာဂန္ဓာရီအကြောင်းတွေ ငြိကာဖွင့်ထားသည့်စာအုပ်။

နောက်တစ်အုပ် ကောက်ယူကြည့်လိုက်သောအခါ မနောရဲ့ တန်ခိုးစွမ်းအင်ဆိုင်ရာတွေ ဖြစ်နေပြီး ဉာဏ်ကို ပြန့်ကြက်

www.burmeseclassic.com



ကွန်မြူးနိုင်သော လေ့ကျင့်စဉ်တွေ အဆင့်ဆင့်ရေးဖွဲ့တင်ပြထားတာ တွေ့ရ၏။

နောက်တစ်အုပ်က ဘိုစာအုပ် ဖြစ်နေ၏။

'မာစယ်ပရစ်တ်' ရေးသည့် Rememberance of Things Past စာအုပ်အတွဲတွေ။

ဝီလျံဘတ္တလာယိတ်(စ်)ရဲ့ ဂရိနဲ့ဆဲတာစ်စ်ပုံပြင် ဒဏ္ဍာရီတွေ။

ဗာဂျီးနီးယားဝုဖ်ရဲ့ 'မီးပြတိုက်ဆီသို့' ယုတ္တိဥပဒေသနဲ့ အတွေးသဘောတနဲ့ စရိုက်လက္ခဏာတွေ ဖြန့်မှာဝေဖန်ထားသည့် 'မယ်လိုဒရာမာ' စာအုပ်။

ဝီလျံဂျိမ်းရဲ့ စိတ်ပညာနှင့် ဒဿနပိုင်းဆိုင်ရာ ဆောင်းပါးပေါင်းချုပ်စာအုပ်။

ရှေးခေတ်ဒဿနနှင့် နက္ခတ္တဗေဒဆရာကြီးတွေဖြစ်သော 'အနာဆင်မန်ဒါး'၊ 'ဘိုသီယပ်'၊ ဒိုင်အိုဂျင်နိစ်အင်ပက်ဒိုကလက်တို့အကြောင်း ရေးသားထားသည့် လက်ရင်းကျမ်းစာအုပ်။





Meditationဆိုသည့် တရားကျင့်ကြံအားထုတ်ခြင်း ကျင့်စဉ်ကျမ်းစာအုပ်။

မိုးကိုအောင် တစ်အုပ်ပြီးတစ်အုပ် ဖတ်ပြီး စိတ်ထပ်ဆေးမိ၏။ နံရံကပ် စာကြည့်စင်တွေက နံရံအပြည့် ဆိုရမလောက်ပင်။

သူလို ပင်လယ်လှကြမ်း၊ အဏ္ဏဝါတစ္ဆေလူစားမျိုးက စာအလွန်ဖတ်သော လူတစ်ဦးဖြစ်မှန်း သိရသောအခါ မိုးကိုအောင် အလွန့်အလွန် အံ့သြသွားမိရသည်။ ဖြစ်နိုင် မဖြစ်နိုင် စဉ်းစားကြည့်မိ၏။

စာအုံဖတ်ပြီး စာပေါင်းစုံ ပြည့်ကျပ်နေသော ခေါင်းတစ်စုံနှင့်လူဟာ အမူအရာ၊ အကျင့်စရိုက် ထူးခြားလွန်းနေသည်မှာ ဖြစ်နိုင်လွန်းနေပြန်သည်။

မွေးပွတဘက်ပိုင်းဖြင့် အောက်ပိုင်းဖုံးချည်၍ ထွက်လာသော ကပ္ပတိန်က ဘားကောင်တာမှ ကလပ်ခွက်တွေယူပြီး ရေခဲသေတ္တာထဲမှ ပုလင်းကို ဖောက်ကာ မိုးကိုအောင်ကို တစ်ခွက်ငှဲ၍ ကမ်းပေးလာမှုဖြင့် ငြိမ်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ရှိန်ပိန်ကိုယူပြီး တစ်ငုံသောက်လိုက်စဉ် ရှတာထ အရာကို ,စံစားလိုက်ရ၏။

"ကျုပ်စာအုပ်တွေ ခင်ဗျား ဘာလို့ စီထပ်ထားရတာလဲ"

"ကျွန်တော့်လုပ်ရပ်က ကပ္ပတိန်အတွက် စိတ်အနှောင့်အယှက် ဖြစ်စရာများ ဖြစ်သွားသလားဗျာ"

"ကျုပ်က ကျုပ်အမှတ်အသားနဲ့ ကျုပ်ချထားတာ အလုပ်များလို့ အိပ်ချိန်ရတဲ့ခဏမှာ အိပ်မပျော်ခင် ဆယ့်ငါးမိနစ်လောက်ဖြစ်ဖြစ် နာရီဝက်လောက်ဖြစ်ဖြစ် စာဖတ်ပြီးမှ အိပ်တတ်တယ်၊ စာအုပ်တွေ ထရှာရဖွေရတာနဲ့ အချိန်ပုပ်မှာစိုးလို့ ဒီလို အလွယ်တကူထားတာ"

ခက်ပြီ။ ဘယ်လိုပြန်နေရာချရမည်မသိ၍ မိုးကိုအောင် တွင်တွင်ခေါင်းကုတ်ရင်း မှားပါတယ်ဆိုတာကို အကြိမ်ကြိမ် ရေရွတ်နေမိ၏။

ကပ္ပတိန်က ရှိန်ပိန်တစ်ခွက်လောက် သူ့ကို ဂရုမစိုက်ပုံမျိုးဖြင့် အရသာခံမျှင်းသောက်နေ၏။ မိုးကိုအောင်က နှုတ်ဆက်ပြီး သွက်သွက်ထွက်သွားဖို့အပြင် ...





"ခင်ဗျားက အဏ္ဏဝါသုတေသနသမားဆိုတော့ ဒီစာအုပ်တွေထက် အဏ္ဏဝါနဲ့သက်ဆိုင်တဲ့ ရေအောက်ဇီဝဗေဒနဲ့ သတ္တဗေဒပိုင်းဆိုင်ရာ စာအုပ်တွေကို ပိုပြီး စိတ်ဝင်စားမှာပေါ့၊ အဲဒီစာအုပ်တွေက ခင်ဗျားရဲ့ ညာဘက်ခြမ်းက စင်ပေါ်မှာ ရှိတယ်"

ဖော်ရွေလာပြန်၏။ အရူး လင်လုပ်နေရသူလို ဦးနှောက်ခြောက်ချင်လာမိသည်။ နောက်ဆုံး ညစာစားပွဲကို နှစ်ဦးသား ရောက်ချလာသည်အထိ ကပ္ပတိန်၏ ပြုံးခဲရယ်ခဲ၊ ကြည့်လိုက် မကြည်လိုက် ဆက်ဆံရေးကြီး တည်မြဲလျက်သား ရှိနေရတော့သည်။

ညစာစားပွဲက မြန်မာဆန်နေသည်။ ငါးကြော်၊ ခရမ်းချဉ်သီးချက်၊ ပဲငါးပိကြော်၊ မြင်းခွာရွက်သုပ်၊ ဝက်သားဟင်းချက်၊ ခရမ်းသီးဖုတ်သုပ်၊ အာလူးကတ်တလိပ်ကြော် စသည်ဖြင့် ဟင်းပွဲကြီးနှင့် ပွဲရန်ပေါင်း အတော်စုံလင်အောင် ချက်ပြုတ်ကြော်လှော်ပြင်ဆင်ထားကြခြင်းပင်။

www.burmeseclassic.com



စားဖိုမှူးလေးယောက်ကို ကပ္ပတိန်က ချီးကျူးစကား ဆို၏။ ဟင်းပွဲကို မြိန်မြိန်ယှက်ယှက်ကြီး သုံးဆောင်၏။ မြန်မာ ပီပီ လက်နှင့် ပယ်ပယ်နယ်နယ် တွယ်၏။ ပင်လယ်ထဲရောက် ကတည်းက မြန်မာထမင်းဟင်းနှင့် ဝေးနေသည်မို့ ခေယတို့တ ဖွဲ့လုံး ခေါင်းမဖော်စတမ်း တီးကြ၏။

စားသောက်ပြီးစီးကြသည်နှင့် သစ်သီးစုံနှင့် အချို တွေ ဆက်စားရင်း စကားပြောဖြစ်ကြ၏။

"ကျွန်တော်တို့ခရီးစဉ်ရဲ့ ရည်ရွယ်ချက်ကတော့ လူမရှိတဲ့ ကျွန်းတစ်ခုပေါ်မှာ ရက်သတ္တတစ်ပတ်လောက် စတည်းချပြီး သုတေသနလုပ်ငန်းတွေ လုပ်ချင်တယ်၊ ပြီးရင် ရေလမ်းခရီး စဉ်အတိုင်း ကမ္ဘာတစ်ပတ်ပတ်ပြီး မြန်မာပြည်ကို ပြန်ချင် တယ်၊ သုတေသနလုပ်ဖို့လည်း ကောင်းမယ်၊ သာယာလှတဲ့ ကျွန်းတစ်ကျွန်းလည်း ဖြစ်မဲ့နေရာကို ကပ္ပတိန် ရှာဖွေပေး နိုင်မယ်လို့ ကျွန်တော် ယုံတယ်"

မိုးကိုအောင်ရဲ့စကားကို ကပ္ပတိန် တွေဝေစဉ်းစား သွား၏။





"ခင်ဗျား ကျုပ်ကို ပထမပေးထားတဲ့ ခရီးစဉ်က ကမ္ဘာ တစ်ပတ်ကို ရေလမ်းခရီးကနေ ပတ်ဖို့ အတွက်ပဲ မဟုတ် လား"

"သုတေသနလုပ်ဖို့အတွက် ကျွန်တော်တို့ဘာမှ မယ်မယ် ရရ အလုပ်မစဖြစ်ကြသေးဘူး"

"ဒါကတော့ ခင်ဗျားတို့ အပျော်များနေကြတာကိုး"

"အမှန်အတိုင်း ပြောရရင် ကပ္ပတိန်ရဲ့ အခြေအနေကို စောင့်ကြည့်လေ့လာနေတာကြောင့် အချိန်တွေ လေလွင့်သွား ရတာလည်း ပါပါတယ်"

"ခင်ဗျားတို့က ကျုပ်ကို အဲဒီလောက်အထိ ဂရုစိုက်ကြ တာကိုး၊ ကျုပ်က ဘာများ ထူးခြားလို့လဲ၊ ခင်ဗျားတို့ အတွက် အန္တရာယ်ကောင်လို့များ ယူဆထားလို့လား"

ကျန်လူတွေအားလုံး တစ်ယောက်မျက်နှာ တစ် ယောက်ကြည့်ကုန်၏။ ဝန်ခံမည့်သူ မရှိသလို ငြင်းဆိုသည့်သူ လည်းရှိ။ ကပ္ပတိန်က ထိုင်ရာမှ ထရပ်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဒါတွေ ထားပါတော့လေ၊ တစ်နေ့ ကျုပ်ကို ခင်ဗျားတို့ နားလည်လာမှာပါ၊ အခြေအနေသင့်ရင်တော့ ခင်ဗျားလို ချင်တဲ့ ကျွန်းမျိုးကို ကျုပ်ရှာဖွေပေးမယ်၊ အဲ့ဒီလို ကျွန်းမျိုး ဆိုတာကလည်း ကမ္ဘာ့မြေပုံထဲမှာ မပါတဲ့ကျွန်း ဖြစ်လိမ့်မယ်၊ စနိဗာဒီကျွန်း၊ မာဒီးယားကျွန်း၊ ကနေရီကျွန်းတွေကတော့ သူတို့သက်ဆိုင်ရာ နိုင်ငံအစိုးရတွေထံ ခွင့်ပန်ပြီး အခွန်အကောက် ပေးဆောင်မှ ဖြစ်လိမ့်မယ်၊ လူနေတဲ့ ကျွန်းတွေက ပစိဖိတ်သမုဒ္ဒရာနဲ့ အာတိတ်သမုဒ္ဒရာတွေမှာ ပိုပေါတယ်၊ အခု ကျုပ်တို့သွားနေတဲ့လမ်းက ခင်ဗျားတို့ အာသီသပြင်းပြနေတဲ့ ဘာမြူဒါတြိဂံဒေသကို ဦးတည်ထားတယ်၊ အဲ့ဒီကနေ အာတိတ်သမုဒ္ဒရာကို ဖြတ်ကျော်ပြီးရင် တောင်ပိုင်းသမုဒ္ဒရာထဲ ပြန်ဝင်၊ နောက်ဆုံး အိန္ဒိယ သမုဒ္ဒရာကနေ ကိုယ်တိုင်းပြည် ကိုယ်ပြန်မယ်လို့ ကျုပ်က စီစဉ်ထားတာ"

ခေယက ဝင်၍ ...





"အာတိတ်သမုဒ္ဒရာကို ဝင်ရင် ရေခဲခွဲသင်္ဘောတွေကို အကူအငှား လုပ်ရဦးမယ် ကပ္ပတိန်"

"မလိုပါဘူး AUKရဲ့ သင်္ဘောဦးကို ဘက်ပေါင်းစုံအတွက် ရည်ရွယ်ပြီး တည်ဆောက်ထားတာ၊ ရေခဲခွဲဖောက်သွားနိုင်တယ်၊ သိပ်ပြီး ရေခဲထူတဲ့နေရာမှာဆိုရင် စက်အားကို သုံးပြီး ရှေ့တိုးနောက်ငင် ခုတ်မောင်းထွက်ရမှာပဲ၊ ခင်ဗျားတို့ တက်ရောက်လည်ပတ်ချင်တဲ့ နိုင်ငံတွေရှိရင်လည်း သက်ဆိုင်ရာနိုင်ငံတွေနဲ့ ပတ်သက်သမျှအားလုံးကို ကျုပ် စီစဉ်ပေးလို့ရတယ်"

မိန်းမတွေ လှုပ်ရှကုန်၏။

အမေရိကန် ဝင်လည်ချင်သူ၊ ပြင်သစ် ဝင်လည်ချင်သူ၊ အင်္ဂလန်ဝင်လည်ချင်သူတွေ ပွက်လောညံအောင် စကားဆိုလာကြတော့သည်။

ယောက်ျားတွေက ကိုယ့်အမျိုးသမီးကို ကိုယ် ပြန်ထိန်းကြရ၏။ ကပ္ပတိန် ပြုံးပြုံးကြီး လိုက်ကြည့်၏။

မိုးကိုအောင်က ...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ခရီးစဉ်ကို အချိန်နဲ့တွက်ပြီး လာရတာမို့ နောက်ပိုင်းက စီးပွားရေးလုပ်ငန်းတွေ ကြာကြာပစ်ထားလို့ မဖြစ်ဘူး ကပ္ပတိန်၊ အဲဒီနိုင်ငံတွေ နောက်မှ တရားဝင်ခရီး လမ်းကနေ အလည်အပတ်သွားလို့ ရပါတယ်၊ ဘယ်နိုင်ငံမှ မဝင်တော့ပါဘူး၊ ခရီးစဉ်အတိုင်းသာ ဆက်သွားမယ်"

အမျိုးသမီးတွေက မိုးကိုအောင်ကို မျက်စောင်းဝိုင်းထိုးကုန်ကြ၏။ မျက်နှာတွေ ရှုပုပ်လုပ်ပြီး ခေါင်းချင်းဆိုင်ကာ ပွစိပွစိ ပြောကုန်ကြသည်။ ကပ္ပတိန်က မိုးကိုအောင် စကားကို ခေါင်းဆက်ပြ၏။ ခေယက စက်ခန်း ပြန်ထိုင်ဖို့ ထရပ်၏။

ကပ္ပတိန်နှင့် ခေယတို့ ထွက်ခွာသွားသောအခါ ထမင်းစားလေသာဆောင်မှာ ဆူညံပွက်လောရိုက်သွား၏။

"နေရာတကာ ရှင့်သဘောနဲ့ချည့် ဆုံးဖြတ်နေတယ်၊ အလာကြီးလာပြီးမှ အချည်းနှီး လှည့်ပြန်ရမှာလား၊ ရောက်ဖူးတယ်ရှိအောင် ဝင်သင့်တာပေါ့၊ ရှင့်ရဲ့ ဘာမြူဒါတြိဂံကြီးက ဘာလုပ်ရမှာလဲ၊ အန္တရာယ်ကလည်း ကြီးတယ်၊ အဲဒီတြိဂံတဲရောက်သွားရင် ပြန်ထွက်လာနိုင်တဲ့ သဘော်က ခပ်ရှားရှားရယ်"





"ဟုတ်တယ် ... နိုင်ငံတကာ သင်္ဘောတွေတောင် များသောအားဖြင့် ဘာမြူဒါကို ရှောင်ကွင်းမောင်းနှင်သွားကြတာပဲ၊ ရှင်တို့ စဉ်းစားကြည့်လေ၊ ဘာမြူဒါဆိုတာ အချိန်မရွေး ရာသီဥတု ဆိုးရွားဖောက်ပြန်ပြီး အန္တရာယ်မျိုးစုံ ပေးနိုင်တဲ့နေရာ၊ သေမင်းခံတွင်းလို့တောင် ခေါ်ကြတာ"

"ဟုတ်သားပဲ မိုးကိုအောင်ရယ်၊ ရှင်က ကျွန်မတို့ကို သေလမ်းပို့နေတာလား၊ ပါရီက ကမ္ဘာကျော် ဖက်ရှင်မျိုးစုံရှိတဲ့နေရာ၊ ကျွန်မတို့မှာ လိုလိုမယ်မယ် ပါလာတဲ့ ငွေတွေနဲ့ မလောက်ရင် ရွှေဖြူရွှေဝါတွေ ရောင်းပြီး ရသလောက်ဝယ်လိုက်ချင်တာ၊ ကမ္ဘာကျော်ရေမွှေးတွေ၊ ကမ္ဘာကျော် အသုံးအဆောင်ဖိနပ်တွေ၊ လက်ဆွဲအိတ်တွေ ကမ္ဘာကျော်..."

နားကလောလာသော ဒီဗီနီက ...

"တော်ပါတော့ ... မကမ္ဘာကျော်မီတီရယ်၊ ဟိုက ဈေးနှုန်းဘယ်လောက်ဆိုတာ ခင်ဗျား သိရင် ကမ္ဘာကျော်ရူပါမတ်ကတ် ကုန်တိုက်ကြီးတွေရှေ့မှာ ခင်ဗျား ကမ္ဘာကျော်အောင် မတ်တတ်မေ့နေပါဦးမယ်"

www.burmeseclassic.com



ဒီဇီနီစကားကို ဇီနီနှင့် မိုးကိုအောင်က တခွိခွိနှင့် ရယ်မောထောက်ခံကြ၏။ စန္ဒရာက ဒီဇီနီကို နိုင်စားသူပီပီ ...

"ရှင်က ဘာလို့ သူများကို လျှောင်ရတာလဲ၊ လာ လိုက်ခဲ့၊ ရှင်နဲ့ အခန်းထဲကြမှ တွေ့မယ်"

အများရှေ့မှာမို့ ဒီဇီနီက ရှက်ပြီး မျက်နှာကြီး ရဲသွား၏။ စန္ဒရာက ဒေါသဖြင့် မတ်တတ်ထရပ်စဉ် ...

"မင်းက ဘာဖြစ်ချင်လို့လဲ စန္ဒရာ"

"ရှင့်လျှာကို တိုသွားအောင် ဖြတ်ပေးရမယ်"

"မင်းလုပ်တိုင်း ငြိမ်ခံနေမယ် ထင်လို့လား"

"ငြိမ်မခံချင်လည်း ရတယ်လေ၊ ရှင်နဲ့ ကျွန်မနဲ့ ကွဲလိုက်ရုံပေါ့"

"တောက် ... မင်းကွာ"

"လာပါ ... ရှင် အခန်းထဲကိုသာ လိုက်ခဲ့ပါ၊ လူရှေ့သူရှေ့မှာ လုပ်ပြမနေပါနဲ့၊ အဲဒီပုံစံမျိုးနဲ့တော့ ... ဟင်း ... ရှင်နဲ့ ကျွန်မနဲ့ အကွဲပဲတော်ရေ့ အကွဲပဲ"





စန္ဒရာက လက်ဟန်ခြေဟန်မှာ ဒေါသခပ်များများ ထည့်ပြီး ဒေါက်ဖိနပ်သံ ပြင်းပြင်းပေး၍ ထွက်သွား၏။

မိုးကိုအောင် တားနေသည့်ကြားမှ ဒီဇီနီ ဝုန်းခနဲ ထရပ်၏။

ဇီနီက ...

ဘယ်လဲ ဟု ဆွဲပြီး မေး၏။ ဒီဇီနီက ...

"အဲဒီအကွဲကို ငါလိုက်လုပ်ဦးမယ်"

မိုးကိုအောင်က ...

"စိတ်လျှော့ ... စိတ်လျှော့"

"စိတ်လျှော့ပါများလို့ လူလည်း မျော့နေပြီ"

မိတီ၊ နီဇာနှင့် မေတြီက စန္ဒရာဘက်တော်သားတွေပီပီ ...

"အမယ်လေး ... ဖြစ်နေလိုက်တာ၊ လင်နဲ့မယားဖြစ်ပြီးတော့ ဒီလောက်လေးတောင် သည်းခံစိတ် မရှိဘူး ဟွန်း"

"ဟုတ်ပ ... အခန်းထဲလိုက်သွားချင်တာ လွှတ်ပေးလိုက်စမ်းပါ၊ ရှင်တို့လူ ဘယ်လောက် စွမ်းမလဲစမ်းလိုက်ရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီရှေ့မှာ ဒေါ်သတွေ လာဖောင်းကြွမနေနဲ့၊ အခန်းထဲက ကြီးစင်ရှိရာကိုသာကြွ၊ မိုးကိုအောင် ဆွဲမထားနဲ့"

"နွားသိုးကြီးပြတ်ရင် အကုန်လိုက်ခွေ့မှာ၊ လွှတ်ပေးလို့ ဘယ်ဖြစ်မလဲ မီတီ"

မိုးကိုအောင်ရဲ့ ပိုင်ရာဆိုင်ရာက ဝင်လာပြန်၏။

နီဇာက ...

"ရှင်က သူများလင်မယားကြားထဲ ဘာဝင်ရှုပ်နေတာလဲ၊ ကျွန်မ မကြိုက်ဘူးနော်"

မိုးကိုအောင် လက်လွှတ်ပေးလိုက်သောအခါ ဒီဗီနီ ရှုးရှုးရှားရှားဖြင့် စန္ဒရာနောက်ကို လိုက်ချသွား၏။

"ပွဲကောင်းပြီနဲ့ တူတယ်"

နီဇာက အားလုံးကို မျက်လုံးပြူးပြီး ပြောလိုက်ခြင်းပင်။ မေတြိက ...

"အဲ့ဒါ ရှင့်အလုပ်လား"

"မင်းတို့ မိန်းမတွေက အစွမ်းအစ သိပ်ပြချင်တာပဲ၊ ယောက်ျားတွေက ချစ်လို့ အလိုလိုက်ထားတာကို အမိုက်စော်





ကားချင်သေးတယ်၊ မင်းက ငါ့ကို စန္ဒရာ့အထာနဲ့ လာမမာန်နဲ့၊ ငါက ဒီဗီနီလို လူစားမျိုး မဟုတ်ဘူး"

"ဩော် ... ဒါဆို ရှင်က ဘယ်လို လူစားလဲ"

"ရှင်ဘုရင်လို လူစား၊ မင်းဟာ မိဖုရားပဲ ဖြစ်ရမယ်၊ ကမ်းတက်မလာနဲ့၊ သက်ဦးဆံပိုင်ဘုရင်ကို ဘာထင်နေသလဲ"

မေတြိက လှောင်ရယ်ဟားတိုက်လိုက်ပြီး လက်သည်းဖြင့် စတင်တိုက်ခိုက်၏။ ဗီနီက အရှောင်အတိမ်း လုပ်ပြသောအခါ ကရင်မ်ရှည်ဆမ်းထားသော ကိတ်မုန့်ဖြင့် ပိတ်ပေါက်၏။ ဗီနီ ငုံ့ရှောင်လိုက်နိုင်သော်လည်း (ပါးစပ်ကြီးဖြဲပြီး သဘောကျနေသည့်) မိုးကိုအောင် မျက်နှာကို ဖတ်ခနဲ သွားမှန်၏။

မျောက်ဖြူမျက်နှာကြီး ဖြစ်သွား၏။

"အို ... ကန်တော့ ... ကန်တော့ မတော်လို့နော်"

မုန့်ဖတ်တွေ မျက်နှာပေါ်က သပ်ချနေသော မိုးကိုအောင်က ...

"မင်းတို့ စိတ်ချမ်းသာရင် ရှာအေးချမ်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



နီဇာက မေတြီကို ...

"အဲဒါ အရှူးစိတ်ချမ်းသာရင် ရွာအေးချမ်းချမ်းတယ်ဆိုတဲ့ သဘောမျိုးပြောတာ၊ ရှင့်ကို အရူးနဲ့ နှိုင်းတာ"

"ဟာ ... မိန်းမ ... မင်းက ငါ့ကို မေတ္တာထားလှချည်လား၊ ကိုယ့်ယောက်ျား ခံစားနေရတာကို ဩဘာပေး နေတာလား"

"ရှင့်ကို မေတ္တာပျက်နေပြီ၊ ရှင်ဖျက်လို့ ကျွန်မတို့ ကြိုတင်ကျိတ်တိုင်ပင်ထားတာတွေ ပျက်ကုန်ပြီ၊ အဲ့ဒါ ရှင့်ကြောင့်၊ ရှင့်ကြောင့်"

ပြောလည်းပြောသလို ငှက်ပျောခွံနှင့် ပိတ်ပေါက်၏။ မိုးကိုအောင် ငှက်ပျောခွံ ဦးထုပ်လေး ဆောင်းလျက်သား။

"ဒီလောက်တောင်ဖြစ်တဲ့ မိန်းမ ကဲဟာ ... ကဲဟာ"

မိုးကိုအောင်က ငရုတ်ဆီရည်ထည့်ထားသည့် ကော်ဘူးကို လက်ဖြင့် ဖျစ်ညှစ်၍ နီဇာ့ကို ရေပြွန်နှင့် ပက်သလို လှမ်းပက်၏။ ငရုတ်ဆီနှင့် ရဲပဒေါင်းခတ်သွားသော နီဇာက နီးရာဖရဲခွံတွေနှင့် ကောက်ပေါက်၏။





စီနီက မိုးကိုအောင်ကို ဝင်တားရင်း အပေါက်ခံရ၏။ မေတြီက နီဇာ့ကို ဝင်တားရင်း ထိမှန်ခံရ၏။

နောက်ဆုံး စိတ်ရှိလက်ရှိ ပါတီပွဲကြီးဖြစ်သွားကာ သူ့ဘက်ကိုယ့်ဘက် စစ်ကူလိုက်ပြီး ဝိုင်းပေါက်ကြတော့သည်။

AUKကမူ ဘယ်အရာကိုမှ သတိမမူဘဲ အတ္တလန္တိတ် သမုဒ္ဒရာရဲ့ ရင်ခုန်လှိုင်းတွေကို ဖောက်ပြီး သေမင်းခံကွင်းရောက်အောင် စက်ကုန်ဖွင့်၍ တောက်လျှောက်ပြေးနေ၏။



www.burmeseclassic.com

www.burmeseclassic.com



လမ်း၌ ငါးဖမ်းသင်္ဘော၊ ကုန်တင်သင်္ဘောနှင့် တန်ကေးလေ့ကြီးများကို မကြာခဏ တွေ့မြင်ခဲ့ကြရ၏။

အချိန်လေးဆယ်ခန့်ရှိသော ငါးတောက်တူကြီးတစ်ကောင်ကို AUKရဲ့ ငါးမျှားချိတ်နှင့် မိခဲ့သော်လည်း ကပ္ပတိန်က ငါးမန်းကလွဲလျှင် မလိုချင်သောကြောင့် ရေထဲ ပြန်လွှတ်ပေးခဲ့မိသည်။

ကပ္ပတိန်က ငါးမန်းမှိန်းထိုးအတတ်ကို ကျွမ်းကျွမ်းကျင်ကျင်တတ်၏။ ငါးမန်းအတော်များများကိုလည်း ကိုယ်တိုင်မှိန်းပစ်ထိုး၍ ဖမ်းဆီးခဲ့ဖူးသည်။ သူတို့အဖွဲ့ကို ငါးမန်းတောင်ဟင်းချို တိုက်ချင်ကာမှ ငါးမန်းနှင့် တွေ့ရခဲနေတော့၏။





ငါးမန်း မရသော်လည်း 'ဂါရန်'အမျိုးအစား အော်တိုမတ်တစ်ရိုင်ဖယ်ဖြင့် ဒင်ကျီးငှက်ပုံစံ ငှက်တွေ ပစ်ဖမ်းကာ ကြော်လှော်ကျွေးတတ်၏။

ညဘက်ရောက်သည့်အခါ သင်္ဘောကုန်း အပေါ်ဆုံးထပ်မှာ မီးဖို၍ နေ့လယ်ပိုင်းတွေမှာ ပစ်ခတ်ရရှိထားသော အိန္ဒိယကြိုးကြာနီတွေ ကင်ကာ ဘီယာနှင့် တိုက်ကျွေးဧည့်ခံတတ်ပြန်သေး၏။

လပြည့်ညတွေမှ လရောင်တွေက သမုဒ္ဒရာရေပြင်မှာ ငွေမျှင်ယှက်သမ်းပြီး ကွေ့ကောက်စီးဆင်းနေ၏။ ကပ္ပတိန်က အမျိုးသမီးတွေကို ကမ္ဘာ့အကောင်းဆုံးကော်ဖီ 'ရီတန်'ကော်ဖီ ဖျော်တိုက်၏။

ထိုညမျိုးတွေမှာ ဗီနီနှင့် မေတြီက အလုပ်များနေခဲ့ကြ၏။ ဗီနီက မှန်ပြောင်းတစ်လက်ဖြင့် အာကာသကို ရှုစားရင်း ပါးစပ်မှ တတွတ်တွတ် ပြောနေ၏။



www.burmeseclassic.com

www.burmeseclassic.com



မေတြိက ကွန်ပျူတာစက္ကူရင်(န်)ကို ကြည့်ပြီး Computer File တွေထဲမှာ ရိုက်သိမ်းထားသော နက္ခတ္တဗေဒ အချက်အလက်နှင့် အသုံးဝင်သော ရုပ်ပုံကားချပ်တွေကို ကီးဘုတ်ပေါ် လက်ချောင်းတွေ တစ်တောက်တောက် ခြေးရင်း ပြန်ခေါ်နေ၏။

တစ်နေ့မှာ အမွေးဖွားဖွားငါးဘီလူးကြီးတွေ ပေါများသော လူသူမရှိသည့် ကျွန်းတစ်ကျွန်းထဲ ခေတ္တ ခိုနားဖြစ်ကြ၏။

အသက်ကယ်မော်တော်ဘုတ်တွေဖြင့် ကမ်းကို ကူးခဲ့ကြပြီး ကျွန်းပေါ်တက်ကြည့်ကြ၏။ ကျောက်တောင်နှင့် သစ်တောကြီးရှိပြီး သုံးမိုင်ပတ်လည်ခန့် အကျယ်ရှိမည့် ကျွန်းတစ်ကျွန်းပင်။

ကျွန်းပေါ်မှာ ဒီဒူးလက်ပံပင်၊ အုန်းပင်၊ ကြိမ်ဖူးပင်၊ ကွမ်းသီးအရိုင်းပင်နှင့်အခြားသော အလေ့ကျပေါက်ပင်မျိုးစုံကို တွေ့ရ၏။ တစ်ချိန်တစ်ခါက လူသူနေထိုင်သွားခဲ့ဖူးပြီး နောင်ကြာသောအခါ အကြောင်းတစ်ခုခုကြောင့် ကျွန်းကို စွန့်ပစ်သွားကြဟန်တူ၏။





ဒီဗီနီနှင့် မိုးကိုအောင်က အဏ္ဏဝါရေအောက်ထဲ ငုပ်လျှိုးပြီး သုတေသနပြုရန် ပစ္စည်းနမူနာလေးပေါင်းများစွာ စုဆောင်းကောက်ယူလာကြ၏။ ကျွန်းပေါ်မှာ ယာယီတဲထိုးနေထိုင်ပြီး AUKကို ကျောက်ချထား၏။ ကပ္ပတိန်က သင်္ဘောပေါ်မှာပင် သင်္ဘောသားတွေနှင့် ပြန်နေခဲ့လေသည်။

စိမ့်ရေမှတစ်ဆင့် ရေချိုရ၏။ တောတောင်တွေကို မတွေ့ရသလောက်ရှိ၏။ ထိုကျွန်းလေးပေါ်မှာပင် အေးအေးလူလူ အနားယူရင်း သုတေသနပစ္စည်းတွေ စုဆောင်းဖြစ်၏။

ညနေစောင်းလျှင် ပင်လယ်ထဲဆင်း၍ ရေကူးကြ၏။ ပင်လယ်ထဲမှာ သစ်ပင်ငယ်တွေ ပေါက်နေ၍ ရေပြင်က စိမ်းမြနေ၏။

အချို့သော ကျောက်ဆောင်နေရာများတွင် ကုန်းမြေနှင့် နီးနေ၍ ရေပြင်က အပြာနုရောင် ပေါက်နေ၏။

ညဘက်များမှာ ကပ္ပတိန် လာရောက်ပြီး အခြေအနေကြည့်၏။ သူနှင့်အတူ လိုအပ်သောဆေးဝါးနှင့် ရိက္ခာတွေ ယူလာပေးတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့မှာ သည်းထိတ်ရင်ဖိုဖွယ်ရာ အဖြစ်နှင့် တွေ့ဆုံခဲ့ကြရ၏။

မိန်းကလေးတွေက ကမ်းစပ်အနားမှာ ရေကူးနေကြပြီး ဒီဗီနိုနှင့် မိုးကိုအောင်က ရေငုပ်ကိရိယာမပါဘဲနှင့် ရေငုပ်ကာ ပင်လယ်ရေအောက်ကို ရေဆင်းချိုးရင်း လေ့လာကြသည်။

စက်ခန်းမှာ စက်ပြင်စရာရှိတာ ပြင်ပြီး ကမ်းကို ရော်ဘာလှေနှင့် ပြန်ကူးလာသော ခေယက အဝေးမှ ဒုန်းထိုးပြေးလာသော ငါးမန်းဆူးတောင်ကြီးကို တွေ့လိုက်ရသည်။

"ငမန်း ... ငမန်း ... ကမ်းပေါ်တက် ငမန်းလာနေပြီ"

ခေယ အော်သံကုန် အော်သံကြောင့် မိန်းကလေးတွေ ထိတ်လန့်ပြီး ရေထဲမှ ကမ်းပေါ်ကို တဝုန်းဝုန်း ပြေးတက်ကြ၏။ ကမ်းခြေအနားမှာ ရာဘာကွင်းထဲ ထိုင်ပြီး ပက်လက်လှန်မျောနေသော ဗီနိုမှာ လှိုင်းပုတ်သံတွေကြောင့် မကြား။ သဘော်နှင့် ပေ ၅၀ အကွာမှာ ရှိနေ၍ ခေယ အော်သံကို ကပ္ပတိန်ကြားသွားပြီး အသင့်ကပ်ထားသော လှေပေါ်မှိန်းတင်ကာ စက်ကုန်ဖွင့် မောင်းချလာ၏။





ခေယက တက်ကိုချကာ ရော်ဘာလှေမှာ တပ်ထားသော စက်ကို ဖွင့်မောင်းပြီး အရှိန်နှင့် ဗီနိုရဲ့ ရော်ဘာကွင်းကို တိုက်ထိုးပစ်လိုက်၏။

ထိုအခါကျမှ လူတစ်ခုန်မျှသာ ကွာတော့သော ငမန်းတောင်ကြီးနှင့် ဗီနို့ ရော်ဘာကွင်းလေး ဝေးသွားတော့၏။ ခေယက စက်တပ်ပန်ကာကို မြှောက်ပြီး ငမန်းကို လိုက်မွှေ့၏။ ငမန်းက ရေထဲငုပ်ပြီး လှုပ်ရှားနေသော မိုးကိုအောင်တို့ထံ ဝါးလုံးထိုး ပြေးဝင်သွားပြန်၏။

လူမျိုနိုင်သည့် ငါးရွေးငါးကြီးထက် နှစ်ဆသုံးဆကြီးသည့် ငမန်းကြီးကို မိုးကိုအောင်က စ,တွေ့ပြီး ဒီမိနိုကို လက်နှင့် အချက်ပြ၍ သန္တာကျောက်တန်းအနားမှာ ကပ်ပြီး ငြိမ်နေလိုက်၏။ နှစ်ယောက်သား အသက်အောင့်နည်းကျင့်ထား၍သာ တော်တော့၏။

ထိတ်လန့်ချောက်ချား အသည်းယားဖွယ်ရာ ငမန်းချွန်ကြီးတွေကို အနီးကပ် မြင်လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



မေန်းကြီးက လူတစ်ယောက်ကို အသာလေး ကပ်ငြိ ကိုက်ဝါးပစ်နိုင်၏။ လူ့ပ်ရှားနေသော သားကောင်ပျောက်သွား၍ မေန်းကြီးက ကွေ့ပတ်ရှာနေ၏။

နောက်ထပ်နှစ်မိနစ်သုံးမိနစ်လောက် အထိသာ မိုးကို အောင်တို့ တောင့်ခံနိုင်ကြတော့မည်။ အဆုတ်ထဲက လေမရ၍ တွန်းထွက်ပေါက်ကွဲမတတ် အောင့်လာ၏။ လည်ချောင်းကြောတွေ ထောင်တက်ဖောင်းကြွလာ၏။

ရေထဲငုပ်ချိန် ဆယ့်ငါးမိနစ်ခန့်သာ ကြာအောင် ပြုလုပ်နိုင်ကြသူတွေမို့ ဒုက္ခလှလှ တွေ့နေရလေပြီ။

ကွေ့ပစ်ရှာနေသော မေန်းကြီးအလစ်မှာ အပေါ်ကို တိုးကပ်ကူးခတ်ပြေးလျှင်လည်း ရေဘုရင်ဖြစ်သော မေန်းရန်က လွတ်လိမ့်မည် မထင်။

လှုပ်တာနှင့် မေန်းက တန်းသုတ်တော့မှာ သေချာ၏။ မေန်းကြီး ရေပေါ်ဖော့တက်စဉ် 'ဝရုဇ်'ခနဲ ရေထဲထိုးကျလာသော မိုန်းသွားကြီးက မေန်းကျောပြင်ကို ဖောက်စူးဝင်သွား၏။





ခဏအတွင်းမှာပင် သူတို့အနီးမှာ သွေးရောင်တွေ ချင်းချင်းနီသွားတော့၏။

မေန်းကြီးမှာ မိုန်းဒဏ်ရာဖြင့် ပင်လယ်ရေထဲမှာ ရုန်းထိုး လူးလိမ့်နေ၏။

မိုးကိုအောင်က ဒီဗိနိုကို ကမ်းပေါ် အမြန်တက်ဖို့ လက်နှင့် အချက်ပြပြီး အလျင်စ၍ ကူးပြေးတော့သည်။

ရေပြင်ပေါ်ကို မိုးကိုအောင်နှင့် ဒီဗိနိုတို့ ရောက်လာစဉ် ခေယ၏ ရော်ဘာစက်တပ်လှေက အနားရောက်ချလာ၏။

"မြန်မြန်တက်ကြ၊ မြန်မြန် ... သွေးညှီနံ့ကြောင့် မေန်းအုပ်ကြီး ထပ်ရောက်လာပြီ မြန်မြန် ..."

သူတို့နှစ်ယောက်စလုံး ရော်ဘာလှေပေါ် ရောက်ပြီး အသက်ကို ဖုတ်လှိုက်ဖုတ်လှိုက် ရှူနေရချိန်၌ ကပ္ပတိန်ရဲ့ စက်တပ်လှေရှိသော နေရာမှာ ကမ္ဘာပျက်သလို မေန်းအုပ်ကြီး ဓာတ်ဖို့သားစားပြီး ပွဲတော်တည်နေကြလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကပ္ပတိန်က မှိန်းမိထားသောငမန်း အစားခံနေရ၍ ထိုငါးမန်းမှ မှိန်းကို ကြိုးဖြင့် ပြန်ဆွဲနုတ်ယူပြီး ငါးမန်းတွေထဲမှ ခပ်ကြီးကြီးတစ်ကောင်ကို လိုက်လံမှိန်းထိုးနေပြန်၏။

သမင်မွေးရင်း ကျားစားရင်းဆိုသလိုပင် ကပ္ပတိန်ရဲ့ မှိန်းချက်ထိသွားသော ငမန်းမှာ သွေးတွေ ပွက်ခနဲ ဖြာသွားစဉ် အနီးအနားမှ ငါးမန်းတွေက မှိန်းထိုးငါးမန်းကို ဝိုင်းဝန်ကိုက်ဖဲ့စားသောက်ပစ်နေကြပြန်သည်။

သူတို့အားလုံး ကမ်းပေါ်ပြန်ရောက်လာပြီး ကပ္ပတိန်ကိုသက္ကရဲ့ ငမန်းထိုးပွဲကို ရင်တထိတ်ထိတ်နှင့် လှမ်းကြည့်နေမိကြ၏။

ကိုသက္က၏ ရဲရင့်မှု ...

ကိုသက္က၏ ချိန်ဆမှု ...

ကိုသက္က၏ ပါးနပ်လျင်မြန်မှု ...

စက်လှေကို စက်ဝိုင်းလို ပတ်ပြီး ငမန်းအုပ်ထဲမှ ငမန်းတစ်ကောင်ကို မှိန်းထပ်ထိုးကာ ကမ်းခြေရောက်အောင်





ဆွဲပြေးလာ၏။ နောက်မှ ငါးမန်းသုံးလေးကောင်က သွေးအလူးလူးဖြင့် ပါသွားသော ငါးမန်းနောက်ကို ဝိုင်းလိုက်ကြ၏။ ကမ်းခြေပေါ် စက်လှေ လွန်းထိုးခုန်တက်သွားသလို ကိုသက္ကလည်း သဲသောင်ပေါ် လွင့်ကျသွား၏။

အားလုံး ရင်သပ်ရှုမောဖြစ်နေ၍ ဘာလုပ်ရမည် ဘာကိုင်ရမည်ကို သတိမရကြ။

မှိန်းတန်းလန်းနှင့် ငါးမန်းကြီးက သဲပေါ် တစ်ဝက်နင်းပြီး ဖျပ်ဖျပ်လူးနေ၏။ လဲနေရာမှ အမြန်ထပြီး လှေဝမ်းထဲမှ မှိန်းအလွတ်တစ်ချောင်းကို ယူကာ ငါးမန်းကြီးရဲ့ နားပန်ကို ထိုးစိုက်၏။ ဘွားခနဲ ရေလှိုင်းရိုက်ချက်နှင့် ပေါ်လာသော ငါးမန်း သုံးကောင်ကြောင့် ကိုသက္က နောက်ကို ကျွမ်းပစ်ထိုးပြီး လှေဝမ်းထဲမှ မှိန်းသစ်ထပ်ယူ၏။ ပြီးလျှင် အဝေးပစ် ချိန်ဆပစ်ထည့်လိုက်၏။ မှိန်းအလွတ်က ငါးမန်းရဲ့ဆူးတောင်လေးမှ စိုက်ဝင်သွား၏။ ရေအကျနှင့် လူးထပွက်လီမ်ပြီး ငါးမန်းကြီး ရေထဲပြန်ရောက်သွားစဉ် အနီးအနားမှ ငါးမန်းနှစ်ကောင်က သွေးညှီနံ့

www.burmeseclassic.com



ကြောင့် အဖော်ဒဏ်ရာရ ငါမန်းကို ဝိုင်းကိုက်ကြ၏။ ထို့ကြောင့် မှိန်းကြိုးတန်းလန်းနှင့် ပါလာသော ငါးမန်းမှာ အစားခံရမည့်ဘေးမှ လွတ်သွား၏။ ကြိုးမပါသောမှိန်းတန်းလန်းနှင့် ငါးမန်းမှာ အကောင်အနည်းငယ်သေး၍ ရေနက်ထဲကို ကိုက်ချီဆွဲချပါသွားတော့သည်။

ငါးမန်းကြီးကို မြေတစ်ဖက်နင်းပြီး ကျေကျေနပ်နပ် မျက်နှာဖြင့် အောင်ပွဲခံနေသော ကိုသက္ကကို အားလုံး သတိပြန်ဝင်လာပြီး ဩဘာလက်ခုပ် ပေးမိကြ၏။

တစ်ဖွဲ့လုံး ပြေးသွားပြီး ငါးမန်းကြီးကို ဝိုင်းကြည့်ကြ၏။

သက်ရင့်ထန်းပင်လုံးပတ်ထက် ပို၍ လုံးပတ်ကြီးပြီး အရှည်ဆယ်တောင်မကနိုင်သော ငါးမန်းကြီးရဲ့ ဆူးတောင်ကို ကိုသက္ကက ချက်ချင်း ဖြတ်ယူနေ၏။

ငါးမန်းကို မျက်မြင်ကိုယ်တွေ့ မြင်ဖူးလိုက်ကြရ၏။ ခေယတို့ တစ်ဖွဲ့လုံး အံ့ဩမဆုံးဖြစ်ကာ တော်တော်နှင့် ငါမန်း အကြောင်းကို ပြော၍ မပြီးစီးနိုင်အောင် ဖြစ်သွားရ၏။





ငါးမန်းကြီးရဲ့ ဆူးတောင်ကို ရက်ရက်စက်စက် ဖြတ်ယူနေသော ကိုသက္ကရဲ့ လုပ်ပုံကိုင်ပုံတွေကြောင့် မိန်းကလေးတွေက သွေးလန့်ပြီး အကြည့်လွှဲကုန်ကြ၏။

ခေယတို့ပင် မသိမသာ မကြည့်ဖြစ်အောင် သတိပြုနေမိကြ၏။

"ခင်ဗျားတို့အတွက် မကြာခင်မှာ ငါးမန်းဆူးတောင်ဟင်းချိုခွက်ကြီးတစ်ခွက် ဖြစ်လာတော့မယ်"

ဘယ်လောက်ကောင်းသည့် အရာမျိုးပင် ရှိပါစေ ကပ္ပတိန်ရဲ့ သွေးရူးသွေးတန်း ဖျက်ထုတ်နေပုံကိုက စားရဲ့စရာတစ်ကွက်မှမရှိ။

ငမန်းဆူးတောင်ရပြီးသည်နှင့် စက်လှေနှင့် AUK ကို ကပ္ပတိန် ပြန်သွားလေ၏။ ငါးရွေးငါးကြီးလို (ဆူးတောင်မဲ့) တုံးလုံးကြီး ကျန်နေခဲ့သော ငမန်းကြီးကို ကြည့်ပြီး အားလုံးကိုယ်စီ အတွေးဖြင့် ငြိမ်သက်နေမိကြ၏။

"ပင်လယ်ဘုရင်လည်း လူသားနဲ့တွေ့ရင် အမဲဖျက်ခံလိုက်ရတာပဲလား"



www.burmeseclassic.com

www.burmeseclassic.com



ခေယ တီးတိုးရေရွတ်စကားကို ဆိုလိုက်ခြင်းပင်။

မိုးကိုအောင်က AUK ထံ လှမ်းကြည့်ရင်း …

" ကပ္ပတိန်က တကယ်အဏ္ဏဝါမုဆိုးပဲ"

ဇီနိုက …

"ကပ္ပတိန်ရဲ့ မျက်လုံးတွေက ရက်စက်တဲ့ အရောင်တွေ ဝင်းဝင်းတောက်ပနေတာပဲဗျာ"

ဒီဇီနိုက အားလုံးကို လိုက်ကြည့်ပြီး နောက်ဆုံး AUKသင်္ဘော ကျောက်ချရပ်နားထားရာမှာ အကြည့်ကို ရပ်တန့်လျက် …

"ကပ္ပတိန်ကိုသက္ကမှာ စိတ်ရောဂါအခံတစ်ခု ရှိနေပုံရတယ်၊ သူ့ကို အထူးသတိထားကြပါ"

နီဇာက …

"ဟုတ်တယ် … ကျွန်လည်း အဲဒီလို ထင်တယ်၊ စန္ဒရာ ပြောပြခဲ့တဲ့ ကပ္ပတိန်ရဲ့အကြောင်းကို အခု ကျွန်မ တဖြည်းဖြည်း သဘောပေါက်လာပြီ"





"သဘောပေါက်ရုံနဲ့ မရဘူးလေ၊ ကျွန်မတို့ ခရီးဆက်ရှည်နေရင် မကောင်းဘူး၊ ကျွန်မ အတန်တန် ပြောပြတားမြစ်နေတဲ့ကြားက ရှင်တို့ ဆက်သွားချင်နေကြတာပဲ၊ စန္ဒရာဆိုတဲ့ ကျွန်မရဲ့စကား ဘယ်လောက် သွေးထွက်အောင် မှန်သလဲ ဆိုတာ ရှင်တို့ မကြာခင် တွေ့လာလိမ့်မယ်"

မိတီက

"ကိုသက္ကက အရိုင်းနဲ့အယဉ် ပေါင်းစပ်ထားတဲ့ လူတစ်မျိုးပဲနော်"

နောက်ဆုံး ကောက်ချက်ချပြီး ပြောရေးဆိုခွင့်အလှည့်ရသူ မေတြီက တစ်ခွန်းမျှ မဟ။

"ရှင်ရော ဘယ်လို သဘောရသလဲ မေတြီ"

အားလုံးက မေတြီကို ဝိုင်းကြည့်၏။ မေတြီထံမှ စကားသံကို နားစွင့်နေကြသည်။ မေတြီက …

"ကျွန်မ သဘောအရတော့ ကပ္ပတိန်ကိုသက္ကဟာ လူထဲက လူလည်း မဟုတ်ဘူး၊ လူ့စည်းဝိုင်းအပြင်ဘက်က လူလည်း



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး၊ သူကအသစ် ... တကယ့်ကို အသစ်၊ လူသစ်မှ တကယ့် လူသားအသစ်ကျပ်ချွတ် စင်စစ်တစ်ယောက်ပဲ"

မေတြီ စကားအဆုံးမှာ ပင်လယ်ရေလှိုင်းလုံးကြီးက ဝုန်းခနဲ ဝေါခနဲ ဩဘာပေးလိုက်သည့်အလား။

အားလုံး ပြန်လည်ငြိမ်တိတ်သွားရပြန်တော့သည်။





ကျွန်းပေါ်မှာခိုနားရက်

ရက်သတ္တပတ်ပြည့်မြောက်နေ့မှာ သူတိုတစ်ဖွဲ့လုံး စခန်းသိမ်းပြီး သင်္ဘောပေါ် ပြန်တက်ဖြစ်၏။ ဦးတည်ချက်လားရာအတိုင်း ခုတ်မောင်းလာစဉ် လမ်းခရီး၌ ကပ္ပတိန်နှင့် သူတို့အဖွဲ့ စကားပြောချိန် အတော်များများ ရခဲ့၏။ ငါးမန်းတစ်ကောင်ဖမ်းမိနိုင်ပြီးသည်နှင့် စိတ်ကျေနပ်၍လားမသိ ကပ္ပတိန်ရဲ့ ဆက်ဆံရေးတွေ ယခင်ကလို မဆိုးရွားတော့။

"ကပ္ပတိန် ငါးမန်းကို ဘာကြောင့် ဒီလောက် မုန်းနေရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ခေယက ပွင့်ပွင့်လင်းလင်း မေးကြည့်ခဲ့၏။

"ကျုပ်ရဲ့ သင်္ဘောအင်ဂျင်နီယာကို ဒီကောင်တွေ ဆွဲသွားတယ်၊ ပြီးတော့ ဟိုးအရင် ရေလမ်းခရီးစဉ်တွေမှာ ရေထဲမှာလဲ ငုပ်ရှာတဲ့ ကျုပ်ရဲ့ လူတွေကို ဒီကောင်တွေ မကြာခဏ ကိုက်သတ်ပစ်တတ်တယ်၊ အဲ့ဒီအထဲမှာ ကျုပ် အားအထားရဆုံး ပဲ့ကိုင်ကြီးတစ်ယောက် ပါသွားတယ်၊ အဲ့ဒီပဲ့ကိုင်ကြီးက ကျုပ်ဆရာဆိုလည်း ဟုတ်တယ်၊ ကျုပ်ရဲ့အချစ်ဆုံး မွေးစားဖခင်ဆိုရင်လည်း ဟုတ်တယ်၊ ကျုပ်ဘဝကို ပင်လယ်မှဆိုးဖြစ်အောင် သွတ်သွင်းခဲ့တဲ့ အဓိကပုဂ္ဂိုလ်ကြီးပေါ့၊ အဲ့ဒါကြောင့် ကျုပ်ဟာ ငါးမန်းမြင်ရင် သတ်ချင်တဲ့စိတ် ဝင်နေတော့တာပဲ"

"အခု အပြည်ပြည်ဆိုင်ရာမှာ မျိုးတုံးရှာပါးလုပြီ ဖြစ်တဲ့ တိရစ္ဆာန်တွေကို ဖမ်းဆီးသတ်ဖြတ်ခြင်း မပြုဖို့ ဥပဒေထုတ်ထားတယ် မဟုတ်လား"





"အဲ့ဒါ သူတို့နဲ့ ပိုင်ရာဆိုင်ရာ ရေပိုင်နက်တွေမှာပါ၊ ဒီအဏ္ဏဝါရေပြင်ဟာ အပြည်ပြည်ဆိုင်ရာရဲ့ အမိန့်အာဏာနဲ့ ကင်းလွတ်တယ်၊ ဒီနေရာမှာ ဥပဒေမရှိဘူး၊ သဘာဝတရားကြီးရဲ့ ဥပဒေပဲရှိတယ်၊ လျင်တဲ့သူ မှဆိုးဖြစ် မလျင်တဲ့သူ သားကောင်ဖြစ် ... ဒါပဲ"

ဒီဗီနီက ...

"ကပ္ပတိန်က ဘယ်သူနဲ့မှ မတူတဲ့ လူအသစ်တစ်ယောက်ပဲ၊ မိုးလေဝသထက် ခန့်မှန်းရခက်တဲ့ လျောင်လိုလူစားမျိုးပေါ့၊ လျောင်ဆိုတာ ဘယ်အချိန်လာမယ်ဆိုတာ ဘယ်သူမှ ကြိုတင်ခန့်မှန်းလို့မရဘူး၊ အားပြင်းတာ အားပျော့တာလည်း လှုပ်ပြီးသွားတော့မှ တိုင်းတာလို့ သိနိုင်တယ်"

"ခင်ဗျား အထင်မှားနေလို့ ဒီဗီနီ၊ ကျုပ်ဟာ လူထဲကလူတစ်ယောက်ပါပဲ၊ ခင်ဗျားတို့လို လူချမ်းသာ သားသမီးတွေက လူစုံစေအောင် မတွေ့ဘူး မပေါင်းဘူးလို့ ကျုပ်လိုလူယောက်ကို လူထူးလူဆန်းလို့ ဝိုင်းထင်နေကြတာပါ၊ ခင်ဗျားတို့အမြင်မှာ တစ်ခါတလေ ကျုပ်ဟာ လူကြီးလူကောင်းပုံစံ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ နေတယ်၊ တည်တည်တံ့တံ့ပေါ့၊ တစ်ခါတလေ တုံ့ဏှိဘာတွေ မထုံတက်တေးနေတယ်၊ တစ်ခါတစ်ရံမှာတော့ ကျုပ်ဟာ လူရမ်းကားကြီးလို ရက်စက်တတ်သူကြီးလို အသွင်ပေါက်နေတယ်၊ နောက်ထပ်တစ်ခါတလေ ကျုပ်ဟာ အပေါက်ဆိုးဆိုး ရှုးသိုးသိုးနဲ့ ဘွိုင်လာအိုးကြီး မီးပေါင်အပြည့်ထိုးထားသလို ဒေါသတွေ ဆူဝေနေတဲ့ လူရိုင်းလူမိုက်ကြီးနဲ့တူချင်တူနေလိမ့်မယ်၊ ဒါတွေဟာသာမန်လူတိုင်းမှာ ဖြစ်လေ့ဖြစ်ထ ရှိတာတွေချည်းပါပဲ၊ ခင်ဗျားတို့လည်း ဒီလိုပါပဲ၊ တစ်ခုပဲရှိတာက ကျုပ်က တော်တန်ရုံရင်ထဲရှိတာ သူများနားလည်သွားအောင် ထုတ်မရှင်းတတ်ဘူး၊ မရှင်းချင်ဘူး၊ ခင်ဗျားတို့က ဒေါသပြေသွားရင် စိတ်ငြိမ်အေးသွားရင် အချင်းချင်း တိုင်ပင်တဲ့အနေနဲ့ ရင်ထဲရှိတာကို ထုတ်ဖော်ဝန်ခံဆွေးနွေးတတ်တယ်၊ အကြောင်းရှိလို့ ဒီလို ဖြစ်ရတယ်ဆိုပြီး ခင်ဗျားတို့အချင်းချင်း နားလည်လိုက်မိတော့ ခင်ဗျားတို့ လူကို ထူးဆန်းတယ်လို့ မထင်မိတော့ဘူးပေါ့၊ ကျုပ်က မရှင်းတော့ အကြောင်းမရှိဘူးလို့





ခင်ဗျားတို့ တွေးထင်ကြတယ်၊ ကျုပ်ကို နားမလည်ဘူး၊ ဒါနဲ့ ကျုပ်ကို အထူးအဆန်း ဖြစ်လာရော”

မိန်းကလေးတွေက ကပ္ပတိန်စကားကို နားလည်မှုရသွားပြီး ခေါင်းတညိတ်ညိတ်နှင့် အချင်းချင်း ကျိတ်၍ ထောက်ခံနေကြ၏။ ပို၍ ရှင်းလင်းသေချာအောင် သိချင်သော ယောက်ျားတို့သဘောအရ ဖိနိုက ဝင်၍ ထောက်မေးပြန်၏။

“ကပ္ပတိန်က နက္ခတ္တဗေဒစာအုပ်တွေလည်း ဖတ်တယ်၊ စာအစုံဖတ်တယ်၊ တရားစာအုပ်တွေလည်း ဖတ်တယ်၊ အလိမ္မာ စာမှာရှိ ဆိုတဲ့ စကားအရဆိုရင် ကပ္ပတိန် စာဖတ်ထားတာ အလဟဿဖြစ်ကုန်ပြီနဲ့တူတယ်၊ ဟိုတစ်နေ့က ငါးမန်းတောင် ဖြုတ်ယူနေတာ လူသားစား လူရိုင်းတစ်ယောက်လိုပဲ၊ တရားဓမ္မနဲ့ စာပေအသိအလိမ္မာတွေ ပျောက်နေတယ်၊ ကျွန်တော် ဝေဖန်လိုက်တဲ့အပေါ်မှာ ကပ္ပတိန် စိတ်ဆိုးသွားမယ် ဆိုရင်လည်း ခွင့်လွှတ်ဗျာ”

“ခင်ဗျား ပြောတာ သဘာဝကျပါတယ်၊ အဝိဇ္ဇာပေါ့ဗျာ၊ အဝိဇ္ဇာဖုံးနေတဲ့အချိန်မှာ ဒေါသက အားကောင်းကောင်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



တောက်လောင်နေတော့ ငါးမန်းကို သားကောင်လို့ပဲ မြင်တော့တယ်၊ ကျုပ် အရိုင်းဆန်သွားတာ ရာဇဝတ်မှု ကျူးလွန်သူတွေနဲ့ တော်တော်တူသွားတယ်၊ ကောင်းတယ်၊ နောက်ဆို ကျုပ်ကိုယ်ကျုပ် ဆင်ခြင်လို့ရအောင် ခင်ဗျား ထောက်ပြပေးတာ သိပ်ကောင်းတယ်"

ဇီနိုက ဆက်၍ ...

"ဘာရီဘီယံကမ်းခြေက စတင်ဖြစ်ပေါ်လာတဲ့ ရေမျော်ဒိုက်ကြီး မျောရွေ့တဲ့အတိုင်း အဏ္ဏဝါရေစီးကြောင်း လှည့်ပတ်ပုံကို အာကာသဂြိုဟ်တုပတ်လမ်းကနေ တိုင်းတာစောင့်ကြည့်နိုင်တဲ့ အကြောင်းကို ကပ္ပတိန် ဖတ်ဖူးတယ် မဟုတ်လား၊ ဂြိုဟ်တုကနေ အနီအောက်ရောင်ခြည်သုံးတဲ့ ရေဒီယိုတိုင်း ကိရိယာတွေနဲ့ မာတ်ပုံကင်မရာတွေရဲ့ ဖုံ့ပိုးမှုကြောင့် ကမ္ဘာ့ရေပူရေအေးစီးကြောင်းကြီးတွေ ဆက်လက်တိုင်းတာစမ်းသပ်လေ့လာနေတဲ့အပေါ်မှာ ..."

ဇီနို စကားမဆုံးခင် ကပ္ပတိန်က ကြားဖြတ်၍ ...





"ခင်ဗျားက ကျုပ်ကို ဉာဏ်စမ်းပဟေဠိ လုပ်နေတာလား၊ ဒါမှမဟုတ် ကျုပ် စာတကယ်ဖတ်မဖတ်ကို စမ်းသပ်နေတာလား"

ဇီနို ပခုံးတွန့်ပြလိုက်ခြင်းကြောင့် ကပ္ပတိန် မျက်နှာပို၍ လေးနက်တည်ကြည်သွား၏။

"ကောင်းပြီ ...ခင်ဗျား ကျွမ်းကျင်တဲ့ နက္ခတ္တဗေဒအပိုင်းကို ခင်ဗျား ကြိုက်တဲ့နေရာကနေ စ,ပြီး ဆွေးနွေး၊ ကျုပ် ဖိတ်ခေါ်တယ်၊ စကားစစ်ထိုးမှာ မဟုတ်ဘူး၊ ဗဟုသုတ ဖလှယ်ကြမှာ"

ဇီနိုက ဖိတ်ကမ်းမှုကို ပညာအားစမ်းရမှာ အားနာသလို ပြုံးပြီး လက်ခံလိုက်၏။

"ဒတ်ချ် နက္ခတ္တဗေဒပညာရှင် "အော့"ကပြောတယ်၊ နေကို ဂြိုဟ်ဖွဲ့စည်းမှုစက်ကွင်းထက် အချင်းအားဖြင့် အဆ ထောင်သောင်းသိန်းသန်းမက ကြီးမားကျယ်ပြန့်တဲ့ ကြယ်တံခွန်စက်ကွင်းကြီး ဝိုင်းရံထားတယ်တဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



ကြယ်တံခွန်တွေရဲ့ သွားလမ်းဟာ နေနဲ့အလွန်တရာ ဝေးကွာတဲ့ 'ပါရာဟီလီယွန်း' အမှတ်ဖြစ်နေတယ်၊ ကျွန်တော်က အဲဒီ ပါရာဟီလီယွန်း အမှတ်ဆိုတာ နက္ခတ္တဗေဒ နည်းပညာနဲ့ တိုင်းတာသတ်မှတ်ထားတဲ့ ပညတ်သက်သက် အတွေးမြင် အမှတ်တစ်ခု ဖြစ်နေတယ်၊ တကယ်တော့ ကြယ်တံခွန်တွေဆိုတာ ကျွန်တော်တို့ နေစကြဝဠာ အပြင် အခြားသော နေစကြဝဠာတွေထိ ဆက်လက်ပျံသန်းလှည့်ပတ်နေတယ်၊ ဖြစ်တည်မှုနဲ့ လားရာရှိတယ် ဆိုပေမဲ့ စမှတ် ညွှန်မှတ် အတွေးမှတ် အထင်အရှား အစွဲအမြဲကြီး သတ်မှတ်ပြဋ္ဌာန်းလို့ မရဘူး၊ အမှတ်ဆိုတာ ကမ္ဘာပေါ်မှာသာ လူသားအချင်းချင်း နားလည်မှုနဲ့ သတ်မှတ်လို့ရတာ၊ နေစကြဝဠာရဲ့ အပြင်ပိုင်းကို သတ်မှတ်တိုင်းတာ အမှတ်သညာပြုလို့ မရဘူး"

ဇီနို၏ အဆိုပြုချက်ကို ကပ္ပတိန်က ချက်ချင်း ချေပ၏။





"အမှတ်သညာပြုလို့ ရတာပေါ့ ဇီနို၊ လနဲ့ကမ္ဘာရဲ့ အကွာအဝေး နေစကြာဝဠာ ဂလက်ဆီရဲ့ အကွာအဝေးတွေဟာ အချိန်ကာလတိုတိုနဲ့ ရွေ့လျားပြောင်းလဲ သွားကြတာမှမဟုတ်တာ၊ လူတွေအနေနဲ့ သိပ္ပံပညာ ကိရိယာအသစ် အဆန်း အကူအညီတွေ ထောက်ပံ့ရရှိမှု နည်းနေလို့သာ အတိအကျ လိုက်တိုင်းလို့ မရနိုင်တာပါ၊ အာကာသယာဉ်တွေနဲ့ လပေါ်သွားတော့ အသွားအပြန် အကွာအဝေးတွေ ပြန်တွက်ချက်ပေးနိုင်လို့ လနဲ့ကမ္ဘာရဲ့ အကွာအဝေး ဘယ်လောက်ရှိတယ်ဆိုတာ ကျောင်းသင်ခန်းစာတွေထဲမှာတောင် မှတ်သားဖွယ်ရာအဖြစ် ထည့်သွင်းထားခဲ့သေးတာပဲ"

သာသာနှင့်နာနာ နှက်လိုက်သည့် ကပ္ပတိန်ရဲ့စကားကြောင့် ဇီနို ဆက်ပြောမည့်အပြင်မှာ မေတြီက ဝင်၍ ...

"ကြယ်တံခွန်ရဲ့ အမြီးပိုင်းတွေ ဘာကြောင့် ဖြစ်ပေါ်လာရသလဲဆိုတာ ကပ္ပတိန် သိလား"



www.burmeseclassic.com

www.burmeseclassic.com



"အတိုချုပ်ပြီး အဓိကအရင်းခံကို ပြောရရင် 'နေ'ကြောင့် ဖြစ်ရတာပဲ"

"ကပ္ပတိန်က ကြယ်တံခွန်အကြောင်း တော်တော်သိထားပုံရတယ်၊ ဒီတော့ ဂြိုဟ်ဖွဲ့စည်းမှု သိဝရီတွေထဲက ကောက်နုတ်မေးချင်တယ်၊ အင်း ... ဒါလည်း မလုံလောက်သေးပါဘူး၊ နေ့တစ်နေ့ရှိတယ်၊ အဲဒီနေ့မှာ 'နေ'အဝေးဆုံးအမှတ်မှာ ကမ္ဘာဂြိုဟ် တည်ရှိတယ်၊ အဲဒါ ဘာနေ့လဲ"

"ဇူလိုင်လ (၁)ရက်နေ့ကို ပြောစေချင်တာ မဟုတ်လား"

"သိပ်ဟုတ်တာပေါ့ ကပ္ပတိန်၊ ဒီအတိုင်းဆို ထောင့်ရှေ့တန်ဖိုးတွက်ချက်မှုကို ကပ္ပတိန် မေ့မှာ မဟုတ်ပါဘူး၊ Aspide မျဉ်းကွေးသွားလမ်းနဲ့ တွက်ရင် အမှတ်တွေပေါ်လာမယ်၊ နေနဲ့အနီးဆုံးအမှတ်ဟာ အပ်ဟီလီယွန်အမှတ်၊ ဒါတွေအပြင် အမြင့်(h)၊ အက်ဒီမက်(A)၊ ထောင့်ရှေ့တန်ဖိုးစတဲ့ ကိုအော်ဒီနိတ်နည်းနဲ့ တွက်ချက်တိုင်းတာထားတဲ့





တိုင်းတာချက်မှန်သမျှ ကာလသက်တမ်း တစ်ခုရဲ့ အခြေအနေနဲ့ အချိန်အခါပေါ်လိုက်ပြီး မှန်ကန်နေမှုကို ထာဝရအမှန်လို့ ယူဆနိုင်မလား၊ ဂျီဩမေတြီရဲ့ ကိုနစ်ဖြတ်ပိုင်းဖြစ်စဉ်တွေကိုကော ထာဝရ ပြီးပြည့်စုံတဲ့ အမှန်ပညာလို့ ခေါ်ဆိုနိုင်မလား၊ ပြီးပြည့်စုံတဲ့အမှန်၊ ဘယ်တော့မှ ဖြည့်စွက်အစားထိုးစရာ မလိုတော့တဲ့ အမှန်လို့ ကပ္ပတိန် ကျိန်းသေ ယူဆလိုက်ပြီးလား ... ဒါဆိုရင်တော့ ကပ္ပတိန်ပြောတဲ့ လောကသဘာဝတရားကြီးနဲ့ ကိုးကားရတော့မယ်၊ သူ့ရဲ့ အဆင့်ဆင့်ပြောင်းလဲမှုတွေထဲမှာ အဲဒီ အမှန်တရားတစ်ခု ရပ်တည်ကျန်ရစ်ခဲ့ပြီပေါ့၊ ရှေ့ဆက်ပြီး တိုင်းတာလေ့လာမဲ့ သိပ္ပံတီထွင်မှု အသစ်တွေအတွက် အဲဒီအမှန်တရားအသေကြီးက ဘာမှထောက်ကူ မစွမ်းနိုင်တော့ဘူးပေါ့၊ ဒါဆိုရင် သိပ္ပံပညာ ဆက်လက်တိုးတက်စရာ အခွင့်အရေးသိပ်ကို နည်းပါးသွားကုန်တော့မှာပေါ့ ကပ္ပတိန်"



www.burmeseclassic.com

www.burmeseclassic.com



ကပ္ပတိန်ကိုသက္က ပြုး၏။ အဓိပ္ပာယ်ဖော်ဆောင်ပြရန် ခက်ခဲနက်နဲလွန်းသော အပြုံးမျိုးဖြင့် မေတ္တာကို လှမ်းကြည့်လိုက်ပြီး ...

"ဓိန်ရဲ့စကားကို သွယ်ဝိုက်ထောက်ခံလိုက်တာပေါ့၊ မဆိုးပါဘူး၊ အဲ့ဒီပညာရပ်တွေကို အခြေခံပြီး မင်းတို့စာတတ်လာခဲ့ကြတာ မဟုတ်လား"

"ဟုတ်ပေမဲ့ ကျွန်မတို့က အမှန်တရား အစစ်ဆီ ဆက်လျှောက်နိုင်မဲ့ ပေါင်းကူးတံတားကို တွေ့အောင်ရှာနေကြသူတွေပါ ကပ္ပတိန်"

"သိဝရိအပေါင်းတွေကို ရှန်းထွက်တော်လှန်နိုင်တဲ့ အထိ တွေ့နေပြီလား မေတ္တာ"

"အဆင့်ဆင့် ပြောင်းလဲပုံဆိုတာက ဝုန်းခနဲ တခြားစီ ပြောင်းလဲသွားမှ မဟုတ်တာ၊ 'လမ်းရိုးဟောင်းတွင် ဆင့်ကာထွင်' သဘောမျိုးနဲ့ ပြောင်းလဲသွားတာမျိုးလေ ကပ္ပတိန်ရဲ့၊ မသိသာသော မသိမသာ ပြောင်းလဲမှုအနေမျိုးတွေကို





ကျွန်မတို့ တွေ့နေရလို့ ကပ္ပတိန်ကို ဒီလို ချေပပြောဆိုနေရတာပေါ့"

"အသက်ရှင်စဉ်မှာ အသုံးဝင်ကျတဲ့ ပညာဟာ အမှန်တရားပဲလို့ ကျုပ် ယူဆတယ် မေတ္တာ"

"ကပ္ပတိန်က တစ်ဘဝစာအတွက် အလုပ်လုပ်နေတာကိုး"

"မေတ္တာက ဘယ်နှဘဝစာအတွက် အလုပ်လုပ်နေတာလဲ"

"နောက်နောင် ဘဝတွေအထိ ကျွန်မတို့ အမည်နာမတွေ တည်တံ့ကျန်ရစ်စေအောင် အလုပ်လုပ်ရမှာပေါ့"

"တရားသဘောနဲ့ကြည့်ရင် အဲ့ဒါတွေလည်း နောက်နောင်ဘဝတွေရဲ့ နောက်ဘဝတွေအထိ မတည်မြဲပါဘူး"

စကားနိုင်လုပြောရာမှ စကားအကပ်တွေ ကြားညှပ်လာလျှင် ပြဿနာဖြစ်လာမှာစိုး၍ မိုးကိုအောင်က ကြားဝင်ရ၏။

"ကပ္ပတိန်က ဘာသာရေးကျမ်းတွေလည်း အဖတ်များတယ်နော်၊ ဓမ္မပ္ပမာဏိက သာသနာပြုကျင့်စဉ်တွေကို ကပ္ပတိန်မှတ်မိသေးလား"



www.burmeseclassic.com

www.burmeseclassic.com



လေ့လာတီးခေါက်သော စကားမှန်း ကပ္ပတိန်ကိုသက္က သိနေ၍ အကြိုအထောက် မပြောဘဲ ...

"(၁) မဟာကရုဏာသမာပတ္တိဉာဏ်တော်

(၂) ယမကပါဋိဟာရိယဉာဏ်တော်

(၃) အာသယာနုသယဉာဏ်တော်

(၄) ဣန္ဒြိယပရောပရိယတ္တိဉာဏ်တော်

(၅) သဗ္ဗညုတဉာဏ်တော်

(၆) အနာဝရဏဉာဏ်တော်လို့ ခေါ်ဆိုသော ရှင်တော်မြတ်ဗုဒ္ဓဉာဏ်တော်(၆)ပါးဟာ သီလ၊ သမာဓိ၊ ပညာ၊ လက္ခဏာသုံးပါးရဲ့ အထွတ်ထိပ် အသဒိသအတုလ ဖြစ်တော်မူတယ်၊ အဲ့ဒီ (၆)ပါးကို မြတ်နိုးပူဇော်တဲ့ လမ်းစဉ်တော်ကို မမ္မပွမာဏ်က သာသနမြဲကျင့်စဉ်လို့ ခေါ်တယ်"

မိုးကိုအောင် ခေါင်းတညိတ်ညိတ်နှင့် ကပ္ပတိန်ကို အံ့သြစွာ ကြည့်နေ၏။ ခေယက ...





"မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ ဗုဒ္ဓဝင်ဒေသနာတော်ကို ကြားနာခဲ့ကြရတဲ့ နတ်ပြဟ္မာ ကုဋေတစ်သိန်းဟာ အာသဝေါကုန်ခန်းပြီး ရဟန္တာဖြစ်ခဲ့ကြတယ်၊ အဲ့ဒီမှာ စကြဝဠာ တိုက်တစ်သောင်း ကျယ်ပြန့်တော်မူတဲ့ ရတနာစကြံတော်ကြီးထက်မှာ ဘုရားရှင် တန်ခိုးစွမ်းပကား ပြတော်မူပုံကို ကိုသက္က ပြန်ပြောပြနိုင်မလား"

"တရားနာ ပရိသတ်တွေ ဖူးမြော်လိုက်တိုင်း, ဖူးမြော်လိုက်တိုင်း ထူးကဲဆင့်ကဲ အံ့သြချီးပလို့ မဝအောင် ကြည်ညို ကော်ရော်ခဲ့ရတဲ့ မီးအလျှံရေအလျဉ်၊ ရေအလျဉ်မီးအလျှံ၊ မီးအလျှံ ရေအလျှံ အပြန်ပြန်ပြောင်းလဲပြီး ...

(၁) ထက်အောက်

(၂) ရှေ့နောက်ကိုယ်တော်၊

(၃) ဝဲယာမျက်လုံးတော်

(၄) နားတော်

(၅) နှာခေါင်းတော်



www.burmeseclassic.com

www.burmeseclassic.com



(၆) ပခုံးတော်

(၇) လက်တော်

(၈) နံပါးတော်

(၉) ခြေတော်

(၁၀) လက်ချောင်းခြေချောင်းတော်နှင့် လက်အကြား ခြေအကြားအတွင်းတော်

(၁၁) တစ်ဆူ,တစ်ဆူသော မွေးညင်းတော်

(၁၂) မွေးညင်းတော် ဆယ့်နှစ်ဖော်သော ဌာနအစုစုတို့မှ ရေမီးအစုံစုံ တန်ခိုးပြာဋိ အဖုံဖုံ ပြတော်မူခဲ့ပါတယ်တဲ့၊ ကဲ ... ငါးမန်းတော်ဟင်းချိုလေး သောက်ခွင့်ရတဲ့ မျက်နှာ ထောက်ပြီး ကျုပ်ကို ခင်ဗျားတို့ တစ်လှည့်စီ နှိုက်မေးနေကြတော့မှာလား"

ခေယ ကိုယ်တိုင် ကပ္ပတိန်ကို အလေးပြုသွားချိန်မှာ မိတီက ...

"အခု သွားမဲ့ ဘာမြူဒါတြိဂံအကြောင်း တတ်နိုင်သလောက် သိချင်တယ်"





"လျှို့ဝှက်ချက်တွေ နက်နဲလွန်းတဲ့ ရေပြင်ကြီးပါ၊ သူ့နေရာမှာ ရာသီဥတု ပြောင်းလဲဆိုးဝါးနေတဲ့အခါ သူ့ရေပြင်ပေါ်မှာ ရှိသမျှ သင်္ဘောတွေ သူ့ရဲ့ ဝေဟင်မှာ ဖြတ်သန်းသွားတဲ့ လေယာဉ်တွေ မှန်သမျှကို မလွတ်တမ်း ဖမ်းယူဖျောက်ဖျက်ပစ်လိုက်တတ်တယ်၊ ဘယ်သူမှ ပြန်ပေါ်မလာကြတော့ဘူး၊ ရေအောက်မှာလည်း မရှိတော့ဘူး၊ လုံးဝကို စွန်းစွန်းမြုပ် ပျောက်ကွယ်သွားကြကုန်တယ်၊ တချို့ရူပဗေဒပညာရှင်တွေက ဘာမြူဒါတြိဂံနေရာမှာ ရာသီဥတု ဆိုးဝါးလာရင် ပရမာအနုမြူမှုန်တွေနဲ့ လေထုအလွှာတွေ ရေပျော်ဝင်သတ္တုဒြပ်ဂုဏ်တွေ ဓာတ်ပြုကုန်တယ်၊ ဝင်လာသမျှ အရာဝတ္ထုတွေဟာ အရည်ပျော် အငွေ့ပျံသလိုမျိုး ရုတ်ချည်း ပျောက်သွားတယ်၊ ကိုယ်ပျောက်သလိုမျိုး အစိုင်အခဲ ရုပ်နာမ်တွေ ပျောက်ထွက်သွားတာ၊ ဘာမှ အစအန ရှာမရတော့ဘူးလို့ ခန့်မှန်းတွက်ဆ ပြောဆိုကြတယ်၊ တချို့သိပ္ပပညာရှင်တွေက လေကတော့ဝဲ ဒါမှမဟုတ် ရေကတော့ ဝဲကြီး



www.burmeseclassic.com

www.burmeseclassic.com



တွေထဲ သသော်ာနဲ့ လေယာဉ်တွေ မြှေ့ဝဲပါသွားပြီး အခြားသော သမုဒ္ဒရာရေအောက် တစ်နေရာကို အကုန်လုံး ရောက်ကုန်ကြတယ်လို့ ဆွေးနွေးပြောဆိုကြတယ်၊ အကြားအမြင် ဂမ္ဘီရပညာရှင်တွေကတော့ ဘာမြူဒါတြိဂံနေရာမှာ ရေအောက် သတ္တဝါကြီးတွေ နေထိုင်တာလိုလို ပန်းကန်ပြားပျံ ယာဉ်စခန်းကြီး ရှိနေလို့ ဂြိုဟ်သားတွေကပဲ သူတို့နည်းပညာနဲ့ ထိန်းချုပ်-ခေါ်ဆောင်သွားတာလိုလိုတွေ ပြောနေကြတယ်_

တချို့သော ပုဂ္ဂိုလ်တွေက ဘာမြူဒါတြိဂံ ရေပြင်အောက်မှာ ကာလယန္တရား ရပ်တန့်နေတဲ့ဇုံ ရှိတယ်၊ ဒုတိယကမ္ဘာစစ်က ဂျာမန်ရေငုပ်သင်္ဘောတစ်စင်း အဲ့ဒီထဲရောက်သွားပြီး ၁၉၈၀ လောက်မှာ နဂိုအသက်အရွယ်အတိုင်း ပြန်ပေါ်လာပြီး အမေရိကန်သမ္မတ ရစဗ့်ထံမှာ လက်နက်ချဖို့ အခွင့်ပန်တာ သတင်းစာထဲအထိ ရုပ်ပုံတွေနဲ့ ပါလာခဲ့ဖူးတယ်၊ ပြောရရင်တော့ ဘာမြူဒါတြိဂံဆိုတာ ကမ္ဘာဘယ်ကစ,သလဲ၊ လူသားဘယ်က ဖြစ်သလဲ၊ အချစ်





ဆိုတာဘာလဲ၊ အမုန်းဆိုတာ ဘာလဲ စတဲ့ မေးခွန်းတွေလိုပါပဲ တိကျတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက် မရှိဘူး၊ ထင်ကြေးခန့်မှန်းတွေနဲ့ တစ်ကမ္ဘာလုံး စိတ်ဝင်စားအောင် ဆွဲဆောင်နိုင်တဲ့နေရာဖြစ်သလို၊ အန္တရာယ်စက်ကွင်းနေရာ တစ်ခုလည်း ဖြစ်တယ်၊ နဖူးတွေ, ဒူးတွေ, လေ့လာခွင့်ရတော့ ကောင်းတာပေါ့၊ အဲ့ဒီ အတ္တလန်တိတ်သမုဒ္ဒရာမှာ ထူးဆန်းတဲ့ အဖြစ်အပျက်တွေ အများကြီးရှိတယ်၊ လူတစ်ဦးတစ်ယောက်မှ မပါဘဲ သမုဒ္ဒရာထဲ ဒီနေ့အထိမျောနေတဲ့ ရှေးခေတ်ဟောင်း ရွက်သင်္ဘောကြီးတွေပုံစံ တစ္ဆေလှေကြီးတစ်စင်းလည်း ရှိတယ်၊ တစ်ခါတလေ တစ္ဆေတွေ မောင်းနှင်နေသလို အဲ့ဒီ ရေရွက်လှေကြီး သွားနေတာကို ကိုယ်တိုင်ကြုံချင်ကြုံရလိမ့်မယ်”

စန္ဒရာက ...

“ကြောက်စရာကြီးနော်၊ အဲ့ဒီလှေကြီးပေါ်ကို ဘယ်သူမှ တက်မကြည့်ကြဘူးလား”



www.burmeseclassic.com

www.burmeseclassic.com



"တက်ကြည့်မခံဘူး၊ အရှိန်မြန်မြန်နဲ့ ဖြတ်သွားတာမို့ ခဏလေးပဲ တွေ့လိုက်ရတယ်၊ မိုးကုပ်စက်ဝိုင်း အဆုံးထိ မရောက်ခင် ပျောက်သွားတော့တာပဲ၊ ကျုပ်တို့ AUK က တန်ဆေ့ထက်ကြီးတာတောင် သမုဒ္ဒရာရေမျက်နှာပြင်အကျယ်နဲ့ နှိုင်းစာလိုက်ရင် လက်သည်းခွံလေးလောက် ဖြစ်နေတာ သာကြည့်တော့၊ လှိုင်းလုံးကြီးတွေကြား မြောက်ခနဲ အိခနဲ သွားနေရတာကိုက လှိုင်းတအားလူးပြီး သင်္ဘောမှောက်သွားမှာတောင် ရင်ဖိုထိတ်လန့်နေရတယ်"

နီဖေက ...

"ဘာမြူဒါတြိဂံကို ရှင်တို့ယောကျ်ားတွေ ဘာလို့ ဒီလောက်တောင် စိတ်ဝင်စားနေရတာလဲ၊ အသက်အန္တရာယ်နဲ့နီးပါတယ် ဆိုတာတောင် တားမရဘူး"

"စွန့်စားချင်တဲ့ ယောကျ်ားတွေရဲ့ စိတ်အရင်းခံကြောင့်ပေါ့၊ သေသေချာချာ သိချင်ရင်တော့ ခင်ဗျားရဲ့လူ မိုးကိုအောင်ကိုသာ အကျယ်ဖွင့်ဆို ရှင်းလင်းခိုင်းပေတော့"





အမျှားထက် ပိုပိုကဲကဲ ဖြစ်တတ်သော စန္ဒရားက ...

"ကျွန်မကို ကမ်းခြေတစ်ခုခု" ပို့ပေး၊ ကျွန်မကတော့ အသေမခံနိုင်ဘူး၊ လိုက်လည်းလိုက်ချင်ဘူး၊ အို ... ကျွန်မတို့ မိန်းကလေးတွေကို မြို့ကြီးတစ်မြို့ပေါ်မှာသာ ချထားပေးခဲ့ပါ၊ ရှင်တို့ဘာသာ ဘာမြူဒါသွားပြီးရင် ပြန်တင်ခေါ်"

ကပ္ပတိန်က အေးစက်စက် မျက်လုံးတွေနှင့် ကြည့်ရင်း ...

"ပြန်ပေါ်လာရင်တော့ ကောင်းတာပေါ့၊ ပြန်ပေါ်မလာတော့ရင် အဲ့ဒီမြို့ကြီးပေါ်မှာ ခင်ဗျားတို့ သောင်တင်နေမှာပေါ့"

"ဘာဖြစ်လဲ၊ ငွေအလုံအလောက်ပါရင် ဟိုတယ်(လ်)မှာ တည်းလို့ရတယ်၊ ဝယ်ချင်တာဝယ်၊ ငွေကုန်ခါနီး နှစ်လလောက်ကြာလာရင်တော့ နီးစပ်ရာ မြန်မာသံရုံးကို အကူအညီ တောင်းပြီး ရန်ကုန်ပြန်မှာပေါ့"

"လွယ်လိုက်တာ၊ လူဝင်မှုကြီးကြပ်ရေးနဲ့ သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းတွေနဲ့ လုပ်ကိုင်ရတဲ့အခါ ခင်ဗျားတို့ ပြောသလောက် လွယ်မယ်များ ထင်နေသလား"



www.burmeseclassic.com

www.burmeseclassic.com



"သေမင်းခံတွင်းထဲ ဝင်ရမှာထက်စာရင်တော့ ခက်နေတာလည်း အသေးအဖွဲ ဖြစ်သွားမှာပါ ကပ္ပတိန်"

ကပ္ပတိန်က ယောက်ျားတွေဘက်လှည့်ကြည့်ရင်း ဘယ်လိုလဲဟူသော သဘောဖြင့် မျက်ခုံးပင့်ပြ၏။ မိုးကိုအောင်တို့ဘက်က အလျှော့ပေး၍ ခေါင်းကိုသာ သိသာ ခါပြ၏။

အတန်ကြာသည်အထိ အသံထွက်ခြင်းရပ်၍ အသံတိတ်ခြင်းရှည်လျားသွား၏။ ကပ္ပတိန်က ...

"မတြာ ... ပလုတ ဖြစ်နေပြီ"

"ကပ္ပတိန် ဘာပြောလိုက်တာလဲ"

ဒီဗီနီက မေးစမ်း၏။ ကပ္ပတိန်က ...

"ပါဠိလို ပြောလိုက်တာပါ၊ အသံထွက်ချိန်နဲ့ အသံတိတ်ချိန် ကြားကာလကို မတြာလို့ ခေါ်တဲ့ အဲဒီအချိန် အတိုင်းအတာ တိုတောင်းရင် 'ရဿ'လို့ခေါ်တယ်၊ အချိန်ရှည်ရင် 'ဒီဃ'လို့ခေါ်တယ်၊ 'ဒီဃ' ထက် ပိုရှည်ကြာရင် 'ပလုတ' လို့ခေါ်တယ်၊ မတြာ အချိန်ကြာနေတာကို ဆိုလိုချင်တာ"





"ကပ္ပတိန်က ပါဠိလိုလည်း တတ်တာပဲလား"

"ထိုက်သင့်သလောက်ပါ၊ တရားတော်တွေကို ပါဠိလို ရေးသားထားတာ များတော့ ပါဠိဘာသာဟာလည်း အရေးကြီးတဲ့ လေ့လာစရာ ဘာသာဗေဒ ဖြစ်နေတယ် မဟုတ်လား၊ ခင်ဗျားတို့ လေ့လာချင်ရင် ကျုပ်အခန်းထဲမှာ ပါဠိကျမ်းတွေ ရှိတယ်၊ သဒ္ဒါဗျူဟာကျမ်း၊ ပုဒ်စစ်ကျမ်းတွေလည်း ရှိတယ်၊ နောက်ပြီး သခ်ေပစာစောင်သမိုင်းကျမ်း၊ သက္ကတဘာသာကျမ်း၊ ပိဋကတ်သမိုင်းစာကျမ်း၊ ဓမ္မသတ်ကျမ်း၊ စွယ်စုံကျော်ထင်ကျမ်း၊ ကဝိလက္ခဏာဒီပနီ လိုကျမ်းပေါင်း လေးငါးဆယ်လောက်ရှိတယ်၊ စည်းကမ်းရှိရှိ ယူဖတ်လေ့လာလို့ရတယ်"

ကပ္ပတိန်တို့ စကားလက်ဆုံကျနေချိန်မှာ သင်္ဘောသား အုန်းလုံးနှင့် စက်ခန်းတာဝန် လဲပေးရန်အတွက် ခေယထ ထွက်လာခဲ့သည်။ စက်ခန်းမှာ စက်သံဆူညံနေပြီး၊ စက်ဆီငွေ့နံ့တွေ လှိုင်နေ၏။ သင်္ဘောသား အုန်းလုံးက ခွတစ်ချောင်းဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ပိုက်လိုင်းတွေ ပြင်နေရာမှ ခေယ ခြေသံကြား၍ လှည့်ကြည့်၏။

အာပုတ်စော်နံ့ ထောင်းထောင်းထနေသော မကြည်မသာ နှုတ်ဆက်သံကြီးဖြင့် လုပ်လက်စ အလုပ်ကို ပစ်ချထားကာ ထွက်သွားသော အုန်းလုံးကို နားလည်သလိုသာ နားလည်ပေးလိုက်ပြီး လောင်စာဆီ အမှတ်အသား အချက်ပြဒိုင်ခွက်ကို စစ်ဆေးကြည့်ရှုလိုက်သည်။ ပြီးလျှင် တစ်လှည့်စီ အလုပ်လုပ်သော အရန်မီးစက်တွေကို လိုက်စစ်ကြည့်၏။ ကလီစရာ ပေါ်လာ၍ စက်ပြင်ဝတ်စုံကို လဲလှယ်ဝတ်ဆင်ပြီး စက်ပြင်ကိရိယာသေတ္တာကို ဖွင့်ကာ ဝက်အူလှည့် ရွေးလိုက်သည်။ ထိုစဉ်မှာပင် နောက်ဘက်မှ လူရိပ်တစ်ရိပ်လို ရိပ်ခနဲ လှုပ်ရှားလိုက်တာ မြင်ရ၏။

"ဒုတ်"ခနဲ အသံနှင့် နောက်ဘက်လည်ပင်းနှင့် ပခုံးစပ်မှာ နာကျင်သွား၏။ မိုက်ခနဲမေ့ပြီး လဲကျစဉ် သတိလွတ်ထွက်သွားအောင် ထိန်း၍ အန္တရာယ်ပြုသူကို ပြန်ကြည့်လိုက်၏။





မျက်နှာဖုံး စွပ်ထားပြီး တစ်ကိုယ်လုံး အနက်ရောင်ဝတ်စုံ ဝတ်ထားသည့်လူက လက်ထဲမှ သံခွကြီးဖြင့် ခေယကို လက်စတုံးပစ်ရန် (ရိုက်ရန်) လက်လွှဲလိုက်စဉ် ပက်လက်အနေအထားမှ ထိုလူ၏ ဝမ်းဗိုက်ကို ဆောင့်ကန်ပစ်လိုက်သည်။

"မင်း ဘယ်သူလဲ၊ ဘာလို့ ငါ့ကို ရန်မူတာလဲ"

ခေယ အမြန်ထ,ပြီး ရင်ဆိုင်မေးလိုက်စဉ် ခေါင်းထဲ မိုက်ခနဲ ဖြစ်သွား၏။ ရန်သူက ထပ်မံရိုက်ရန် ပြေးဝင်လာစဉ် ခေယက သူ့ကိုယ်လုံးဖြင့် ပစ်တိုက်လိုက်၏။

နှစ်ယောက်သား လုံးထွေးပြီး ပိုက်လိုင်းပေါ် ပစ်ကျရာမှ သံဇကာကြမ်းပြင်ပေါ် ထွေးလုံးရစ်ပတ်သွား၏။

ရန်သူက ချက်ချင်းပင် ခေယ အပေါ် တက်ခွပြီး သန်မာသော လက်ချောင်းများဖြင့် ခေယ လည်ပင်းကို အတင်းညှစ်၏။ ခေယက ထိုလူ၏ နံကားကို လက်သီးဖြင့် ထိုးသော်လည်း အရာမထင်။ လည်ပင်းအညှစ်ခံရ၍ အသက်ရှူရအောင် မွန်းကျပ်နာကျင်လာ၏။ ကြာကြာတောင့်ခံ၍ မရတော့။ အတောင်းရုန်းကန်၍လည်း မရတော့။



www.burmeseclassic.com

www.burmeseclassic.com



ရန်သူ့လက်မှ ပြုတ်ကျခဲ့သော သံခွကိုမြင်၍ လက်နှင့်လှမ်းယူပြီး ရန်သူကို ရိုက်ချလိုက်၏။ အော်သံနှင့်အတူ လဲကျသွားသော ရန်သူကို ခေယ ဆက်ပြီး တိုက်ခိုက်နိုင်။ လည်ပင်းအစ်အောင် အညှစ်ခံလိုက်ရ၍ ချောင်းတဟွတ်ဟွတ် ဆိုးနေရ၏။ ရန်သူက လည်ပင်းနေရာ အရိုက်ခံလိုက်ရ၍ အမြန်ပြန်ထလာနိုင်၏။ ခါးကြားမှ သံစူးလက်နက်ကို ထုတ်ပြီး ခေယ အပေါ်ခုန်အုပ်ထိုးရန်အပြင် ...

ခေယက ရန်သူ့ခြေထောက်ကို သူ့ခြေနှင့် လိန်ခတ်လိုက်ပြီး သံခွနှင့် လှမ်းရိုက်လိုက်၏။ သံခွရိုက်ချက်ကို ရန်သူက အတင်းရုန်းကန် ရှောင်ရှားရင်း နောက်ဆုတ်သွား၏။ ထိုစဉ်မှာ ပင် လူတစ်ယောက် ပြေးလာသံကို ကြားလိုက်ရ၍ ရန်သူ ထွက်ပြေးသွား၏။ အထိုင်ချထားသော ပင်မစက်ကြီးတွေကြားထဲမှ အခြားသော အကန့်အခန်းတွေထဲ ပြေးဝင်လွတ်မြောက်သွား၏။

ပြေးလာသူမှာ သင်္ဘောသား အုန်းလုံးဖြစ်နေ၏။

"ဘာဖြစ်တာလဲ၊ ဘာတွေ ဖြစ်နေတာလဲ၊ ဝုန်းဒိုင်းနဲ့"





အားအင်ကုန်သလို မောနွမ်းနေ၍ ခေယ စကားတော်တော်နှင့် ပြန်မပြောနိုင်။ ဇက်နေရာကို အရိုက်ခံထား၍ အကြောအချဉ်တွေ တုံထိုင်းလေးလံနေ၏။ ရန်သူထွက်ပြေးသွားရာဘက်ကို လက်ညှိုးထိုးပြရင်း ...

"လူ ... လူ ... ရန်သူ"

"ရန်သူ ... ခင်ဗျား ဘာတွေပြောနေတာလဲ၊ ဒီသင်္ဘောပေါ်မှာ ဘယ်ကရန်သူ ရှိရမှာလဲ၊ ကျုပ်က ခင်ဗျား ချော်လဲနေတာလားလို့ ပြေးလာကြည့်တာ၊ ခုနက စက်ချောဆီတွေ ဖိတ်ကုန်သေးတယ်၊ ကျုပ်ရဲ့ ဆေးပြင်းလိပ်အတိုကျန်နေခဲ့လို့ ပြန်လာယူရင်း ခင်ဗျားဆီက အသံဝုန်းဒိုင်းတွေကြားလိုက်ရတာပဲ"

"ဟုတ်တယ်၊ ကျွန်တော့်ကို မျက်နှာဖုံး စွပ်ထားပြီး တစ်ကိုယ်လုံး အနက်ရောင်ဝတ်ထားတဲ့ လူတစ်ယောက်က အတင်းဝင်လုံးပြီး သတ်ဖြတ်ဖို့ ကြိုးစားတယ်၊ ကျွန်တော် ခုခံနေတဲ့ အချိန်မှာ ခင်ဗျားရောက်လာလို့ အဲ့ဒီလူ အဲ့ဒီ

www.burmeseclassic.com



ပိုက်လိုင်းတွေအတိုင်း သင်္ဘောဦးပိုင်းကို ပြေးထွက်သွားတယ်"

"ဟုတ်လား၊ ဒါဆို ကျုပ်လိုက်ကြည့်မယ်၊ ခင်ဗျား ကပ္ပတိန်ဆီကို သတင်းပို့လိုက်ပါ"

အုန်လုံးက လောင်စာဆီ သိုလှောင်ကန်တွေဘက် ဆင်းချသွား၏။ ခေယက အပေါ်ပြန်တက်လာပြီး ဒုတိယထပ် ထမင်းစားဆောင်မှာ ကပ္ပတိန်ကို ရှာသည်။ ထမင်းစားပွဲ ပြီးသွား၍ အဖွဲ့သားတွေပင် ဟိုမှာဒီမှာ တွေ့နေရ၏။

အောက်ထပ်မှာ ငါးမျှားနေသော မိုးကိုအောင်ကို အကျိုးအကြောင်း ရှင်းပြလိုက်၏။ မိုးကိုအောင်က အံ့အားသင့်ပြီး သူတို့လူတွေ အားလုံးလို စုခေါ်လိုက်၏။

"ခေယ သွားပြီး နှစ်မိနစ်လောက်မှာပဲ ကပ္ပတိန် စကားဖြတ်ပြီး သင်္ဘောပဲ့ပိုင်းကို တက်သွားတယ်၊ ခေယကို လုပ်ကြံတာ အုန်းလုံး မဖြစ်နိုင်ရင် ပဲ့ကိုင်ကိုလေဥရယ်၊ ရေဒီယိုအော်ပရေတာ ကိုမုန်းရယ်၊ နောက်ပြီး ကပ္ပတိန်





ရယ်၊ ဒီသုံးယောက်ပဲရှိတယ်၊ သင်္ဘောမောင်းနှင်ချိန်မှာ ကိုမုန်းနဲ့ ကိုလေဥတို့ တာဝန်နဲ့ မောင်းနှင်နေရတယ်လေ၊ လူလွတ်ဆိုလို့ ကပ္ပတိန် တစ်ယောက်ပဲ ရှိတယ်"

ခေယ အနာကို ကျပ်ပူတိုက်ပေးနေသော မိတိက ...

"ကပ္ပတိန် ဖြစ်နိုင်ပါ့မလား၊ ကျွန်မကတော့ လူမြင်ရင် ငမ်းကောထ,တတ်တဲ့ ပဲ့ကိုင်လေဥလို့ပဲ ထင်တယ်၊ သင်္ဘောမောင်းနေရင်းနဲ့လည်း သူ့တာဝန်ကို ကိုမုန်းနဲ့ ယာယီလွှဲပေးလို့ ရနေတာပဲ၊ ဟိုတစ်နေ့က သင်္ဘောစားဖိုခန်းထဲမှာ ကျွန်မတစ်ယောက်တည်း ရှိနေတုန်း လေဥ ဝင်လာတယ်၊ ကျွန်မကို ထိပါး ရိကပါးပြောလို့ ပြန်ဟောက်ပစ်ရသေးတယ်"

စန္ဒရာက ...

"ဟုတ်တယ်၊ ဟုတ်တယ်၊ ဟိုတစ်နေ့က နေဆာလှုံနေတော့လည်း မျက်လုံးကျွတ်ကျတတ် ပေါ်တင်ကြီး လာငမ်းကြည့်တယ်၊ ဘာကြည့်တာလဲလို့ ဘုတောလိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



ဘိကိနီအရောင်ကလေးလှလို့ ကြည့်တာပါဆိုပြီး စပ်ဖြဲဖြဲနဲ့ သွားရည်သပ်ပြသွားသေးတယ်”

နီဇာက ...

“ရှင်တို့က တော်သေးတယ်၊ ဟိုတစ်နေ့က စကြိုလမ်းမှာ ကျွန်မရပ်နေတော့ ညီမလေး နည်းနည်းလောက်ဆိုပြီး လမ်းတောင်းသလိုလို ဘာလိုလိုနဲ့ ခါးကိုလက်နဲ့ အသာတို့သွားသေးတယ်၊ တကယ့်ဘူးကြီး”

မိုးကိုအောင်က ...

“မင်းတို့ အခုမှ အဲ့ဒါတွေ ပြောသလား၊ အဲ့ဒီကတည်းက ငါတို့ကို ပြောပါလား၊ သွားရှင်းလို့ ရတာပေါ့”

“အို ... ရှင်တို့ အမှန်းပွားပြီး ရန်ဖြစ်ကုန်ကြမှာ စိုးလို့ပေါ့၊ အဲ့ဒီလူက တရားလွန်လာသေးတာမှ မဟုတ်တာ”

ဇီနီက ...

“ငါ့ရဲ့ မေတြီလေး တစ်ယောက်ပဲ လေဥ နှာဘူးရန်က လွတ်နေသေးတယ်၊ ဘာမှ ပြောသံမကြားရဘူး”





မေတြီက ခစ်ခနဲ ရယ်လိုက်ပြီး ...

“ဘာမှတော့ မလုပ်ပါဘူး၊ ဟိုတစ်နေ့က အဲ့ဒီ လေဥက ကျွန်မကို နောက်ကသိုင်းဖက်ပြီး လေသေနတ်ပစ်ခတ်နည်း သင်ပြသွားတာလေးပဲ ရှိတယ်”

ဇီနီက သူ့နဖူး သူရိုက်ပြီး ...

“သွားရော ... မင်းကျမှ အလွှားလိုက်ကို ပါသွားပါလား မေတြီရယ်”

“ကဲ ... အာပေါ်မနေကြနဲ့၊ ဒီကေ့စ်ကို ကပ္ပတိန်နဲ့ အမြန်တွေ့ပြီး ဆွေးနွေးမှ ဖြစ်မယ်”

သူတို့ တစ်ဖွဲ့လုံး ကပ္ပတိန်ရဲ့ ကေဗင်ခန်းကို ရောက်သွား၏။ အထဲမှ အဝတ်အစား လဲလှယ်ပြီး ထွက်လာသော ကပ္ပတိန်ကို မသကာဖွယ်ရာ တွေ့လိုက်ရသည်။ သူတို့တစ်ဖွဲ့လုံး ရောက်လာ၍ ကပ္ပတိန် အံ့အားသင့်သလို ပြန်ကြည့်နေ၏။ မိုးကိုအောင်က ဖြစ်စဉ်အကျဉ်းကို တိုတိုပြတ်ပြတ် လေသံဖြင့် ရှင်းပြလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ခေယက ကပ္ပတိန်ရဲ့ လည်ပင်းနေရာမှာ အညို အမည်းဒဏ်ရာ ရှိ၊မရှိ သတိပြုကြည့်၏။ ဆွယ်တာအင်္ကျီ လည်ပင်းဖုံး ဝတ်ထားသောကြောင့် ခန့်မှန်း၍မရ။ သူတို့စကားကြောင့် ကပ္ပတိန် မျက်စိမျက်နှာပျက်ပြီး စဉ်းစားတွေဝေသွား၏။ ပြီးမှ ခေယဘက်ကိုလှည့်၍ စေ့စေ့ကြည့်လျက် ...

"ခင်ဗျား ကြီးကြီးကျယ်ကျယ် ဒဏ်ရာမရသွားပါဘူးနော်"

"ဇက်ပိုးကို သံခွနဲ့ အရိုက်ခံရတာ ဆိုတော့ အတွင်းဒဏ်ရာကို မမြင်ရဘူးပေါ့၊ အပြင်ဒဏ်ရာကတော့ ယောင်ကိုင်းသွားတယ်"

မီတီက ဝင်ဖြေလိုက်ခြင်းပင်။ ခေယက ...

"ကပ္ပတိန် ဒီအချိန် ဂျူတီကျတယ်ဆို၊ စက်ခန်းမှာမနေဘဲ ဒီအခန်းမှာ အဝတ်အစား ပြန်လဲနေတာလား"

ခေယ စကားကြောင့် ကပ္ပတိန်ကိုသက္ကရဲ့ မျက်လုံးတွေ ဂနာမငြိမ် ဖြစ်သွား၏။ ပြီးမှ စဉ်းစားထားဟန်တူသော စကားဖြင့် ...





"ချမ်းစိမ့်စိမ့်နဲ့ ဖျားချင်သလိုလို ဖြစ်နေလို့ အနွေးထည် ထပ်လာဝတ်တာ၊ ပွဲခန်းကို အခုသွားမလို့ပဲ၊ မနက်စောစောပိုင်းက ကုန်းပတ်ပေါ် လှည့်ပတ်စစ်ဆေးလိုက်တာ၊ မင်လယ်မြူတွေ ဆိုင်းနေတဲ့ အအေးဒဏ် မိသွားပုံရတယ်"

ဒီဗိန္ဒိက ...

"ကျွန်တော်တို့ သင်္ဘောမှာ ရန်သူရှိနေပြီ ကပ္ပတိန်၊ အဲဒီရန်သူကို ဘယ်လိုဖော်ထုတ်မလဲ"

"ခင်ဗျားတို့ လုံခြုံရေးကို ကျုပ်ပဲ တာဝန်ယူထားရတာပဲ၊ မပူပါနဲ့ ကျုပ် ဖော်ထုတ်ပါ့မယ်၊ ဒီဖြစ်ရပ်မျိုး ဒီတစ်ခါပဲ ကြုံတွေ့ဖူးသေးတယ်၊ အင်း ... အပြင်လူတော့ မဖြစ်နိုင်ဘူး၊ ခင်ဗျားတို့ အချင်းချင်းထဲက ဖြစ်ရင်ဖြစ် မဖြစ်ရင် ကျုပ်ရဲ့ လက်အောက်ငယ်သားတွေထဲကပဲ ဖြစ်လိမ့်မယ်၊ ကျုပ် တွေးရခက်နေတာက ခေယ စက်ခန်းထဲ ဆင်းသွားချိန်မှာ ကိုမှန်းနဲ့ ကိုလေဥက ကျုပ်နဲ့အတူ ရှိနေတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အုန်းလုံး တစ်ယောက်ပဲ မရှိတာ၊ အုန်းလုံးကလည်း ခင်ဗျားတို့ ပြောသလိုဆို မဖြစ်နိုင်ပြန်ဘူး"

စန္ဒရာက ...

"ဘယ်လိုပဲဖြစ်ဖြစ် အဲ့ဒီလူဆိုးကို ကပ္ပတိန် အမြန်ရှာပြီး ဖော်ထုတ်နှိမ်နင်းပေးပါ"

နီရာက ...

"ဘယ်သူမှ မဟုတ်နိုင်ရင် သရဲတစ္ဆေများလား မသိဘူး နော်"

မေတြီက ...

"နီရာကလည်း မဖြစ်နိုင်တာတွေ၊ ခေတ်ပညာတတ်ပြီး အယူသည်းနေသေးတယ်"

ဓိနီက ...

"ဒါဆို ကျွန်တော်တို့ထဲက ဖြစ်ဖို့များနေတာပေါ့၊ ဒုက္ခပဲ အခုမှ အချင်းချင်း ခင်မင်နေတာကို မယုံသင်္ကာ ဖြစ်ကုန်ကြရတော့မယ်"





ဒီဗီနီက ...

"ကျွန်တော်တို့ထဲက မဖြစ်နိုင်ဘူး၊ ခေယ စက်ခန်းထဲရောက်နေချိန်မှာ လူစုံရှိသေးတယ်၊ ခေယ ပြန်မရောက်ခင်လေးမှာ ကိုယ့်အတွဲနဲ့ ကိုယ့်ဘာသာ လွတ်လွတ်လပ်လပ်နေဖြစ်ကြတာ"

မိုးကိုအောင်က ခေါင်းကို တွင်တွင်ကုတ်ဖွရင်း ...

"ဒီရုန်သူ အင်ဂျင်ခန်းနဲ့ လောင်စာဆီ အခန်းတွေထဲမှာ ပုန်းအောင်းနေဦးမှာပဲ၊ ကျွန်တော်တို့ ဆင်းပြီးလိုက်ရှာကြရင် ကောင်းမယ်ထင်တယ်"

"ကျုပ်သင်္ဘောပေါ်မှာ လူပိုလူစိမ်း တစ်ယောက် ခိုးပြီးပါလာပြီနဲ့ တူတယ်၊ လိုက်ရှာရမယ်၊ ခင်ဗျား လိုက်ခဲ့"

မိုးကိုအောင်ကို ခေါ်၏။ မိုးကိုအောင်က ဓိနီနှင့် ဒီဗီနီကို တစ်တွဲ အဖွဲ့ခွဲပေး၏။ ခေယက မိန်းကလေးတွေနှင့် ကျန်နေရစ်ခဲ့မည်။



www.burmeseclassic.com

www.burmeseclassic.com



အမွဲ့နှစ်မွဲ့ခွဲပြီး စက်ခန်းထဲကို ဆင်းချသွား
အင်ဂျင်ခန်းသုံး ဓာတ်မီးတွေယူပြီး လောင်စာဆီအခန်းတွေ
ပတ်မွှေရှာဖွေကြ၏။ ရန်သူဟူသော အသိက စိုးရိမ်ချောက်ချား
စိတ်ကို နှိုးဆွ၏။

"ဟိတ် ... ရပ်"

ဒီဗီနိုက လူရိပ်တစ်ရိပ်ကို ပိုက်လိုင်းတွေကြား
တွေ့လိုက်ရ၍ ဓာတ်မီးနှင့်ထိုးကာ လှမ်းအော်လိုက်ခြင်းဖြင့်
တစ်ကိုယ်လုံး ဆီချေးအထပ်ထပ် လူးနေသော
တစ်ဦးကို မားမားကြီး တွေ့လိုက်ရ၏။

"မင်းတို့ ဘယ်သူတွေလဲ"

မားမားမတ်မတ်လူက အသံသြကြီးနှင့် မေးလာ
အသံကို ကျက်မိပြီး ဆီချေးပေရေနေသော မျက်နှာကို ဓာတ်
နှင့် အသေအချာ ထိုးကြည့်လိုက်မှ ...

"အုန်းလုံး ... ခင်ဗျား ဒီမှာ ဘာလာလုပ်နေတာလဲ"





"ဘာလုပ်ရမလဲ၊ မင်းတို့လူကို ရိုက်သွားတဲ့ကောင်ကို ချောင်ကြိုချောင်ကြားမကျန် လိုက်ရှာနေတာပေါ့ကွ"

"ဟုတ်သားပဲ၊ မေ့လို့ဗျာ၊ အဲ့ဒီလူကို တွေ့လား"

"မတွေ့ဘူး"

ခပ်ထန်ထန်ပင် ပြန်ဖြေပြီး သူတို့ကို ဖြတ်ကျော်လှမ်း ထွက်သွား၏။ ဒီနိုက အုန်းလုံးကို မကြည်မလင် ကြည့်လိုက်ပြီး...

"အုန်းလုံးက အရိုင်းစိတ် ဝင်နေသလိုပဲ"

"သူ့အလုပ်ကလွဲရင် ဘာမှ စိတ်မဝင်စားဘူး၊ ရောရော ထွေးထွေးလည်း မနေဘူး၊ ဘယ်လိုလူစားတွေမှန်းလည်း မသိပါဘူး"

ဒီဗီနိုက ပြန်ပြောလိုက်ခြင်း ဖြစ်သည်။ သူတို့နှစ်ယောက်က သင်္ဘောဦးပိုင်းဘက်ကို ဆက်ရှာ၏။ ဘယ်ဘက်အခြမ်းမှာ ပိုက်စိပ်တိုက် လိုက်ရှာနေသော မိုးကိုအောင်တို့နှင့် ပြန်ဆုံတိုး၏။ နှစ်ဖက်စလုံး လက်ခါပြခြင်းဖြင့် အဖြေပေးကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ကပ္ပတိန်ကိုသက္ကက ...

"နောက်ပိုင်းကို ဆက်ရှာကြမယ်၊ ဒီတစ်ခါ စီနီတို့က ဘယ်ခြမ်းကပတ်၊ ကျုပ်တို့က ညာခြမ်းက ပတ်ရှာမယ်"

သင်္ဘောနောက်ခန်း ရောက်သော်လည်း အရိပ်အယောင်မျှ မမြင်ရ။ ခြေရာလက်ရာတွေ လိုက်စစ်ကြည့်သော်လည်း မယ်မယ်ရရ ထူးထူးခြားခြား မတွေ့။ နောက်ဆုံးကုန်းပတ်ပေါ် ပြန်တက်လာပြီး အခန်းတိုင်းကို လူဖြန့်ခွဲပြီး တစ်ထပ်ချင်း လိုက်စစ်၏။ သင်္ဘောတစ်စီးလုံး မြေလှန်ရှာပြီးသွားသောအခါမှာ အားလုံး မောနွမ်းလက်ပန်းကျပြီး လက်လျှော့လိုက်ရတော့၏။ မဖြေနိုင်သော ပဟေဠိပုဒ်စာလို့သာ သတ်မှတ်လိုက်ရမည့်ကိန်း ဆိုက်သွား၏။ ကပ္ပတိန်က ...

"ဒီသမုဒ္ဒရာရေပြင်မှာ တစ်ခါတလေ အဲ့ဒီလိုထူးဆန်းတာတွေ ဖြစ်ပျက်တတ်ပါတယ်၊ အားလုံး သတိထားနေကြ"

စေတနာနှင့် သတိပေးသလိုလို ခြိမ်းခြောက်စကားဆိုသလိုလိုနှင့် ထောင့်တောင့်တောင့် ပြောပြီး ကပ္ပတိန် ထွက်ခွာသွား၏။





ခေယတို့ထံ သူတို့ ပြန်ရောက်သောအခါ ...

"မတွေ့ဘူး"

"ကျွန်တော်တော့ ကပ္ပတိန်တို့ တစ်ဖွဲ့လုံး ဖာတ်တိုက်ထားတဲ့နည်းနဲ့ ပညာပြနေတယ်လို့ ထင်တယ်ဗျာ"

"ဟုတ်တယ် ... ကျွန်မလည်း အဲ့ဒီလို ထင်လာပြီ"

"အရိုင်းကိုပြိုင်လို့ နိုင်မဲ့နည်းဟာ ဉာဏ်ပညာပဲ ရှိတယ်"

"သူတို့မုန်းအောင် မိတ်ပျက်အောင် မနေတာ ကောင်းတယ်၊ တော်ကြာ ဒီဘက်က သူတို့မုန်း သိသွားရင် မထူးဘူးဆိုပြီး သူတို့ အကြမ်းဖက်လာလိမ့်မယ်၊ သူတို့လက်ထဲမှာတို့ နေရတဲ့ အချိန်ဆိုတော့ သူတို့ကို အနုနည်းလေးနဲ့ မသိလိုက် မသိဘာသာနေပြီး အခွင့်သာတာနဲ့ လွတ်လမ်းရှာကြမယ်"

"အသက်ရှင်မဲ့လမ်း၊ အသက်လမ်းကို ရှာရမှာလား"

"လူတွေအားလုံး အဲ့ဒီလမ်းကို ရှာနေကြရတာပဲလေ၊ အန္တရာယ် စက်ကွင်းထဲ ရောက်ရင် ကိုယ်သက်ရှင်နိုင်ဖို့ လမ်းကို ရှာရတော့မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုရှာမလဲရှင်၊ စဉ်းစားစမ်းပါဦး၊ ပတ်ပတ်လည်မှာ ရေတွေချည်းပဲ၊ ဒီအပေါ်မှာ နေပြန်ရင်လည်း သူတို့ရဲ့သားကောင် ဖြစ်ရဦးမယ်"

"မုဆိုးတွေရဲ့ အထာကို သိရင် မုဆိုးဖမ်းလို့ မမိနိုင်တဲ့ သားကောင်ဖြစ်မယ်၊ ဒီလို သားကောင်တွေ အများကြီးရှိခဲ့ဖူးပါတယ်"

"ဘာဖြစ်လဲ၊ တို့က လူရှစ်ယောက် သူတို့က လေးယောက်တည်း၊ ဘာမှ ထိတ်လန့်နေစရာ မလိုဘူး၊ ယောကျ်ားအချင်းချင်း ယှဉ်ရင်တောင် လေးယောက်ချင်း ဘက်ညီနေပြီ"

"ပင်လယ်လူကြမ်းတွေနဲ့ တုံးတိုက်တိုက် ကျားကိုက်ကိုက် သွားယှဉ်လို့ ဖြစ်လား"

"မဖြစ်ရင် ဖြစ်နိုင်မဲ့နည်းလမ်းရှာလေ၊ အခု ဘာမြို့ဒါ ရောက်အောင် သွားနေပြီ၊ ဘာလဲ ... အခုကျမှ အသက်ကယ်လှေပေါ် ရိက္ခာတွေ ခိုးတင်ပြီး ထွက်ပြေးဖို့များ စဉ်းစားနေသလား၊ AUK နဲ့ အမီလိုက်ရှာပြီး ဝင်တိုက်နစ်မြှုပ်ပစ်လို့ အားလုံး မြန်မြန်ကိစ္စချောကုန်ဦးမယ်"





"အသက်ကို ဉာဏ်စောင့်ပါတယ်ကွာ၊ သူတို့အားလုံးကို ဖမ်းချုပ်ပြီး ငါတို့ ဘာသာ AUK ကို မောင်းနှင်သွားနိုင်အောင် သူတို့ဆီမှာ ရေကြောင်းပညာကို လက်မှုတိုက်အဖြစ်သဘောမျိုး တတ်အောင်သင်ကြမယ်၊ ဒါမှမဟုတ် သူတို့ကို ကြိုးတုတ်၊ သူတို့နှုတ်က ထုတ်ပြောအောင်လုပ်ပြီး ဒီရေလမ်းခရီး အပြန်ကို တို့အဖွဲ့သားတွေနဲ့ မောင်းနှင်နိုင်အောင် လုပ်ကြမယ်၊ ဒီအကြံ မကောင်းဘူးလား"

"ကောင်းတယ်၊ သိပ်ကောင်းတယ်"

"ကောင်းတာတော့ ဟုတ်ပါပြီ၊ သူတို့ကို အနိုင်စီးရမှာ သိပ်မလွယ်ဘူး ထင်တယ်နော်"

မေတြီ ဝင်ပြောလာခြင်းကိုပင်။ မိုးကိုအောင်က ...

"စားဖို့ခန်းကို မင်းတို့ ကိုင်ထားတာပဲ၊ အိပ်ဆေးပုလင်း ပါလာခဲ့တယ် မဟုတ်လား နီဇာ"

"ပါတယ်၊ သူတို့စားမဲ့ အစာထဲ ထည့်ကျွေးရင် ရတယ်၊ ဒါမှမဟုတ် သူတို့သောက်မဲ့ အရက်ထဲ ထည့်တိုက်ရင် သူတို့ အိပ်ပျော်ကုန်ရော"



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒီအခါကျမှ ကြိုးနဲ့ဝိုင်းတုပ်ကြတာပေါ့"

"အဲ့ဒီအစီအစဉ် မလာခင် သူတို့ဆီက ရေကြောင်းမောင်းနှင်မှု ပညာကို တတ်အောင် သင်ကြရမယ်၊ ခေယက စက်ခန်းတာဝန်ကို နားလည်သင့်သလောက် နားလည်နေပြီ၊ ဒီဗိုနီက ပဲ့ကိုင်တာဝန် ယူနိုင်အောင်လုပ်၊ လေဥကို အရောတဝင်ပေါင်းပေါ့၊ ပြီးတော့ ဗိုနီနဲ့ မေတြီက ရေဒီယို အော်ပရေတာကို ပေါင်းပြီး အဲ့ဒီတာဝန်ကို ယူနိုင်အောင် လုပ်ယူ၊ ဟုတ်ပြီနော် ... ကိုယ့်တာဝန် ကိုယ်ယူနိုင်အောင် ကြိုးစားရမယ်၊ အလွန်အရေးကြီးတယ်၊ အသက်လမ်းအတွက် ပြောနေတာ၊ ကိုယ်က ကင်းမျှော်စင်နဲ့ ကုန်းပတ်ပိုင်းကို တာဝန်ယူမယ်၊ နီဇာက စားဖိုဆောင်၊ စန္ဒရာနဲ့ မီတီက သဘော်သားတွေ ချုပ်ထားမဲ့ အခန်းရှေ့မှာ သော့ကိုင်စောင့်ရမယ်၊ ကပ္ပတိန်တစ်ယောက်တည်းကို ပဲ့ကိုင်ခန်းထဲ ကြိုးတုပ်ခေါ်ပြီး ခရီးစဉ် မောင်းနှင်မှုမှာ လိုအပ်တာတွေ မေးမြန်းရမယ်"

မိုးကိုအောင် စကားအဆုံးမှာ ခေယက ...





"အစီအစဉ်က စိတ်ကူးယဉ် ဆန်လိုက်တာ၊ ဒါတကယ့် လက်တွေ့ဘဝနော်၊ တကယ်တမ်း လုပ်တဲ့အခါကျမှ မျှော်လင့်မထားတဲ့ အခက်အခဲတွေ ဖြစ်လာပြီး အစီအစဉ် ပျက်ကုန်ရင် ကပ္ပတိန်တို့အဖွဲ့က သူတို့အပေါ် မဲပုတ်မှန်တာ လုပ်ကြတယ်ဆိုပြီး ပြန်ရက်စက်လာကုန်ကြလိမ့်မယ်"

ဗိုနီကဝင်၍ ...

"ကိုယ်မလုပ်ရင် သူတို့က တစ်နေ့နေ့ တစ်ချိန်ချိန် ဒီလိုမျိုးပဲ လုပ်လာတော့မှာပဲ ခေယရာ၊ မင်း ကံကောင်းလို့ လွတ်လာတာ၊ မင်းအလှည့်ပြီးရင် တို့အလှည့်တွေ ရောက်လာကုန်လိမ့်မယ်"

မိုးကိုအောင်က ...

"ဟုတ်သည်ရှိ မဟုတ်သည်ရှိ ပြင်ဆင်ထားကြတဲ့ သဘောပေါ့ကွာ၊ လိုအပ်ရင် အသင့်ဖြစ်နေအောင်လို့ပေါ့၊ စဉ်ထားသလို အံမဝင်လို့ လွဲသွားရင်လည်း ငါရှေ့ဆုံးက အသေခံမယ်ကွာ"

www.burmeseclassic.com



ဒီဗီနိက ခေယ ပခုံးကို လက်နှင့်အသာပုတ်ပြီး ...

"ငါတို့ အခုရောက်နေတဲ့ နေရာက သဘာဝတရားရဲ့ ဥပဒေနယ်နိမိတ်ထဲမှာကွ၊ အားကြီးတဲ့သူတွေသာ အသက်ရှင်တယ်ဆိုတာ လူကလွဲရင် ကျန်တဲ့သတ္တဝါတွေရဲ့ သဘာဝလောက၊ လူတွေအတွက် သဘာဝတရားရဲ့ ဥပဒေကတော့ ဉာဏ်ပညာကြီးတဲ့သူတွေသာ ပီပီပြင်ပြင် အသက်ရှင်သန်ကြရတယ်"

ခေယ မလှုပ်၊ ငုတ်တုတ် ငေးငိုင်၊ ကျောက်ရုပ်အိုက် တင်နှင့်။





"တက်မထိန်း ... တက်ဗဟိုကို ဝဲတစ်ဆယ်"

"ဝဲတစ်ဆယ် လှည့်ပြီး"

Auto Pilot ပြောင်းလဲ မောင်းနှင်လိုက်သည်။ ကိုလေဥက (Look Out) တာဝန် ပြောင်းယူ၏။ ကပ္ပတိန်က သင်္ဘောဦးတည်လမ်းကြောင်းကို ကြည့်ရှုစစ်ဆေး၏။

ကပ္ပတိန်က AUK ရောက်ရှိရာ အရပ်ကို တွက်ဆကြည့်၏။

၂၁ ၃၂' လောင်ဒီတွတ်၊ ၇၄ ၁၇' လက်ဒီတွတ် အရပ်။ ကပ္ပတိန်က ပင်မဂျိုင်ရိုကိရိယာ (Master Gyro) နှင့် ဆင့်ပွားဂျိုင်ရိုကိရိယာကို ကြည့်၏။ ပြီးလျှင် စိတ်ချသွားဟန်ဖြင့် လေ့လာခွင့် တောင်းခံလာသော မိုးကိုအောင်တို့ဘက်ကို လှည့်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



၏။ ဓိနိနှင့် မေတြီတို့နှစ်ယောက်ကို ရေဒီယိုအော်ပရေတာထံ မေးထိုးပြလိုက်၏။ ပဲ့ကိုင်ချင်သည့် ဒီဓိနိကို ကိုလေဥထံ လက်ပြလိုက်၏။

"ကပ္ပတိန် သဘောကောင်းလို့ သူတို့ ပျင်းရိနေတာ အပျင်းပြေသွားပါပြီ၊ AUK ကို မောင်းနှင်နိုင်ဖို့ စိတ်ပါလက်ပါ သင်ယူကြတော့မှာပေါ့"

"ခင်ဗျားကော ... ဘာဝါသနာပါသေးလဲ"

လိုချင်တာ စွတ်ပြောနေလျှင် ရိပ်မိသွားမှာစိုး၍ အပြုံးနှင့် ခေါင်းခါပြလိုက်၏။ ကပ္ပတိန်နှင့်အတူ ပဲ့ခန်းမှ ပြန်ထွက်လာစဉ် ...

"မကြာခင် ခင်ဗျားတို့ ရောက်ချင်တဲ့ ဘာမြူဒါတြိဂံကို ရောက်တော့မှာပါ"

ထိုစဉ်မှာပင် မိတီ အပြေးအလွှား ရောက်ချလာ၏။

"ကိုမိုးကိုအောင် ... ဟိုမှာ ... စားဖိုခန်းထဲမှာ ... နီဇာ_ နီဇာ ..."





မိုးကိုအောင် ရင်ထိတ်သွားပြီး ဆက်ပြောလာမည့် စကားကို မစောင့်တော့။ စားဖိုခန်းဆီ သွေးရူးသွေးတန်း ပြေးလာလိုက်သည်။ လက်ထပ်ပြီးစ ပူပူနွေးနွေးပင် ရှိသေးသော ချစ်ဇနီးကို စားဖိုခန်းမှာ တစ်ယောက်တည်း တာဝန်လွှဲပေးမိတာ မှားပြီထင်သည်။ စန္ဒရာက သူ့တာဝန်ပိုင်း အခြေအနေတွေ ဖြစ်မလာသေးခင် နေပူစာလှုံနေတာကို တွေ့ခဲ့ရ၏။ မိတီက စားသောက်ဆောင် သန့်ရှင်းရေးနှင့် ပြင်ဆင်ရေးကို ယာယီတာဝန်ယူထား၍ စားဖိုဆောင်နှင့် ကူးလူးနေရသူ။ စားဖိုဆောင်ထဲမှာ ခေယ ရောက်နေပြီး ရေတွေရွှဲနစ်နေသော နီဇာ့ကို အသာပွေ့ဖက်ထား၏။

ပူပင်စိတ်ဖြင့် အမောတကော မေးမိ၏။

"ဘာဖြစ်လို့လဲ ခေယ၊ နီဇာ ဘာဖြစ်လို့လဲ"

"ဟိုရန်သူကောင်ပဲပေါ့၊ နီဇာ တစ်ယောက်တည်း ရှိနေတုန်း နောက်ကနေ ပါးစပ်ပိတ်ပြီး ရေသန့်စင်ခန်းထဲ ဆွဲမ,ခေါ်သွားတယ်၊ မဟုတ်တာလုပ်ဖို့ ကြိုးစားတယ်၊ နီဇာက သူ့လက်ကို ပြန်ကိုက်တော့ နီဇာ့ကို လည်ပင်းညှစ်ပြီး အသေသတ်ဖို့လုပ်ရော၊ အဲဒီမှာ မိတီ ဝင်လာပြီး

www.burmeseclassic.com

www.burmeseclassic.com



အသည်းအသန်အော်လို့ ငါ ရောက်လာတာ၊ သူတို့နှစ်ယောက် လုံးတွေးရှန်းကန်ထားတာနဲ့ ရေပန်းတွေပွင့်ပြီး အခုလို ရေတွေရွှဲနေတော့တာပဲ"

"အဲ့ဒီကောင် ဘယ်ရောက်သွားပြီလဲ"

"မိတီ ပြောတော့ နောက်ဘက်ကို ပြေးထွက်သွားတယ်တဲ့၊ ငါ လိုက်ကြည့်ပြီးပြီ၊ ကုန်းပတ်ပေါ်မှာ မတွေ့ဘူး"

"တောက်"

မိုးကိုအောင် မကျေမချမ်း ဖြစ်နေစဉ်မှာပင် ကပ္ပတိန်နှင့် မိတီ ရောက်ချလာ၏။ အဖြစ်အပျက်ကို ခေယက ရှင်းပြနေစဉ်ကြုံကြုံပါအောင် ငိုနေသော နိဖာ့ကို မိုးကိုအောင်က ရင်ခွင့်ထွေးပွေ့နှစ်သိမ့်ချော့မော့နေရ၏။

"ဒီအတိုင်းဆို ရှေ့ဆက် လွှတ်ထားလို့ မရတော့ဘူး၊ ဒီလူစိမ်းကောင်ကို မိအောင်ဖမ်းမှ ဖြစ်မယ်"

ကပ္ပတိန်က လူစိမ်း ပြေးသွားသည့် နောက်ဘက်ခန်းမှနေ၍ ကုန်းပတ်ပေါ် လိုက်တက်သွား၏။

"ဒီတိုင်းဆို ရန်သူကောင်ဟာ ကပ္ပတိန် မဖြစ်နိုင်ပြန်ဘူး"





ခေယက ခပ်ဆဆ ပြောလိုက်ခြင်း ဖြစ်သည်။ မိုးကိုအောင်က ...

"ကျုန်တဲ့လူတွေ အကုန်ရှိတယ်၊ အုန်းလုံးကော ... အုန်းလုံး"

"အုန်းလုံး စက်ခန်းမှာ တာဝန်ကျနေတယ်"

"နှစ်ယောက် ဖြစ်လိမ့်မယ်၊ မနေ့က ကပ္ပတိန်၊ ဒီနေ့ အုန်းလုံး၊ ဟင်း ... သင်းတို့ပဲ ဖြစ်မှာပါ"

"အေး ... အဲ့ဒီလိုတွေးရင် ဟုတ်ပြန်တာပဲ၊ လာကွာ၊ စက်ခန်းထဲ ဆင်းကြည့်ရအောင်"

နိဖာ့ကို မိတီက အခန်းထဲ တွဲခေါ်သွား၏။ မိုးကိုအောင်တို့ နှစ်ယောက်သား စက်ခန်းထဲ ဆင်းကြည့်ကြ၏။ စက်ခန်းထဲမှာ လေတချွန်ချွန်နှင့် ဟိုလှည့်ဒီလှည့် လုပ်နေသော အုန်းလုံးကို မြင်ရ၏။

"ဘယ်လိုလဲကွ အုန်းလုံး၊ ဒီနေ့ကျတော့လည်း စက်ဆီမပေဘဲ သပ်ရပ်နေပါလား၊ မင်း ခေါင်းကလည်း ရေတွေရွှဲလို့ပါလား၊ ဘာဖြစ်ထားတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



အုန်းလုံးက ရေပိုက်တစ်ခု ပေါက်နေတာကို လက်ညှိုးထိုးပြ၏။ ရေစိမ့်ပြီး ပန်းထွက်နေ၏။ ပိုက်အသစ် လဲတပ်နေဟန် လုပ်ပြ၏။

"ဒါကြောင့်လား၊ မင်းကို ကြည့်ရတာ တစ်ခုခုကို ဟန်ဆောင်ထားသလိုပဲ၊ အရင်လိုပုံစံ မဟုတ်ဘူး၊ ရွှင်ရွှင်လန်းလန်း ဖြစ်ဟန်ဆောင်ထားသလိုပဲ"

အုန်းလုံးက စကားနှင့် ထေ့နေသော ခေယကို ဘုကြည့်ကြည့်၏။ မိုးကိုအောင်က အုန်းလုံးကို ပိတ်ထိုးချလိုက်၏။ ခေယ ဆွဲချိန်မရလိုက်။

အုန်းလုံး ယိုင်ထိုးသွားရာမှ ဒေါသဖြင့် ပြူးကြည့်၏။ ကျားနာတစ်ကောင်လို မာန်ဖီသံဖြင့် မိုးကိုအောင်ကို သံခွဖြင့် ပြေးရိုက်လိုက်စဉ် ...

"အုန်းလုံး ... ရပ်စမ်း"

ဟိန်းဟောက်တားမြစ်သံကြောင့် အုန်းလုံး တန့်ရပ်သွား၏။ ခြသေ့်ခြေလှမ်းမျိုးနှင့် အနားရောက်လာသော ကပ္ပတိန်ကိုသက္က။





"ဒီလူ ကျုပ်ကို ထိုးတယ် ကပ္ပတိန်"

"မင်းက ဘာသွားလုပ်လို့လဲ"

"ဘာမှမလုပ်ဘူး"

"ခင်ဗျား ဘာကြောင့် ကျုပ်ရဲ့သင်္ဘောသားကို ထိုးရတာလဲ မိုးကိုအောင်"

"ကျုပ်ရှာနေတဲ့ ရန်သူဟာ ဒီကောင်ပဲ၊ ဒီကောင်မှ ဒီကောင်အစစ်"

"ဟုတ်မှန်နေရင် သတ်ပစ်လိုက်၊ မဟုတ်မှန်ဘဲနဲ့ ခင်ဗျား ဒီလိုရွတ်လုပ်ရင်တော့ ကျုပ် ကြားဝင်ပြီး ဆုံးမရလိမ့်မယ်"

ကပ္ပတိန်နှင့် မိုးကိုအောင်တို့ အကြည့်ချင်းဆိုင်ပြီး ဒေါသအခိုးအလျှံခြင်း ပြိုင်ကုန်ကြ၏။ ခေယက အတင်းဆွဲခေါ်လာ၍ မိုးကိုအောင် ပါလာခဲ့ရ၏။ ပြဿနာအမျှင်တန်းက မီးခိုးကြွက်လျှောက် ဆိုသလိုပင်။

ထိုညက မည်သူမှ ညစာမစားကြ။ ကိုယ့်အခန်းကိုယ် အောင်းဖြစ်ကြ၏။ ကပ္ပတိန်နှင့် သူ့လူတွေလည်း သူတို့ဘက်ကို လုံးဝရောက်မလာ။ စကားပြောသံတွေနှင့် ပျော်ရွှင်ရယ်

www.burmeseclassic.com



မောသံတွေ ဆိတ်သုဉ်းသွား၏။ ငြိမ်သက်ခြင်းဟု ဆိုနိုင်သော်လည်း ...

ကောင်းသော ငြိမ်သက်ခြင်းမျိုး မဟုတ်။

ပဋိပက္ခ အခြေအနေမှာ နဂါးမျက်မာန်ပြင်းပြီး အာငွေ့မီးမှုတ်သလို ဟုန်းခနဲ ထ,တောက်လာမည့် ပြဿနာကြီးကို သေရေးရှင်ရေးလို စောင့်မျှော်နေရခြင်းမျိုး ဖြစ်သည်။





နောက်တစ်နေ့မှာ ခေယနှင့် ဒီဗီနိုတို့ ကြားဝင် စေ့စပ်မှုဖြင့် နှစ်ဖက်စလုံး အမျက်ပြေပြဟန်ဆောင်၍ အပြုံးတုများဖြင့် ပြန်လည်ဆက်ဆံ ပြောဆိုလာဖြစ်ကြ၏။ ဟက်ဟက်ပက်ပက်ဖြင့် သိပ်မရှိချင်လှ။ မိုးကိုအောင် တာဝန်ချပေးထားသလို ဓိနိုနှင့် မေတြိတို့လည်း ရေဒီယိုဆက်သွယ်ရေးနှင့် အီလက်ထရွန်းနစ်ပိုင်းဆိုင်ရာ ထောက်ပံ့မောင်းနှင်မှုတွေကို (ဉာဏ်ကောင်းပြီး အခြေခံဗဟုသုတ ရှိထားသူတွေပီပီ) ယာယီအဖြစ်သဘောမျိုး တတ်မြောက်လာခဲ့ကြ၏။ ဒီဗီနိုလည်း ထိုနည်းတူပင် ပဲ့ကိုင်မှုကို နားလည်လာ၏။ စားဖိုဆောင်ကို နီဇာ၊ မိတီ၊ စန္ဒရာတို့ သုံးယောက်က တာဝန်ယူဖြစ်ကြသည်။ နောက်နေ့၏ ညနေစောင်းမှာပင် ဘာမြူဒါ တြိဂံအနီးသို့ တဖြည်းဖြည်း ချဉ်းကပ်ရောက်ရှိလာကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘဟားမားကျွန်းစုတန်းနှင့် မနီးမဝေးနေရာမှ သေမင်းခံတွင်းဝသို့ ဆိုက်ရောက်လာခဲ့ကြ၏။

သူတို့အဖွဲ့သားတွေအားလုံး အပေါ်ဆုံးထပ်မှ တက်ကြည့်ကြ၏။ ကပ္ပတိန်က ရပ်၍ ရှင်းလင်းပြောပြ၏။

“ဟောဒီ ရေပိုက်နက် ဧရိယာတစ်ဝိုက်ကို ဘာမြူဒါတြိဂံလို့ ခေါ်ကြတာပဲ၊ ကြည့်လိုက်ရင် ရေပြင်ပဲ စိမ်းသလိုလို ပြာသလိုလို ရေအရောင်ရှိတယ်၊ လှိုင်းလေကလည်းသမုဒ္ဒရာရဲ့သာမန်ရာသီဥတု အနေအထားအတိုင်း ရှိတယ်”

ထိုသို့ ပြောကြားနေရင်းမှာပင် အနောက်ဘက်မှာ မြူတွေဆိုင်းပြီး တံတိုင်းကြီးလို ဖြစ်လာ၏။ ဘယ်ကဘယ်လို ပေါ်လာသည် မသိရသော မြူနှင်းထုထည်ကြီးက AUK နှင့်တကွ နီးစပ်ရာ ပင်လယ်ရေမျက်နှာပြင်ပေါ် ဖုံးလွှမ်းသွား၏။

“ဘာဖြစ်တာလဲ မသိဘူး”

“အေး ... အံ့သြစရာပဲ”

ကပ္ပတိန်ကို မေးမည်ပြင်သောအခါ ကပ္ပတိန်က စိတ်ချောက်ချားသူ တစ်ယောက်ပမာ ထိတ်ပျာသည့် ဟန်အမူအရာဖြင့် ပဲ့ကိုင်မောင်းနှင်ခန်းရှိရာ ဆင်းချသွား၏။ မိုးကိုအောင်က ...





“ရာသီဥတု ဖောက်ပြန်တာ ဒီနေရာမှာ သိပ်မြန်တယ်၊ ရေဒါထဲမှာ မပေါ်ဘူး၊ ဘယ်ကိရိယာ အကူအညီနဲ့မှလည်း ခန့်မှန်းလို့ မရဘူး၊ အားလုံး အောက်အမြန်ဆင်းပြီး ကိုယ့်အခန်းထဲ ကိုယ်ပြန်နေကြ၊ မြန်မြန်သွားကြ”

မိုးသားအခြေအနေကို အကဲခတ်မရတော့လောက်အောင် မြူငွေ့ထုထည်ကြီးက လွှမ်းခြုံသွား၏။ သင်္ဘောတက်မစင်ပေါ်မှာ အဝေးကြည့်နေသော အုန်းလုံးက ကပ္ပတိန်ကို စကားပြောစက်ဖြင့် အော်ဟစ်ပြီး သတင်းပို့နေ၏။ မကြာခင်မှာပင် AUK ရဲ့ လျှပ်စစ်လိုင်းတွေ ပြတ်တောက်ကုန်၏။ စက်တွေချက်ချင်းရပ်သွား၏။ ရေဒီယိုလှိုင်းတွေပင် လုံးဝအစအန ပျောက်သလို ပျောက်သွားပြီး အရေးပေါ် အကူအညီ တောင်းခံ၍ မရတော့။

အပေါ်ဆုံးထပ်ပေါ်မှ နောက်ဆုံးဆင်းရန် ပြင်နေသော ခေယနှင့် မိုးကိုအောင်ကို သင်္ဘောသား အုန်းလုံးက လှမ်းအော်ပြော၏။

“ဟေ့လူတွေ ... ကပ္ပတိန်ကို တစ်ဆင့်ပြန်အော်ပေးစမ်းပါ၊ ရှေ့တစ်လန်လောက်အထိ ဘာမှ မမြင်ရတော့ဘူး၊ လေ

www.burmeseclassic.com



မုန်တိုင်း လာနေပြီနဲ့ တူတယ်၊ မြူတွေထဲမှာ လျှပ်စီးကြောင်းတွေ လက်သွားတာပဲ မြင်တယ်၊ အဲဒါ ပြောပြီးရင် ကပ္ပတိန်ဆီက ပြန်ပို့တဲ့ အမိန့်အတိုင်း ကျုပ်ကိုလှမ်းအော်ပေးပါ၊ ကူညီကြပါ”

လေတိုက်နှုန်း မြင့်လာ၍ အော်သံမသဲမကွဲ ဖြစ်ဖြစ်သွားတတ်၏။ လှိုင်းလုံးကြီးတွေကြားမှာ AUK တစ်စင်းလုံး သစ်သီးခွံလေးပမာ လွင့်ထိုးလူးလိမ့်နေ၏။ ခေယက အပြင်လေ ကားမှ အရင်စ,ဆင်း၏။ မိုးကိုအောင်က ...

“ငါ ဒီကနေ တစ်ဆင့်ခံအော်မယ်၊ မင်းက ပဲ့ကိုင်မောင်းနှင်ခန်း တံခါးကနေ ကပ္ပတိန်ဆီ လှမ်းသတင်းပို့၊ ပြီးရင် ငါ့ဆီ ပြန်အော်၊ ငါက အုန်းလုံးကို ထပ်အော်ပေးမယ်၊ ငါ ပြောတာ အားလုံးကြားတယ်နော်”

ဆံပင်တွေ တဖျပ်ဖျပ် လွင့်နေသည့်ကြားမှ ခေယ ခေါင်းညိတ်ပြ၏။ လှိုင်းလူးသလို သင်္ဘောလူးနေသောကြောင့် လက်ကိုင်တန်းတွေကို အသေဆုပ်ကိုင်ထားကြရ၏။ ခန္ဓာကိုယ် တွေ ယိုင်ထိုးယိမ်းနွဲ့နေကြ၏။





ခေယက ပဲ့ကိုင်ခန်းထဲ ခေါင်းပိုင်းဝင်ပြီး အလုပ်ရှုပ်နေသော ကပ္ပတိန်ကို သတင်းပို့၏။

ကပ္ပတိန်က ...

“မင်းတို့ ရှုံးနေကြသလား၊ အပေါ်မှာ မနေနဲ့၊ ချက်ချင်းဆင်းပြီး အင်ဂျင်ခန်းကိုပြေး၊ မီးစက်တွေ ပြန်နိုးအောင်နှိုးရမယ်၊ အုန်းလုံးကို အမြန်ဆင်းလာဖို့ပြော”

ခေယက အပေါ်ဘက်ကို မော့ကြည့်ပြီး မိုးကိုအောင်ကို လှမ်းအော်၍ အမိန့်ပြန်ခိုင်း၏။ မိုးကိုအောင်က လေပြင်းထဲမှာ ယိုင်ထိုး၍ နားထောင်ရင်း နားလည်ကြောင်း ခေါင်းညိတ်ပြ၏။ ကပ္ပတိန်အမိန့်အရ ခေယလည်း အတွင်းလမ်းထဲမှ ဟိုဝင်တိုက်လိုက် ဒီဝင်တိုက်လိုက်နှင့် စက်ခန်းရှိရာကို အမြန်သွားရတော့သည်။

“ဝုန်း”ခနဲ လှိုင်းလုံးကြီးက AUK ကို ရိုက်ပုတ်ချလိုက်၏။ ရေတွေသင်္ဘောကုန်းပတ်ကို ဖုံးလွှမ်းသွား၏။ ရေလှိုင်းက တစ်ဖက်ထဲမှမလာ။ အံ့သြစရာကောင်းအောင် လက်ခုပ်ညီတီးသလို အပြန်အလှန် ရိုက်ပုတ်နေ၏။ သဘာဝလွန် ဖြစ်ရပ်



www.burmeseclassic.com

www.burmeseclassic.com



ဆန်သော လှိုင်းရိုက်ချက်တွေကြောင့် AUK မှာ ချက်ချင်းနစ်မြုပ်သွားတော့မည့် အလား။ တစ်ခါတစ်ရံ AUK တစ်စင်းလုံး မြောက်ခနဲ အပေါ်တက်သွားပြီး ကျွမ်းထိုးမှောက်ခုံ ပြန်လည်ပြုတ်ကျမတတ် ရှေ့စိုက်၊ နောက်စိုက် ပြန်ကျတတ်၏။ ဦးတအား မစိုက်၍သာ AUK မနစ်ဘဲ အလိုက်သင့် ပြန်ပေါ်နေခြင်းပင်။ သင်္ဘောလက်ရမ်းကို ခြေရော လက်ရော ဖက်ထားရသည့် မိုးကိုအောင် တစ်ကိုယ်လုံး ရေတွေရွှဲနစ်နေ၏။ အောက်ပြန်ဆင်းချိန်မရ။ သင်္ဘောသား အုန်းလုံးကို တစ်ဆင့်ပြန်အော်ဖို့ လှမ်းကြည့်လိုက်သောအခါ ...

"ဝေါ ... ဝုန်း ... ဖြောင်း ... ဘုံး"

လှိုင်းလုံးကြီးတစ်လုံးက အာခံတွင်းကြီးဟ၍ အော်မြည်သံကြီးပေးကာ AUK ကို ပြေးကိုက်လိုက်သလိုပင်။

လှိုင်းရိုက်ရှိန်ဖြင့် မျှော်စင်တိုင်ကြီး ခါးလည်ကကျိုးကျသွား၏။ မျှော်စင်ပေါ်မှ သင်္ဘောသား အုန်းလုံးရဲ့ ရှူးရှူးဝါးဝါး အော်သံကို ကြားလိုက်ရ၏။ မျှော်စင်ပိုင်း တစ်ခုလုံးနှင့်အတူ အုန်းလုံး ရေထဲပြုတ်ကျသွား၏။





မိုးကိုအောင် ဆက်တွယ်နေ၍ မဖြစ်။ အုန်းလုံးနောက်ကို သူပါ လိုက်သွားရလိမ့်မည်။ ထို့ကြောင့် အတွင်းလှေကားပေါက်ကို ကုပ်ကပ်တွယ်ဆင်းပြီး လူတစ်ကိုယ်လုံး အမာထည်ပစ္စည်းများနှင့် မဆောင့်မိအောင် ရှောင်တိမ်းတွယ်မိရတော့သည်။

ပဲ့ကိုင်မောင်းနှင်ခန်းထဲမှ ကပ္ပတိန်ရဲ့ အသံနက်ကြီးကို ကြားလိုက်ရ၏။ သွေးပျက်ချောက်ချားဖွယ်ရာကောင်းသော အန္တရာယ်ဖုံနယ်ပယ် အစစ်ပင်။

ပဲ့ကိုင်လေဝရဲ့ ကြောက်လန့်တကြား အော်သံကြီး ထွက်ပေါ်လာ၏။

"ကပ္ပတိန် ဦးတည့်ရာ အရပ်မှာ သံကြီးသုံးပြန်လောက်ရှိတဲ့ ရေမစုပ်ဝဲကြီး ကတော့ထိုးနေတယ်၊ AUK ကို သူ့ရဲ့ ပတ်လည်ထဲ လှိုင်းနဲ့ရိုက်ပြီး ယက်သွင်းနေတယ်"

Look Out Duty ကျသူ ကိုလေဝ စကားအဆုံးမှာ ရေဒီယိုအော်ပရေတာ ကိုမုန်းက ရေဒီယို အဆက်အသွယ်ရရန်နှင့် စက်တွေ ပြန်လည်မောင်းနှင်နိုင်ရန် လျှပ်စစ်ဓာတ်ကို ကောင်းကင်ဘုံမှ သူ့အလိုလို ရလာစေရန် ဝတ်ပြုဆုတောင်း တမ်းတနေရှာ၏။



www.burmeseclassic.com

www.burmeseclassic.com



ပွဲခန်းမှာ လူးပျာနေသလို အိပ်စင်ခန်း တစ်ခုထဲမှာ စုဖွဲ့ပြီး နီးရာကိုင်တွယ်ထားရသော စန္ဒရာတို့ အဖွဲ့မှာလည်း ကမ္ဘာပျက်သလို အော်ဟစ်ငိုယိုနေကြကုန်သည်။

တရားစာ ရွတ်ဖတ်ဆုတောင်းသူက ဆုတောင်း၊ သွေးပျက်ချောက်ချားပြီး တွေ့ကရာ အော်ဟစ်သူကအော်ဟစ်၊ ငိုကြွေးတမ်းတသူက တမ်းတနှင့်။ စက်ခန်းထဲကို ခေယထက် အလျင် ဒီဗီနီနှင့် ဓိနိုတို့ ရောက်ရှိကာ ပြစ်ချက်အနှာအဆာကို စစ်ဆေးလိုက်ရှာကြည့်နေကြ၏။ ခေယ ရောက်လာသောအခါ အလုပ်တာဝန် ခွဲယူပြီး အမြန်စစ်ဆေးကြည့်ရှုနိုင်ကြ၏။

မှန်တိုင်းဝင်စမှာပင် ကပ္ပတိန်က အကူအညီ တောင်းလာ၍ ဓိနိုနှင့် ဒီဗီနီတို့ စက်ခန်းထဲ ကြိုတင်ဆင်းနေကြရခြင်းပင်။

မီးစက်အင်ဂျင်တွေမှာ ချွတ်ယွင်းချက်မရှိ။ ထပ်မံ၍ အကြောင်းရင်းခံကို အသေးစိတ် စစ်ဆေးလိုက်ရှာကြပြန်၏။

ပွဲကိုင်မောင်းနှင်ခန်းထဲမှာ ကပ္ပတိန့်ရဲ့ အမိန့်ပေးသံကြီး ထပ်မံပေါ်လာပြန်၏။





"လှိုင်းရိုက်ရှိန်ကို တွန်းအားယူမယ်၊ ပွဲကိုင်တာဝန် မြန်မြန်ယူ၊ တက်မထိန်း ... ယာအဆုံးလှည့်"

"ကပ္ပတိန် ... ယာအဆုံးလှည့်ရင် ပွဲထိန်းတက်မ ပျက်စီး ..."

"လှည့်ဆို လှည့်ကွာ"

ကပ္ပတိန်ပြောသည့်အတိုင်း ရင်တထိတ်ထိတ်ဖြင့် လုပ်ဆောင်လိုက်၏။ သင်္ဘောကို လှိုင်းရိုက်ချိန်မှာ လှည့်လိုက်၍ လှိုင်းရဲ့တွန်းအားဖြင့် သင်္ဘောဦးက ကွေ့ထွက်သွား၏။

"ယာအဆုံးလှည့်ပြီး"

"ယာနှစ်ဆယ် ထပ်လှည့်"

ကပ္ပတိန်ရဲ့ ဆုံးဖြတ်ချက် မှန်နေ၍ သင်္ဘောတစ်စင်းလုံး ရောမစုပ်ဝဲကြီး နှုတ်ခမ်းဝမှ တော့ရုံကလေး လွတ်ထွက်သွား၏။ ကိုလေဥက ကပ္ပတိန်ရဲ့ အမိန့်ကို ပိုမိုယုံကြည်လာပြီး စောဒကမတက်တော့ဘဲ ...

"ယာနှစ်ဆယ် လှည့်ပြီး"

လှိုင်းရိုက်ရှိန် ထပ်ဝင်လာ၍ သင်္ဘောမှာ ရှေ့သို့ တွန်းပို့ခံရသလို လွင့်သွားရပြန်သည်။ ဘာမြူဒါတြိဂံရေပိုင်နက်



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ မြူနှင်းမှုန်တိုင်းတွေကြားမှ သစ်သီးခွဲလေးလို လွင့်ကွာလာ၏။ ချက်ချင်းပင် အင်ဂျင်တွေ ပြန်နိုးကုန်၏။ မီးစက်တွေ ပြန်မောင်းလို့ ရသွား၏။ စောစောပိုင်းက ပင်မမီးစက်အပြင် အရန်မီးစက်တွေပါ မောင်း၍မရ။ ဘာမြူဒါသံလိုက်စက်ကွင်းထဲက လွတ်ထွက်လာမှ စက်တွေအားလုံး အလုပ်ပြန်လုပ်ကုန်ကြ၏။ ခေယတို့ သုံးယောက် အပျော်လွန်ပြီး စက်ခန်းထဲမှာ ခုန်ပေါက်ကုန်ကြ၏။

"မြူနှင်းထုကိုခွဲမယ်၊ ဦးစင်ရွက်တိုက်မီးဖွင့် Side Lights နဲ့ Stern Light တွေ ထွန်းညှိမယ်၊ Navigational Lights တွေ ထွန်းပြီးတာနဲ့ အရေးပေါ် နှင်းခွဲမီးမောင်းတွေ သုံးမယ်"

ကပ္ပတိန်က စကားပြောစက်ဖြင့် အင်ဂျင်ခန်းကို လှမ်းအကြောင်းကြားနေ၏။ ပြီးလျှင် တက်မကိုင်ကို အမိန့်ပေးပြန်၏။

"တက်မထိန်း ... ဝ၉ဝ မောင်း၊ စက်ခန်း အကူရေယက် ပန်ကာဖွင့်၊ အမြန်နှုန်းတင်မောင်းမယ်၊ အော်ပရေတာ မိုးလေဝသ အခြေအနေ"





ကပ္ပတိန်ရဲ့ အမိန့်ပေးသံနှင့် လက်အောက်ခံတွေ ပြန်ဖြေကြားသံတွေကြားမှာ AUK ရုပ်ပျိုပြေးလွှားသွားတာ သိမ့်ခနဲ သိမ့်ခနဲ ခံစားလိုက်ရ၏။ သုံးမိနစ်ခန့် အကြာမှာ မြူနှင်းထုထဲက လွတ်မြောက်သွား၏။ လှိုင်းနှင့်လေလည်း မပြင်းထန်တော့။ AUK ကိုယ်ထည် နေသားတကျ ပြန်ဖြစ်လာမှ မိုးကိုအောင် တစ်ယောက် မိန်းကလေးတွေရှိရာ ကဲ့ဗင်ခန်းကို အမြန်ပြေးရတော့သည်။

ကောင်းကင်တစ်ခွင် တိမ်သလ္လာတွေ ဖုံးလွှမ်းပြီး နေရောင်တွေ မှိန်ဖျော့နေ၏။ ဘာမြူဒါတြိဂံနယ်မြေနှင့် လွတ်ကင်းသော သမုဒ္ဒရာရေပြင်မှာ သာမန်အခြေအနေအတိုင်းပင် ဖြစ်နေတာကို အံ့သြစရာကောင်းလောက်အောင် တွေ့မြင်ရ၏။

မိုးကိုအောင် အခန်းထဲ ရောက်သွားသောအခါ မေကြီကလွဲလျှင် ကျန်သုံးယောက်လုံး ငိုယိုတောင်းပန်ကြတော့၏။ သဘောကို ပြန်လှည့်ပြီး ကိုယ့်နိုင်ငံကိုယ် ပြန်ကြဖို့ အမူတပြင်း တောင်းဆိုလာကြကုန်သည်။ ပျော်စရာ ဟန်းနီးမွန်းခရီးမှာ ဆန့်ကျင်ဘက်ရလဒ်တွေနှင့် ဝိုင်းလည်ခံနေရ၍ စိတ်မကောင်း

www.burmeseclassic.com



ခြင်းကြီးစွာ ဖြစ်ရတော့သည်။ မိုးကိုအောင်တို့ ကိုယ့်နိုင်ငံကိုယ် ပြန်ဖို့ ဆုံးဖြတ်လိုက်ကြောင်း [illegible] ပြောလိုက်မှ မိန်းမ ကလေးတွေ ပြန်လည်ဖြိုးရှိပ်လာနိုင်ကြ၏။

ဒီဗီနီတို့ ရောက်လာကြသောအခါ မိုးကိုအောင်က လှုံ့ကူခေါ်ပြီး သင်္ဘောအောက်ခြေ ကြည့်ရန် ကပ္ပတိန်ကို သွားပြော၏။ သင်္ဘော [illegible] ကြီးနှင့် [illegible] ရသော လူသေအလောင်း နှစ်လောင်းကိုသာ တွေ့လိုက်ရသည်။ ရေဒီယိုအော်ပရေတာ ကိုမှန်း၊ မျက်လုံးကြီးပြူးပြီး စက်ခုံပေါ် မှောက်လျက် သေနေ၏။ [illegible] [illegible] သုံး [illegible] [illegible] ကပ္ပတိန်ကို လိုက်ရှာကြသည်။ မတွေ့။ AUK ပေါ်မှာ အန္တရာယ်ကြီးစွာ ကျရောက်လာလေပြီ။ [illegible] မရှိသော AUK က [illegible] ပြင်ကို [illegible] ဒီဗီနီကို [illegible] မိုးကိုအောင်နှင့် ဒီနီတို့ မိန်းကလေးတွေထံ [illegible] သည်။



... [illegible] မိန်းကလေးတွေ တစ်ယောက်မှ မရှိတော့။ [illegible] ကြီးထွက်သွား၏။ [illegible] ပြေးထွက်သွားသောအခါ မိန်းကလေး လေးယောက်စလုံးကို ကပ္ပတိန်က ဂါရန့်ရိုင်ဖယ်ဖြင့် ချိန်ထားပြီး မတ်တတ်တန်းစီရပ်ခိုင်းထား၏။

မိုးကိုအောင်တို့ကို မြင်သောအခါ [illegible] လှည့်လိုက်ပြီး ...

"ငြိမ်ငြိမ်ကလေး တန်းစီရပ်နေပါ မိုးကိုအောင်၊ ဒီနီ ...

[illegible] ခေယန့် နောက်တစ်ယောက် ဒီဗီနီကို ဒီအပေါ် [illegible] ခေါ်လာခဲ့၊ [illegible] မကြိုးစား နဲ့ [illegible]"

"[illegible]"

[illegible] AUK ကို [illegible]

"[illegible] ခေါ်ဖြစ်အောင် ခေါ်"

www.burmeseclassic.com



ဇိနို ဆင်းချသွား၏။ မိုးကိုအောင်က ...

"ဒါက ဘာသဘောလဲ ကပ္ပတိန်"

"ခင်ဗျားတို့ရဲ့ ရန်သူ ဘယ်သူလဲဆိုတာ သိသွားအောင်လို့ပါ"

"ကပ္ပတိန်နဲ့ ကျွန်တော်တို့ ဘာပြဿနာရှိလို့လဲ၊ ဒီခရီးဟာ ကပ္ပတိန်ရဲ့ ဂုဏ်သိက္ခာနဲ့ အဆင့်အတန်းကို ယုံကြည်ကိုးစားလို့ လိုက်လာခဲ့တာပါ၊ ဒီလိုလုပ်တာ မကောင်းပါဘူး"

"ကျုပ် သိတယ်၊ ကျုပ် အားလုံးသိတယ်၊ မသိနားမလည်သေးတာ ခင်ဗျားတို့ပဲ၊ လူစုံမှ ရှင်းပြမယ်၊ တစ်ခါတည်းပြီးသွားတာပေါ့၊ အေးအေးဆေးဆေး ဝင်တန်းစီရပ်နေလိုက်ပါ မိုးကိုအောင်၊ ကျုပ် လူမသတ်ချင်ဘူး"

"သတ်ခဲ့ပြီးပြီပဲ၊ ဆက်ပြီး ဟန်ဆောင်မနေပါနဲ့တော့ဗျာ"

ကပ္ပတိန်က ဘာမျှ ပြန်မပြော။ ဂါရန့်ရိုင်ဖယ်ပြောင်းဝ လှုပ်ယမ်း၍ မိုးကိုအောင်ကို ဝင်တန်းစီခိုင်းနေ၏။ မိုးကိုအောင် ဝင်တန်းစီလိုက်စဉ် ကြောက်လန့်ငိုယိုနေသော စန္ဒရာတို့ကို ချော့မော့ရ၏။





ခဏအကြာမှာ ဒီဇိနိုနှင့် ခေယတို့ကို ဇိနို ခေါ်လာ၏။ လူရှစ်ယောက် တန်းစီရပ်လိုက်၏။ သေနတ်တစ်ချက်မှာ လူတစ်ယောက် အရင်းခံပြီး ကပ္ပတိန်ကို ဝင်လုံးသတ်ပုတ်နိုင်၏။ ယောက်ျားတွေအားလုံး သေရမှာ ကြောက်လန့်ရမှန်း မသိ။ ဒေါသတွေ တဖွားဖွားထွက်ပြီး ရင်ဘတ်တွေ မို့မောက်လှိုင်းကြွနေမိကြ၏။ ကပ္ပတိန်က ...

"ကဲ ... လူစုံပြီ၊ မကြာခင်မှာ ကျုပ်တို့အားလုံးရဲ့ ရန်သူတော်ကြီး ပေါ်လာလိမ့်မယ်၊ သူက ဒီနေ့ပဲ ကျုပ်တို့အားလုံးကို မဖြစ်,ဖြစ်အောင် သတ်ဖြတ်မယ်ပြောတယ်၊ ပြောတဲ့အတိုင်း လုပ်တယ်၊ ကျုပ်လူနှစ်ယောက် အသတ်ခံလိုက်ရတော့ ခင်ဗျားတို့ကို အန္တရာယ်ဆက်မပေးခင် ဒီကို စုခေါ်ထားလိုက်ရတာပဲ၊ ကျုပ်က ကောင်းကောင်းမွန်မွန် ရှင်းပြနေရင် ခင်ဗျားတို့ အတွန့်တက်ပြီး ကျုပ်ကို မယုံသင်္ကာဖြစ်လို့ ငြင်းဆန်နေကြတာနဲ့ အချိန်ပိုကြာသွားမှာစိုးလို့ အခုလို အတင်းအကျပ် စုခေါ်နေခိုင်းလိုက်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



[illegible] ခင်ဗျား

[illegible]

ဘိုးတယ်၊ ကယ်ချိန်မရလိုက်ဘူး၊ [illegible]

[illegible] မြန်လည်ခုခံ

[illegible] ကားကို

[illegible]



"သေချင်ယောင်ဆောင်ပြီး သင်္ဘောပေါ်မှာ ပုန်းလျှိုးကွယ်လျှိုးနဲ့ လိုက်ပါလာတယ်၊ ကျုပ်တို့အဖွဲ့ သင်္ဘောပေါ်မှာ ပိုက်စိပ်တိုက်ရှာတဲ့အခါတိုင်း ရေအောက်ထဲ ဆင်းငုပ်နေတယ်၊ နတ်ကျားနဲ့ အုန်းလုံးက တစ်ဖွဲ့တည်းသားတွေ၊ အုန်းလုံးကတော့ သူ့အကုသိုလ်နဲ့သူ သွားပြီ၊ နတ်ကျားက AUK ကို လိုချင်တယ်၊ သူနဲ့ကျုပ်က ဟိုးအရင်ကတည်းက တွဲလာတဲ့ လူဟောင်းတွေပေါ့၊ ကျုပ်က သူ့ကို မိတ်ဆွေသံယောဇဉ်နဲ့ တစ်နေ့မှာ AUK ကို ကိုနတ်ကျားအတွက် လွှဲပေးမယ်လို့ စေတနာထားပြီး ပြောခဲ့ဖူးတယ်၊ နောက်တော့ ကျုပ် စိတ်ကူးပြောင်းသွားတယ်၊ AUK ကို အစိုးရသုတေသနဌာနတစ်ခုဆီ လှူဒါန်းတော့မယ်လို့ ဆုံးဖြတ်လိုက်တယ်၊ ဒီအပေါ်မှာ နတ်ကျားက မကျေနပ်ဘူး၊ ကျုပ်မရှိရင် AUK ကို သူရမှာ ကျိမ်းသေတယ်၊ ကျုပ်ကို အမိကရှင်းချင်တယ်၊ သဘာဝတရားရဲ့ ဥပဒေနယ်မြေမှာ ရှင်းပစ်မှ ဘယ်သူမှ မသိမှာပေါ့၊ မျက်မြင်သက်သေဖြစ်နိုင်မဲ့ ခင်ဗျားတို့အဖွဲ့နဲ့ ကိုမှန်းတို့ကို သူ အရှင်မထား

www.burmeseclassic.com



ဘူး၊ AUK ကိုရဖို့ အားလုံးကို ဒီနေ့ ရှင်းပစ်မယ်ဆိုပြီး ကြိမ်းဝါးသွားတယ်၊ ဒီလူ တကယ်လုပ်တယ်ဆိုတာ သိလို့ ခင်ဗျားတို့ကို ဒီကို ခေါ်ထားရတာပဲ"

"အဲဒီ နတ်ကျားက ရှူးနေလို့ ဖြစ်မယ်၊ AUK ကိုရဖို့ လူတွေဒီလောက် သတ်တော့မှာလား"

"ဒီလူက လူပေလူကြမ်းဘဝက လာတာ၊ တစ်ယောက်စီ ရှင်းဖို့ ကြိုးစားပေမဲ့ မအောင်မြင်ခဲ့ဘူး၊ အခုတော့ အစုလိုက် အပြုံလိုက် ရှင်းတော့မယ်"

"ကပ္ပတိန်ပြောနေတာ အမှန်တွေချည့်ပဲလား"

ခေယက တောက်ဆွမေး၏။ အားလုံးက ကပ္ပတိန်ကို စူးစိုက်ကြည့်ပြီး လေ့လာအကဲခတ်နေ၏။ ကပ္ပတိန်က လှေကားအပေါက်ကို သိန်းစွန်ရဲလို စိုက်ကြည့်နေခြင်းသာ တုံ့ပြန်၏။

လှေကားအတိုင်း အပေါ်ကို တက်လာသော ကိုနတ်ကျား၊ အနက်ရောင်ဝတ်စုံကို ဝတ်ထား၏။ ရက်စက်ကြောက်ကျစ်သော မြေခွေးမျက်လုံးများနှင့် သူတို့အားလုံးကို တစ်ယောက်စီ





ခွဲခြားလိုက်ကြည့်၏။ ပြီးလျှင် လက်နောက်ဖွက်၍ ကပ်ယူလာသော မှိန်းသေနတ်ဖြင့် နှစ်ဖက်ခွဲ ချိန်လိုက်၏။

လူရှစ်ယောက်ဘက်ကို တစ်လက်။

ကပ္ပတိန်ကိုသက္ကဘက်ကို တစ်လက်။

"ဒီနေ့ဟာ မင်းတို့အားလုံး သေနေ့ပဲ၊ ဒီလိုမဖြစ်စေချင်ရင် မင်းတို့ရဲ့ ကပ္ပတိန်ကို AUK ပြန်လွှဲပေးဖို့ မင်းတို့ရှေ့မှာ ကတိစာချုပ်လုပ်ပြီး လက်မှတ်ထိုးပေးပါ၊ AUK ရဲ့ ပိုင်ရှင်အသစ်ဟာ ငါပဲဖြစ်ရမယ်၊ AUK ကိုရရင် မင်းတို့ကို ငါဘာမှ အန္တရာယ်မပေးတော့ဘူး"

"လက်မှတ်ထိုးပြီးလည်း မင်း ငါတို့ကို သတ်မှာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီလို ကတိစာချုပ်တွေကို မင်းကလိုရမယ်ရပဲ သုံးတာ၊ ယုံယုံကြည်ကြည် သုံးတာမှ မဟုတ်တာ၊ ဒီအခေါက်ပြန်ရင် AUK ကို ငါ လျှိုတော့မယ်ဆိုတာ မင်းသိထားပြီးပြီ၊ AUK ကို ပိုင်ပိုင်နိုင်နိုင် ရယူမဲ့ အခွင့်အရေးကို မင်း အလွတ်ပေးမှာ မဟုတ်ဘူး"

"မင်းလက်က သေနတ်ကို အောက်ချလိုက်စမ်း သက္က"



www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့ ငါနဲ့ တစ် နှစ် သုံး ရှိပြီး သူသေကိုယ်သေ ပစ်မယ်၊ သဘာဝတရားရဲ့ ဥပဒေသအရ လျင်သူစားစတမ်းပေါ့"

"မင်းက ငါ့ကို စိန်ခေါ်တာလား သက္က"

"မင်း ငါ့ကို သတ်နိုင်ရင် သူတို့ကို ပိုပြီးလွယ်လွယ်သတ်လို့ရပြီ နတ်ကျား"

"ကောင်းတယ် ... ကဲ ... ဒီမှိန်းသေနတ် တစ်လက်ကို မင်းကယူ၊ မင်းသေနတ်စုတ်ကြီးကို လွှင့်ပစ်လိုက်"

ကိုသက္ကက သေနတ်ကို မိုးကိုအောင် အနီးတွင် အသာချထားပြီး ကိုနတ်ကျားထံမှ မှိန်းသေနတ်ကို သွားယူ၏။ မှိန်းသေနတ်ခလုတ် နှိပ်လိုက်၍ မှိန်းတံက ကိုသက္ကရဲ့ ဝမ်းဗိုက်ကို ထုတ်ချင်းဖောက်သွား၏။

ကိုနတ်ကျား ယုတ်မာတော့မည်ကို သိနေ၍ မိုးကိုအောင်က သေနတ်ကို ခြေထောက်နှင့် ကော်မြှောက်တင်ပြီး လက်နှင့်ဖမ်းကာ ကိုနတ်ကျားရဲ့ ရင်အုံတည့်တည့်ကို ပစ်ချလိုက်၏။



ကျယ်လောင်သောအသံ သေနတ်သံနှင့်အတူ ကိုနတ်ကျား လဲကျသွားပြီး သွေးတွေအိုင်ထွန်းသွား၏။ မြစ်မှ အမြောက်ဆွဲပြီး ငြိမ်သက်သွား၏။

အားလုံးပြေးသွားပြီး ကိုသက္ကကို ပွေ့ဖက်လိုက်သည်။ အမြီးတွေကြားက မှိန်းတံဖောက်သွားတာနဲ့တူ၏။ သွေးတွေပွက် ခနဲထွက်၍ စီးထွက်နေ၏။ ကိုသက္ကအသက်မှာ အားလုံး အမြင်မှာ မကြာတော့ကို တစ်ယောက်တစ်ချက်ပေါက် ပြောဆိုရှာ လှိုက်ကြ၏။ ကိုသက္ကက ကျုပ်တို့ ဘုံဘိုင်အသင်းကို ပို့ပါ။ ခင်ဗျားတို့ အပြန်ခရီးအတွက် ကျုပ်ထိုယ်တိုင် ဖွဲ့စည်းမှု ညွှန်ကြားမှု ဖြစ်ဆိုမယ်၊ ပြင်ဆင်ချက်တွေ အဲဒါကိုက သွေးထွက်လွန်နေပြီမို့မယ်၊ မှိန်းတံကို ဆွဲနုတ်လိုက်ရင် ခြစ်များ ခံနိုင်တော့မှာ မဟုတ်၊ ဘယ်သူမှ မလုပ်နိုင်

ကိုသက္ကက နာကျင်မှုဝေဒနာကို အံကြိတ်ခံရင်း ခေါင်းခါပြနေ၏။ ခေယက ...

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



"မနက်နဲ့၊ သူ တစ်ခါတည်း အသက်ထွက်သွားလိမ့်မယ်"

"ကျုပ် ... ကျုပ် ... ကျုပ်တို့ တိုင်းပြည်ရောက်အောင် ခင်ဗျားတို့ကို ပို့နိုင်တဲ့အထိ အသက် ... အသက် ရှင်နေမှ ဖြစ်မယ်"

ကိုသက္ကကို စက်ခန်းထဲ ပိုင်းမ,သယ်ပိုးလာ၏။ မိန်းကလေးတွေက ဆေးသေတ္တာ ပြေးယူပြီး သွေးတိတ်အောင် တတ်သလောက် မှတ်သလောက် ပြုစုကြ၏။ နာကျင်မှုမှ သက်သာစေသော ဆေးကို ကိုသက္ကက သူ့ဘာသာသူ ထိုးသွင်း၏။

ကိုသက္ကကိုကြည့်ပြီး အားလုံး စိတ်မကောင်းခြင်း ကြီးစွာ ဖြစ်ရ၏။ ထိုင်ခုံနှင့် ထိုင်၍မရ။ မှီမရ။ မတ်မတ်ထိုင်နေရ၏။ ကြမ်းပြင်ပေါ်မှာ အသာလှဲလိုက်၍ မိန်းတံထိမိခိုက်မိလျှင် အသည်းခိုက်အောင် နာလွန်း၍ ဆတ်ဆတ်တုန်နေရှာ၏။

ကိုသက္ကက သူ့ကိုယ်သူ သက်သာအောင်နေပြီး အားလုံးကို တာဝန်ခွဲဝေချပေး၏။

တက်မကိုင် ဒီဇီနီ ...





ဇီနီနှင့် မေတြီက ရေဒီယို၊ ရေဒါနှင့် အီလက်ထရွန်းနစ်ဆိုင်ရာ ထောက်ကူကိရိယာတွေ ကိုင်တွယ်ကြရ၏။ ကပ္ပတိန်က ပေးပို့သောကြေးနန်း၊ တစ်ဖက်သင်္ဘောနှင့် ဆိပ်ကမ်းတွေမှ ဝင်လာသော ကြေးနန်းကို ကပ္ပတိန်ထံ ပို့ပေးရ၏။

ခေယက စက်ခန်းတာဝန်။ နီဇာနှင့် မိတီက စားဖို ဆောင်တာဝန်။ မိုးကိုအောင်က အဝေးကြည့်မှန်ပြောင်းစင်တာဝန်။

အလောင်းတွေကို ပင်လယ်ထဲ ပစ်ချပြီး သန့်စင်လိုက်ကြ၏။ AUK က အပြည်ပြည်ဆိုင်ရာ ရေပိုင်နက်ထဲမှာ အရှိန်အဟုန်ကောင်းကောင်းနှင့် လှိုင်းတွေထောင်းထောင်းထအောင် ပြေးလွှားနေဆဲ။

"တက်မထိန်း၊ တောင်ပိုင်းသမုဒ္ဒရာထဲဝင်မယ်၊ ဝဲဆယ့်ငါး"

"ဝဲဆယ့်ငါး လှည့်ပြီး ကပ္ပတိန်"

ကပ္ပတိန်က နှုတ်ခမ်းတွေ သွေးဆုတ်ဖြူရော်သွားပြီး နောက်ဆုံးထွက်သက် ရောက်ခါနီးအထိ သူတို့ကို လမ်းပြပေးသွား၏။



www.burmeseclassic.com

www.burmeseclassic.com

အိန္ဒိယသမုဒ္ဒရာထဲ စင်ပြိုင်ရောက်ချိန်မှာ ကပ္ပတိန် ချိုအွန်ဖျော်ရည်ကြော်ပြီး မိုးနေ့ရောက်ချိန်မှာ ဆယ်ရက်ခန့် အသက်ရှင်ရအောင် စိတ်ဓာတ်ခွန်အားမှုမှာ သတ္တိခံနေထိုင်ခဲ့သော ကပ္ပတိန်ကို သူတို့အားလုံး အရှေ့ဘက်ကြည့် ဂုဏ်ပြုကြ၏။ မိန်းကလေးတွေက မျက်ရည်စက်လက်ဖြင့် ရှိုက်ကာ နှုတ်ဆက်ကြ၏။

ကပ္ပတိန်ရဲ့ အလောင်းကို ကောင်းမွန်စွာ ထုပ်ပိုးပြီး အိန္ဒိယသမုဒ္ဒရာထဲကို မြှုပ်နှံသင်္ဂြိုဟ်လိုက်ကြ၏။

"ကပ္ပတိန် ကောင်းရာသုဂတိဘုံဘဝသို့ လားနိုင်ပါစေ"

AUK က အိန္ဒိယသမုဒ္ဒရာရေပြင်မှာ ဆက်လက် ပြေးလွှားနေ၏။ AUK ကို သူတို့ ကောင်းစွာထိန်းသိမ်း မောင်းနှင်နိုင်နေလေပြီ။ ကပ္ပတိန်ကိုသက္ကရဲ့ ဆန္ဒကို ဖြည့်ဆည်းပေးဖို့ အားလုံး ရည်ရွယ်ကြ၏။

မြန်မာ့ရေပိုင်နက်ကို ပြန်ရောက်သည်အထိ လမ်းကြောင်းတစ်လျှောက်မှာတိုင်း ကပ္ပတိန်ကိုသက္ကရဲ့ စီညာဉ်ကို သဘောဦးပိုင်းမှာ ရပ်တန့်လမ်းညွှန်ဖြစ်နေတာ မကြာခဏ တွေ့ရကြောင်း ဒီဗီနီက ပြောလာသည်။

အားလုံး ယုံပါသည်။ AUK နှင့် ကိုသက္ကသည် ဘယ်လိုမှ ခွဲခြား၍ ရနိုင်လိမ့်မည် မဟုတ်။

ရွှေတိဂုံစေတီတော်မြတ်ကြီးကို အဝေးမှ ပြန်လည် ဦးခိုက် ဖူးမြော်လိုက်ရမှ အပူအပင်၊ သောကာ၊ မောဟာ၊ ထိတ်လန့်သွေးပျက် ချောက်ချားရခြင်းတွေ ပိန်းကြာဖက်ပေါ် ရေမတင် သကဲ့သို့ ကင်းစင်ချမ်းမြ ငြိမ်းအေးသွားကြရ၏။

မိုးကိုအောင်နှင့် နီစာတို့ ပြုံးနေကြ၏။

ဒီဗီနီနှင့် ဇန္နရာတို့ ရွှေလက်တွဲပြီး ရယ်သံလိုင်ဆေ သွားကြ၏။ ဗိုနီနှင့် မေကြီးတို့မှာ ထွန်းတိုးရိုက်ပုတ် ပွဲနေ့အောက်ခြေနေကြလျက်သား။

ခေယနှင့် မိတီက သဘော်ဦးမှာ ရပ်ပြီး ရန်ကုန်မြစ်ပြင်ကြီးထဲသို့ အရှိန်သင့်ရုံနှင့် ပြေးနေသော AUK ရဲ့ ရေလှိုင်းခွဲပုံကို ငုံ့ကြည့်ဝေဖန်နေကြ၏။

ရေကြောင်းလမ်းပြ ရောက်လာပြီး မောင်းနှင်ပေးနေ၏။ နိုင်ငံတော်အလံကို တလူလူ လွှင့်ထူထား၏။

www.burmeseclassic.com



အသက်လမ်းမှ ဖြတ်သန်းပြေးလွှားလာသော AUK ရဲ့ ပင်လယ်ခရီးစဉ် အကြောင်းကို သူတို့အားလုံးရဲ့ မိတ်ဆွေ အပေါင်း အုံ့ဩနဘန်း ဖြစ်သွားသည်အထိ သူတို့ ဝိုင်းဝန်းပြော ပြကြဖို့ အိမ်အမြန်ပြန်ရောက်ချင်နေကြ၏။

သူတို့အားလုံးရဲ့ ဘဝမှာ AUK နှင့် ကပ္ပတိန် ကိုသဏ္ဍမှာ ဘယ်တော့မှ မေ့နိုင်စရာ မရှိသော အကြောင်းအရာ တွေ ဖြစ်၍သွားခဲ့လေပြီ။

AUK ကတော့ ဘာမှုမသိ။

သူ့သက်တမ်းရှိသမျှ ပင်လယ်လမ်းမှာ ဆက်လက် ဖြတ်သန်းပြေးလွှားပြီး တွေ့ကြုံလာသမျှတွေကို ရင်ဆိုင်တော်လှန် ရှင်သန်နေဖြစ်ဦးမည်သာ ဖြစ်လေတော့သည်။

လရောင်ချို



BURMESE CLASSIC

www.burmeseclassic.com